PDF by www.mmnetlibrary.com

မောင်ဆု

# အသည်းညွန့်မှာ ကွန့်မြူးသည့် လိပ်ပြာ

နှင့်

ဝတ္ထုတို (၃) ပုဒ်

PDF by www.mmnetlibrary.com

စာအုပ်အမှတ် - ၉၆

# အသည်းညွန့်မှာ ကွန့်မြူးသည့်လိပ်ပြာ
# နှင့်
# ဝတ္ထုတို (၃) ပုဒ်

**မောင်သာရ**

---

စာရေးဆရာမောင်သာရ၏ လက်ရေးမူအတိုင်း
စာလုံးပေါင်းသတ်ပုံများကို ဖော်ပြထားပါသည်။

---

PDF by www.mmnetlibrary.com

## ပုံနှိပ်မှတ်တမ်း


ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊ မတ်လ
အုပ်ရေ - ၅၀၀
ထုတ်ဝေသူ - လင်းလွန်းခင်စာပေတိုက် (ယာယီ-၁၇၅၇)
အမှတ် (၄၉)၊ ပထမထပ်(ဝဲ)၊
လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်။
ပုံနှိပ်သူ - Color Zone Press
အမှတ်(၁၈၄-ဘီ)၊ ၃၁ လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း - ဗဂျီလင်းဝဏ္ဏ
မျက်နှာဖုံးဖလင် - Eagle
အတွင်းဖလင် - ပုံရိပ်ရှင်
တန်ဖိုး - ၁၅၀၀ ကျပ်

၈၉၅.၈၃
မောင်သာရ
အသည်းညွန့်မှာ ကွန့်မြူးသည့်လိပ်ပြာနှင့် ဝတ္ထုတို (၃)ပုဒ်၊
မောင်သာရ။ - ရန်ကုန်။
လင်းလွန်းခင်စာပေတိုက်၊ ၂၀၁၃။
စာ-၁၂၈၊ ၁၂.၅ × ၁၈.၅ စင်တီ
(၁) အသည်းညွန့်မှာ ကွန့်မြူးသည့်လိပ်ပြာနှင့် ဝတ္ထုတို (၃)ပုဒ်


## မာတိကာ


- အမှာစာ ၇
၁။ အသည်းညွန့်မှာ ကွန့်မြူးသည့် လိပ်ပြာ… ၉
၂။ ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုး ၈၃
၃။ သမီးကလေးတစ်ယောက်နဲ့ အမေ ၁၀၃
၄။ bob & barbara ၁၁၄

PDF by www.mmnetlibrary.com

‘ နှစ်ဦးသဘောတူ ကတိစာချုပ် ’

မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ ရေကျော်၊ လိပ်ကန်လမ်း၊ အမှတ် ၄၉ (ပထမထပ်၊ ဝဲ)၊ ပုစွန်တောင်မြို့နယ်နေ...
ဦးသိန်းလွင် (လင်းလွန်းခင်စာပေ) နဲ့

1600 S. Valley View Blvd. 1039, Las Vegas, NV. 89102. U.S.A.နေ
ဦးသိန်းလွင် (မောင်သာရ) တို့က

ဦးဝင်းမြင့် (ရွှေအမြုတေ မဂ္ဂဇင်း)ရဲ့ အကူအညီနဲ့
နှစ်ဦးနှစ်ဖက် အကျိုးသယ်ဆောင်ရွက်ကြပြီး အောက်ပါ
အတိုင်း သဘောတူ ချုပ်ဆို လက်မှတ်ရေးထိုးလိုက်ကြပါတယ်။

စာအုပ်အမည်... ‘အသည်းနှလုံးမှာ ကျွန်ပြုတဲ့လိပ်ပြာ’ နဲ့ ဝတ္ထုတို ၁၊ ၄၅
ရေးသူအမည်... မောင်သာရ
ပုံနှိပ်မယ့်အုပ်ရေ... တစ်ထောင် တိတိ
ပုံနှိပ်မယ့်အကြိမ်... ပထမအကြိမ် ပုံနှိပ်ခြင်း
ပုံနှိပ်ထုတ်ဝေမယ့်ကာလ... ၂၀၁၃ ခုနှစ်၊ ဧပြီလ
သဘောတူတဲ့စာမူခ... ပထမအကြိမ်ပုံနှိပ်ခြင်းအတွက် အမေရိကန်ဒေါ်လာ တစ်ထောင်တိတိ (၁၊၀၀၀)
စာမူခ ပေးကပ်ရမယ့်ကာလ... ထုတ်ဝေသူ ပေးကပ်ပို့ စာမူခအားလုံး ကပ်သည့်အချိန်
စာအုပ်အမည်နဲ့ အဖုံးပုံ... ညှိနှိုင်းဆောင်ရွက်မည်
စာအုပ်ထွက်လာတော့... စာအုပ်ထုတ်ဝေသူ စာရေးသူထံ အုပ် ၃၀ လက်ဆောင်ပေးပို့ရန်

(လက်မှတ်)
သိန်းလွင် (မောင်သာရ)

(လက်မှတ်) ၂၂.၁.၂၀၁၃
သိန်းလွင် (လင်းလွန်းခင်စာပေ)

# အမှာစာ

ကျုပ်က ၁၉၅၅ ခုနှစ်က စာစရေးခဲ့တာဆိုတော့ ခုဆိုရင် ကျုပ်ရဲ့ကလောင်သက် အနှစ် ၅၀ ကျော်လာခဲ့ပါပြီ။ ဒါပေမယ့် အခု သည်စာအုပ်ထဲမှာပါတဲ့ ဝတ္ထုမျိုး ကျုပ်တခါမှ မရေးခဲ့ဖူးပါဘူး။ ဗမာ ဝတ္ထုစာပေသမိုင်းမှာလဲ… ဦးပုည အစ၊ သိန်းဖေမြင့် အလယ်၊ သည် ကနေ့ ကလောင်ငယ်တွေအဆုံး… ဘယ်ခေတ်ကာလက ဘယ်ဝတ္ထု ရေးဆရာမှ ရေးခဲ့ကြတာ မတွေ့မိဖူးပါဘူး။ ဆိုလိုတာက… ဗမာ့ ရေမြေ လောကသဘာဝကိုလဲ နောက်ခံမပြု၊ ဗမာ့ဇာတ်ရုပ်ဇာတ်ဆောင် တွေရဲ့ ပြောဆိုလှုပ်ရှားမှု လူ့သဘာဝတွေလဲ မပါဝင်၊ ဗမာ့လူနေမှု ဓလေ့စရိုက်တွေနဲ့လဲ လုံးဝဆန့်ကျင်ခြားနားတဲ့… အရေးအဖွဲ့မျိုးကို ပြောတာပါ။ စံချင်းယှဉ်ပြီး ကောင်းတာ မကောင်းတာ၊ ရသမြောက်တာ မမြောက်တာ၊ စာပေတန်ဖိုးရှိတာ မရှိတာကို… ပြောလိုရင်း မဟုတ်ပါဘူး။ ကွဲပြားခြားနားခြင်းကိုသာ ဆိုလိုရင်းဖြစ်ပါတယ်။

ပထမဝတ္ထု။ “ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုး”… ဆိုပါတော့။ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံတစ်နိုင်ငံမှာ ယောဘုယျ တွေ့နေရတတ်တဲ့ jobless တယောက်နဲ့ homeless တယောက်ကို ဗမာ စာဖတ်ပရိသတ်နဲ့ မိတ်ဆက်ပေးလိုက်ရုံသက်သက်ပါ။ သရုပ်မှန်

PDF by www.mmnetlibrary.com



realism ပါပဲ။ နောက်··· America ရဲ့ မြို့ပြလူ့အဖွဲ့အစည်းထဲက လက်လုပ်လက်စား ဆင်းရဲသားလူမဲသားအမိနဲ့ နိုင်ငံအစိုးရရဲ့ social welfare စနစ်ကို ပြက်ပြက်ထင်ထင် မြင်စေချင်တဲ့စေတနာနဲ့ ရေးဖွဲ့တင်ပြလိုက်တာကတော့··· "အမေနဲ့ သမီးကလေးတယောက်" ဝတ္ထုပါ။ တာဝန်သိတတ်မှုနဲ့ တာဝန်မသိတတ်မှု··· ကျုပ်တို့နိုင်ငံရဲ့ အစိုးရနဲ့ ပြည်သူလူထုကြားက ဆက်ဆံရေးဘဝနဲ့ နှိုင်းယှဉ်ကြည့်လိုက ကြည့်နိုင်ပါတယ်။ အဲ··· နောက်ဆုံး 'bob and barbara' ထဲကလို··· ဝက်ကို အလှမွေး လေ့ကျင့်ပြီး ပြိုင်ပွဲဝင်၊ တဖက်တလမ်းက အပိုဝင်ငွေရှာတာမျိုးကတော့ ကျုပ်တို့တိုင်းပြည်မှာ မရှိပါဘူး။

သည်ဝတ္ထုတိုတွေအကြောင်း ပြောပြတာကတော့··· 'ရွှေအမြုတေ' မဂ္ဂဇင်းထဲမှာ ဖော်ပြပြီး ဖြစ်တဲ့အတွက် ရေးသူနဲ့ဖတ်သူ အမြင်ချင်း ညှိကြည့်တဲ့ သဘောပါ။ နောက်ဆုံး သည်စာအုပ်မှာပါတဲ့ ဝတ္ထုသစ်အရှည်··· 'အသည်းညွန့်မှာ ကွန့်မြူးသည့်လိပ်ပြာ···' နဲ့ ပတ်သက်လို့ကတော့ စကားဦးမသန်းလိုတော့ပါဘူး။ ကျုပ်တို့မြို့က တကယ့်အဖြစ်အပျက် အချစ်ဇာတ်လမ်း ဖြစ်ပါတယ်။ ရုပ်ရှင်လဲ ရိုက်နေပါတယ်။ နောင်အခါ ရောက်လာကောင်း ရောက်လာပါလိမ့်မယ်။

ကျုပ် တခုတော့ စာဖတ်ပရိသတ်ကို ကြိုတင်တောင်းပန်ချင်ပါတယ်။ သည်ဝတ္ထုထဲမှာ ဘာသာမပြန်ချင်လို့ (lost in translation ဖြစ်မှာစိုးလို့) ဗမာလို မရေးပဲ ထည့်သုံးလိုက်မိတဲ့ အင်္ဂလိပ်စာလုံးတွေအတွက် စိတ်အနှောက်အယှက် ဖြစ်ရတယ်ဆိုရင် ခွင့်လွှတ်ဖို့ မေတ္တာရပ်ခံပါတယ်။


ကျေးဇူးတင်ပါတယ်။

မောင်သာရ

✣ ✣ ✣



# အသည်းညွန့်မှာ ကွန့်မြူးသည့် လိပ်ပြာ···



**ဝတ္ထုထဲမှာ accident ဖြစ်တဲ့ Mclaren Mp4-12C ကားအမျိုးအစားရဲ့ပုံ။**

သံသယ မရှိပါနဲ့ ။ gary သေသေချာချာ ပီပီပြင်ပြင် မြင်လိုက်ပါတယ်။ သွေးရူးသွေးတန်းနဲ့ ဂယောင်ချောက်ခြား ပြောနေတာ မဟုတ်ရပါဘူး။ တိမ်ပုံတွေလား၊ မြူမှုန်တွေလားတော့ မသိ။ တအားပြင်းပြင်း ထန်ထန် လွင့်နေတဲ့ တိမ်လွှာတွေကို ရင်ဆိုင်တိုးဝှေ့ရင်း···

PDF by www.mmnetlibrary.com



carolyn တယောက် သူ့ရှိရာတူရူကို လက်နှစ်ဖက် ဆန့်တန်း လှမ်းလင့်ကြိုဆို နေတာ မျက်ဝါးထင်ထင် မြင်လိုက်ရပါတယ်။

အမှန် သံသယ ရှိဖို့ကောင်းတာက gary ကိုယ်တိုင်။ gary ကိုယ်တိုင်က ဘယ်မှာလဲ။

နောက်တချီ သတိပြန်လည်လာတော့၊ gary ရဲ့ နားထဲမှာ carolyn ရဲ့ ပျော့ပျောင်းသော်လဲ မန္တလျှလှတဲ့ 'ဟော့ကောင်' ခေါ်လိုက်သံကလေးကို သဲ့သဲ့ဝိုးတဝါး ကြားလာရပြန်တယ်။ မငြင်းချင်ပါနဲ့။ carolyn ရဲ့ အသံမှ carolyn ရဲ့ အသံပါ။ carolyn ရဲ့ အသံကို ဘယ်မမှတ်မိပဲ နေပါ့မလဲ။

carolyn ဆိုတာ ကျွန်တော် gary ရဲ့ အချစ်ဆုံး၊ အကြင်နာဆုံး၊ အလိုလိုက် အကြိုက်ဆောင်ရဆုံး လက်ထပ်ပေါင်းသင်းနေတဲ့ မယားပါ။ gary ဝမ်းသာအားရ တွေ့ချင် မြင်ချင်ဇောနဲ့ မျက်ခွံတွေကို အားစိုက်ပြီး အစွမ်းကုန် တွန်းဖွင့်ကြည့်လိုက်တယ်။ အရင်တခါကလို ပျောက်သွားအုံးမှာ ကြောက်ပြီးတော့လဲ... carolyn... carol.. လို့ အသံကုန် ဟစ်ခေါ်လိုက်မိရဲ့။

"patient သတိရလာပြီ charge..."

တယောက်ကနေ တယောက်ကို သတင်းပို့တယ်။ တယောက်ကလဲ ပြန်ပြောတယ်။

"carolyn ဆိုတာ ဘသူလဲ... ရှိတယ်နော်... တခြားတခန်းထဲမှာ carolyn ဆိုတာ ရှိတယ်..."

gary ကောင်းကောင်း သတိရစပြုလာပါပြီ။ ပုံကြည့်ရတာတော့ သူရောက်နေတာ ဆေးရုံထင်ရရဲ့။ စကားပြောတဲ့ မိန်းမနှစ်ယောက်ကလဲ nurse တွေ ဖြစ်နိုင်တယ်။ ဟုတ်ပါတယ်။ သူ အိပ်ရာထဲက ထလို့ မရဘူး။ သူ့တကိုယ်လုံးမှာလဲ ပတ်တီးတွေ၊ plaster တွေ၊





ကြိုးတွေနဲ့ချည်းပါလား။ စက်သီးတွေနဲ့လဲ သိုင်းဆိုင်းထားသေးတယ်။ ကုတင်ရဲ့ ဘေးနှစ်ဖက်မှာလဲ အရုံအတားတွေ၊ အကာဘောင်တွေ ထောင်လို့။ သူ့လက်တွေရော၊ ခြေထောက်နှစ်ဖက်စလုံးရော၊ ခေါင်းရော.. ဘာတစ်ခုမှ မလှုပ်နိုင်ဘူး။ လှုပ်ကြည့်တယ်။ မရဘူး။ တအားနာတယ်။ တကိုယ်လုံးလဲ နာနေတာပါပဲ။ အသက်ပြင်းပြင်း ရှူလိုက်ရင်ကို တအားအောင့်တယ်။

"ခွင့်ပြုပါ nurse.. ကျွန်တော့်မိန်းမ carolyn ရဲ့ အခြေအနေကို သိပါရစေ.. ကျေးဇူး..."

မျက်စိပိတ်ရုံဖွင့်ရုံကလွဲပြီး တခြား ကိုယ်ခန္ဓာရဲ့ ဘယ်အစိပ်အပိုင်းမှ မလှုပ်နိုင်သေးတဲ့လူနာက ကိုယ့်အခြေအနေတော့ ကိုယ်မမေးပဲ၊ သတိကလေး ရလာတာနဲ့ တပြိုင်နက် မိန်းမရဲ့ အခြေအနေကို သိချင်နေတယ်။ နော့.. gary ရဲ့ ခေါင်းထဲမှာ အသိချင်ဆုံးကလဲ ဒါ အဓိကပဲကို...။ ဒါပေမယ့် ဘာတုံ့ပြန်မှုမှ မရှိဘူး။ gary ကသာ မေးနေတာလေ။ သူ့ပါးစပ်က ဘာအသံတသံမှ ထွက်မလာတာပဲ။

ဟုတ်ပါပြီ။ ဟုတ်ပါပြီ။ သူလဲ ဆေးရုံပေါ် ဒဏ်ရာတွေနဲ့ ရောက်နေရပုံထောက်တော့.. သူ car accident ဖြစ်ခဲ့တာပဲ။ မှတ်မိတယ်။ မှတ်မိတယ်။

မနက်အစောတုန်းက အိပ်ရာထ၊ ရေပန်းအောက်ဝင် ရေချိုးနေတုန်း... သူ့ပါ ရောဝင်လာပြီး မြူဆွယ်ဆွယ် တွယ်ဖက်ပြောလိုက်တာ မှတ်မိတယ်။ 'driving test လုပ်ရင်း long beach သွားရေကူးရအောင်နော်'... တဲ့။ ပြောတဲ့အသံကတော့ ချိုနွဲ့နွဲ့။ ဒါပေမယ့် အဲဒါ သဘောတူညီချက် ယူတာ၊ လင်ကို ညှိတာလို့ မထင်နဲ့။ အသိပေးတာ.. လိုက်ခဲ့ရမယ်လို့သာ ဆိုလိုတာ...။ တားလို့လဲ ရမှာ မဟုတ်ဘူး။ မသွားပဲလဲ နေမှာမဟုတ်ဘူး။ မလိုက်ပဲလဲ နေရစ်လို့ ရမှာ

PDF by www.mmnetlibrary.com



မဟုတ်ဘူး။ သူ့အကြောင်း gary သိတယ်။ သည်တပတ် ၃ ရက်ဆက် အလုပ်အားလို့ လမ်းရှာတာသက်သက်။

သူ ရောဂါထ မှာထားခဲ့တဲ့ mclaren mp4-12c model သစ်ကလေး… ပြီးခဲ့တဲ့ week ထဲကမှ ရောက်လာသလေ‥။ carolyn က ပြိုင်ကား model ဆို တအား crazy ဖြစ်တဲ့ မိန်းမ။ အခုကောင်က မနှစ်ကမှ ဝယ်ထားတဲ့ shelby gt 500 ထက် မြင်းကောင်ရေ ပိုတယ်လို့ ဆိုတယ်။ 592 hp. တဲ့။ engine ကလဲ ကားကလေးကသာ အလှစီး show drive… ငယ်တာ။ power က v8…twin turbo… ။

သူ့ catalogue ရဲ့ အဆိုအရကတော့ စက်နှိုးလိုက်၊ gear D ထည့်လိုက်တာနဲ့ 3.2 second ဆိုရင်ပဲ… mile a minute. တနာရီ မိုင် ၆ဝနှုန်း စပြေးနေပြီ တဲ့။ အဲ…speedometer ဒိုင်ခွက်မှာလဲ 220 အထိသာ ဂဏန်းရေးထားပေမယ့်… မောင်းရဲရင် 205 mph အထိ မောင်းခွင့်ပြုတယ်။ အာမခံတယ်တဲ့။ အဲဒါတွေကိုကြည့် အူယားပြီး carolyn စမ်းမောင်းချင်လှပြီ နေမှာပေါ့။

long beach ဆိုတာ california ဘက်က pacific coast ပါ။ သူတို့နေတဲ့ las vegas မြို့နဲ့က မိုင် ၅ဝဝ နီးပါးဝေးတယ်။ သာမန် သွားနေကျ ကိုယ်ပိုင်ကားတွေဆိုရင် အကြမ်းမျဉ်း ၄ နာရီခွဲဝန်းကျင် မောင်းကြရတယ်။

အသွားအပြန် နေ့ချင်းပြန်ဆိုရင် ဘယ်မှာရေကူးချိန်၊ နေစာလှုံချိန်၊ surf ဆော့ချိန်ရတော့မှာလဲ။ လမ်းပေါ်မှာတွင် အချိန်ကုန် ပြီပေါ့။ ဒါမှမဟုတ်… ညနေစာကို အပြင်မှာပဲ စားကြမယ့်အတူတူ… အေးအေးဆေးဆေး အဲသည်မှာပဲ တညနား၊ hotel အခန်းယူ အိပ် လိုက်ပေါ့။ နောက်နေ့မှ ပြန်လာ ပြီးတာပဲ။ carolyn က လက်မခံဘူး။ သူ့ one way တဖက်ကို ၃ နာရီ၊ အသွားအပြန်ကို ၆ နာရီတည်းနဲ့





အရောက် မောင်းမယ်တဲ့။ carolyn ကားမောင်း ကျွမ်းမှန်း gary သိပါတယ်။

las vegas က နှစ်စဉ်ကျင်းပတဲ့ off road လမ်းမရှိ လမ်းကြမ်း truck ကားမောင်းပြိုင်ပွဲတွေမှာလဲ carolyn က နာမည်ကြီးပါ။ အသက် ၂ဝ၊ college girl ဘဝကတည်းက ပထမဆုတွေ၊ ဂုဏ်ထူးဆောင်ဆုတွေ ရခဲ့ဖူးတာပဲ။ အိမ်ဧည့်ခန်းထဲမှာ အပြည့်။ သည်လို လက်ထဲမှာ စေးစေးပိုင်ပိုင်ရှိတဲ့ ကားကလေးမျိုးနဲ့ကတော့ carolyn တို့အဖို့ ez ပေါ့။

ဒါပေမယ့် mclaren တံဆိပ်နဲ့ ခြေနင်းစက္ကူ pad တွေလဲ မဖယ်ရသေး။ ထိုင်ခုံစွပ် ပလပ်စတစ်အိတ်တွေလဲ မချွတ်ရသေးတဲ့… အသစ်ကျပ်ချွတ် ကားကလေးကို ဖုံတင်ခံပြီး ခရီးဝေး မောင်းရမှာ ဆိုတော့… gary က ကားကလေးကို နှမြောတာပေါ့နော်။

ပြီးတော့ သည် mp4-12c ဆိုတဲ့ကောင်က နောက်နှစ်အတွက် အခုမှ ကြိုထွက်တဲ့ model အသစ်။ ဒါမျိုး လမ်းတွေပေါ်မှာ ဘယ်နောက်တစင်း တွေ့ရလိမ့်အုံးမလဲ။ သူတို့လို ငွေစက္ကူရာတန်ထုပ်တွေ ပေါ်မှာ တက်ကပြနိုင်ကြတဲ့ billionaire သားသမီးတွေသာ ဖိနပ်လို အရံပေါင်းများစွာထား စီးပြနိုင်ကြတာရယ်။

ရလိမ့်မယ်လို့ မမျှော်လင့်ပေမယ့်… gary က တခွန်းတော့ လေပြေ ထိုးကြည့်လိုက်ပါသေးတယ်။ သူ့ရဲ့ လက်သုံးတော် cadillac xrs နဲ့ဖြစ်ဖြစ်၊ carolyn ရဲ့ အလုပ်သွားအလုပ်ပြန်သုံး bmw 525 ii နဲ့ဖြစ်ဖြစ်၊ စည်းစိမ်ရှိရှိ ငြိမ့်ငြိမ့်ညောင်းညောင်း မောင်းပါလားပေါ့။ နှစ်စင်းစလုံး ၁ဝဝ ကျော်နှုန်းတော့ အသာကလေး ပြေးပါတယ်။

ပြီး Luxury တွေ၊ sync တွေချည့်ပါ။ သူ့ရဲ့ mclaren မှ ၂ သိန်း ၄ သောင်း ပေးရတာ မဟုတ်ပါဘူး။ သည်ကောင်တွေ မနှစ်က

PDF by www.mmnetlibrary.com



ဝယ်တုန်းကလဲ ၂ သိန်းလျှော့လျှော့တော့ ပေးခဲ့ရတာပါပဲ။ သူ့ကားက မမ္မစစ် ကောင်းလို့ တန်လို့ ပေးရတာမှ မဟုတ်ပဲ။ သူတို့လို ငွေကို ရေလိုသုံးနိုင်ကြတဲ့ သည်ကနေ့ american show business က celebrity မကလေးတွေ··· evening shore drive ကမ်းနားအပြ ရောဂါ ထပြီး အပြိုင် ကြိုက်နေကြလို့သာကို···။ ဒါပေမယ့် သိတယ်နော်···။ ပြောမရပါဘူး။ carolyn က 'ဒါဆို ဒါမှ'မျိုး။

ခက်တာက မိဘလက်ထက် ငယ်တုန်းကတည်းက ကြမ်းခင်း ကော်ဇောပေါ် ခြေဆင်း အထိုင်ခံခဲ့တာမှ မဟုတ်ပဲ။ လုံးဝ စိတ်အငြိုငြင် ခံခဲ့တာ မဟုတ်ဘူး။ ဖူးဖူးမှုတ် အလိုလိုက်ထားတာ။ နော့··· သားသမီး ကလဲ သည် cate ဆိုတဲ့ cathlyn နဲ့ carol ဆိုတဲ့ carolyn... သမီး နှစ်ယောက်တည်း ရှိတာကို··။ သားတယောက်မှ မရှိဘူး။ ဆိုတော့·· တယောက်တည်း ဘက်ပဲ့မနေဘူး···။ နှစ်ယောက်လုံး ဆိုးချင်တိုင်း တယောက်တမျိုး ဆိုးနေကြတာပဲ။

ဆိုးတာချင်းအတူတူ··· မိဘက ပိုအလိုလိုက်လို့ carolyn က ပိုဆိုးတယ်လို့ အပြောများကြတယ်။ ဘာ့ကြောင့် ပိုအလိုလိုက်ခံရ တာလဲဆိုတော့··· (a) အငယ်ဖြစ်လို့···(b) ကျောင်းတိုင်း အတန်း တိုင်းမှာ စာတော်လို့··· (c) အတွဲမပြောင်းလို့။ college စရောက်တဲ့ နှစ်ကတည်းက တွဲခဲ့တဲ့ gary နဲ့ နောက်ဆုံး mba ဘွဲ့ရကြလို့ လက်ထပ်တဲ့အထိ မြဲခဲ့လို့။ cate ကတော့ စာလဲ bs ဘွဲ့ပဲ ရတယ်။ တနှစ်တယောက် ပြောင်းတယ်လို့ ဆိုတယ်။

ဒါပေမယ့် အမ cate ရော ညီမ carolyn ရောက ထူးမ ခြားနား။ မာနကြီးတာ၊ ခေါင်းမာကြတာချည့်ပါပဲ။ carolyn ကတော့ ခေါင်းမာရုံ၊ 'မာန' ကြီးရုံ၊ ဒါဆိုဒါမှ 'အစွဲ'ကြီးရုံ မကဘူး။ gary အပေါ်မှာရော၊ လူတကာ့အပေါ်မှာရော··· အနိုင်ယူလွှမ်းမိုးချင်တတ်





တယ်။ ဗိုလ်ကျချင်တယ်။ dominant ဖြစ်ချင်တယ်။ ဖြစ်ရမှ ကျေနပ် တယ်။ ဒါကြောင့်လဲ သူ့မှာ သူငယ်ချင်းကို များများမရှိဘူး။

ကျောင်းနေဘက်ထဲကဆိုလို့··· သူ့အနွံအတာ သူ့ဒဏ်ကို ခံနိုင်တဲ့၊ သူ့ကိုချစ်တဲ့ gary တစ်ယောက်ပဲ ရှိတယ်။ carolyn ကလဲ gary အပေါ်မှာ နိုင်ရလို့··· အနိုင်ကျင့်မယ့်သာ ကျင့်နေတာပါ။ ချစ်တာ ကတော့ သူကလဲ အရမ်းအကန်း ချစ်ပါတယ်။

ချစ်လို့လဲ မြဲခဲ့ကြတာပဲ။ gary နဲ့ carolyn နဲ့က fresher ဘဝကတည်းက စ,ချစ်ခဲ့ကြတာပါ။ လက်သာထပ်ကြမယ် မစဉ်းစားခဲ့ ကြသေးပေမယ့်·· carolyn ၁၉ နှစ်၊ gary ၁၉ နှစ်ကတည်းကတော့ စ, အိပ်ဖြစ်ခဲ့ကြပြီး··· မခွဲ တူနှစ်ကိုယ်၊ အမြဲအတူလို တွဲနေခဲ့ကြ တာပါ။

စဉ်းစားကြည့်လေ··· ၁၉ နှစ်ကတည်းက တွဲလာကြပြီး ၂၆ နှစ် မဟာဝိဇ္ဇာ mba ဘွဲ့ရကြလို့·· အလုပ်ခွင် ပြိုင်တူဝင်ကြပြီဆိုမှ လက်ထပ်ကြတာပဲ။ သူတို့ခေတ်မှာ သူတို့လို မြဲတဲ့အတွဲမျိုးကတော့ တယ် မရှိကြတော့ပါဘူး။

လက်တွေ့ကျတော့လဲ လက်ထပ်ပြီးခါမှတောင် တယောက် အချစ်ကို တယောက် ပိုယုံကြည်ပြီး ပိုသံယောဇဉ်ကြီးလာကြပါသေး တယ်။ ကြာလာလေလေ··· တယောက်နဲ့တယောက်လဲ ပိုနှစ်ကိုယ့် တကိုယ် ငြိတွယ်လာကြပြီး၊ ခုလို မျက်စိအောက်က အပျောက်မခံနိုင် ဖြစ်လာကြတာရယ်။

ဒါပေမယ့် လက်ထပ်ပြီးကတည်းက carolyn အနိုင်ကျင့် ထားတာ··· အခုထက်ထိ gary မကျေမချမ်းနဲ့ ငုံ့ခံနေရတယ်။ 'ဟော့ကောင်·· ကလေးရှိမှ သံယောဇဉ်ရှိတာ၊ အိမ်ထောင်မြဲတာ မဟုတ် ဘူး··· မရှိလဲ ချစ်နေရင် မြဲတယ်··· ရှိလဲ မချစ်တော့ရင် ကွဲတာပဲ··

PDF by www.mmnetlibrary.com



နင့် logic ကို ငါအယုံအကြည် မရှိဘူး··· လက်မခံဘူး··’ဆိုတယ်။ ခုထက်ထိလဲ မယူဘူး။

သူတို့ချင်းလဲ တိုင်ပင်ထားတယ် ထင်ပါရဲ့။ သူ့အမ cate လဲ ခုထက်ထိ ကလေးမရှိဘူး။ တပုံစံတည်း တစိတ်တည်း တဝမ်းတည်း ဖြစ်တန်ရာတယ်။ ညီအမချင်းက ခြံချင်းလဲ မျက်နှာချင်းဆိုင်။ တိုက်ချင်းလဲ ဆင်တူ။ စိတ်ချင်းလဲ တထပ်တည်း။ မျက်နှာပေါက်ချင်းက လဲ တထေရာတည်း။ အမေ့ရဲ့အလှကိုသာ မမီကြတယ်။ မိတ်ဆက်ပေးစရာ မလိုဘူး။ မျက်နှာကြည့်ရုံနဲ့ ညီအမမှန်း သိသာတယ်။ ဒါပေမယ့် ဗလချင်းကတော့ ကွာတယ်။

cate က healthy and booby...။ carolyn က slender and dinky...။ ကြံလိုပဲ။ ချိုတယ်။ ပါးစပ်ထဲ ငုံထားချင်လောက်အောင် ချစ်ဖို့ကောင်းတယ်။ ခုဆိုရင် အိမ်ထောင်သက် ၃ နှစ်နဲ့ပေါင်း၊ ညားကြတာ ၁၀ နှစ် ရှိပြီ။ ခုထက်ထိ သူ့နှုတ်ခမ်းကလေးတွေက နု ဥ စို ရွှမ်းပြီး ပန်းရောင်သွေး ပြေးနေတုန်းပဲ။ တအားစုတ်နမ်းထားဖို့ ကောင်းတယ်။ gary အမက်မောဆုံးပဲ။

ပြီးတော့လဲ သည်နှုတ်ခမ်း ပါးစပ်ကလေးက gary အပေါ်မှာ ဘယ်တုန်းဘယ်ခါကမှ မလိမ်ညာ မထိန်ဝှက် မဖုံးကွယ်ခဲ့ဘူး။ ပြီး gary မှတ်မှတ်ရရ ပြောရရင် စိတ်ကောက်တာမျိုး၊ ခဏဖြစ်ဖြစ် မခေါ် မပြော ရှောင်နေတာမျိုးလဲ ဘယ်ခါကမှ မရှိခဲ့ဖူးဘူး။ နောက်··· carolyn မှာ စိတ်ထားမြင့်မြတ် မှန်ကန်တာ၊ considerate ဖြစ်တာ၊ အဆင့်စံနစ်ရှိတာက··· gary မနှစ်သက် မကြည်ဖြူနိုင်မယ့်··· တခြား ယောကျ်ားတွေနဲ့ ရင်းရင်းနှီးနှီးနေတဲ့ အလေ့အထမျိုးကို ဘယ်တော့မှ မလုပ်ဘူး။ အမြဲလဲ သတိထားတယ်။ gary မပါပဲလဲ ဘယ် party.. ဘယ် club... ဘယ် gala မှ မသွားဘူး။





gary နဲ့အတူ စုံတွဲသွားဖြစ်ကြရင်လဲ··· ယဉ်ကျေးမှုအရ ကိုပဲ··· ဘယ်သက်တူရွယ်တူ လူငယ်လူရွယ်နဲ့မှ တွဲမကဘူး။ တွဲကဖို့ လာခွင့်ပန်ကြရင်လဲ·· သူ့နှုဖူးလည်တိုင်ကို ချွေးတို့ဟန်ပြုရင်း ပြုံးငြင်းလေ့ရှိတယ်။ ကျောင်းတုန်းကတော့ prom တို့ concert တို့မှာဆိုရင် carolyn တို့က 'N/A'... လို့ နာမည်ကြီးနေကျ။ ကျောင်းသားတွေ အချင်းချင်းက နာမည်ပေးထားကြတာ···။

တွေးလိုက်လာရင်းနဲ့ carolyn ရှိရာကို gary ပြန်ရောက်လာပြန်တယ်။ အေးဆေးပါပဲ။ hi-way မှာ ၁၅၀-၁၆၀ hi-speed နဲ့ မောင်းနေတာ ဆိုတော့၊ ဘယ်အစွန်ဆုံး စတုတ္ထယာဉ်ကြောထဲမှာပေါ့။ ၉၀-၁၀၀ နဲ့ သူ့ထက်ငါ ကျော်တက်နေကြတဲ့ ယာဉ်တွေလဲ သည် lane ထဲမှာ ရှိနေကြတာပေါ့။

ကိုယ်ကလဲ ကျော်တက်ချင်တော့··· သူ့ဘယ်ဘက်အပြင်က နောက်ကြည့်မှန်ထဲမှာ ကိုယ့်ကားရိပ်ကို မီးဖွင့်ပြပြီး လမ်းတောင်း··· သူက နည်းနည်းရှဲပြီး အတွင်းထဲ ခဏပြန်ဝင်ပေးတာနဲ့ တပြိုင်နက်··· ထပ်နင်းပြီးကျော်ပေါ့။ မဆိုးပါဘူး။ သည်ပုံအတိုင်းသာ ဆိုရင် carolyn မျှော်လင့်ခန့်မှန်းတဲ့ ၃ နာရီလောက်နဲ့ long beach ကို ရောက်နိုင်ပါတယ်။ မောင်းခဲ့ချိန် တနာရီတည်းနဲ့ တထောက်နားစခန်း ၁၅၂ မိုင် barstow တောင် ကျော်လာခဲ့ပြီပဲ။

ပြသနာက သည်ဘက် တောင်အဆင်းအတက်တွေ များတဲ့ နေရာရောက်မှ၊ လမ်းဌာနက လမ်းတွေကို လာပြင်နေတယ်။ ယာဉ်ကြောတွေကိုလဲ လမ်းလွှဲစာတမ်းတွေ၊ မဝင်ရတိုင်တွေ၊ အချက်ပြ မီးမြားတွေနဲ့ ပိတ်လိုက် ဖွင့်လိုက် ကျဉ်းလိုက် ကျယ်လိုက် လုပ်ထားတယ်။ သည်နေရာမှာ မနေ့က ယာဉ် ၁၄စင်း ဆင့်ဆင့်ပြီး တိုက်မှုဖြစ်လို့တဲ့။ ရဲလဲ စောင့်နေတယ်။ slow sign လဲ စိုက်ထားတယ်။ မြန်နှုန်းမလျှော့ပဲ

PDF by www.mmnetlibrary.com



နေလို့ ရမလား။ carolyn ဦးထုပ်လှည့်ဆောင်းပြီး ခေါင်းကုပ်တယ်။ စိတ်ပျက်ပုံ ရတယ်။ သူ့နှုတ်ခမ်း သူကိုက်တယ်။

အဲ··· မီးတိုင်တွေ၊ sign တွေ လွန်တာနဲ့ တပြိုင်နက်မှာ တော့··· လက်ကိုင်ခွေကို မြဲမြဲတွန်း ကိုင်ဆုပ်ပြီး··· ရှေ့က တောင်ကုန်း မော့မော့ကို accelerater တအား ပြန်နင်းအော်တက်တယ်။ twin turbo အမွှာ engine ရဲ့ သတ္တိအစွမ်းကို ပြပြီပေါ့။ ရိပ်ကနဲ ရိပ်ကနဲနဲ့ ၁၀ စက္ကန့်အတွင်း ၁၅၀ ဂဏန်းကို မြှားပြန်ပြပြီပေါ့။ carolyn ကြိုက်သွားတယ်။ မထိမဲ့မြင်ကလေး ပြုံးတယ်။

ဒါပေမယ့် သိတယ်နော်။ တောင်ပေါ်လမ်း ကုန်းတက်အမော့ ဆိုတာ·· လမ်းကို မျက်စိတဆုံးမမြင်ရဘူး။ ကုန်းထိပ်အထိပဲ မြင်ရ တယ်။ ကုန်းထိပ်ရဲ့အလွန် ဘီးကျမယ့်လမ်းကို မမြင်ရဘူး။ တည့်တည့် တဖြောင့်တည်း ၁၈၀° ပဲ ရှိမလား။ ဒါမှမဟုတ် ဘယ်/ညာ ဒီဂရီ နည်းနည်းစောင်းတဲ့ အချိုးအကွေ့များ ရှိလေမလား။ မပြောတတ်ဘူး။

စိတ်ချရအောင် brake အဆင်သင့်နဲ့ speed ပြန်လျှော့ရအုံး တော့မယ်။ မလျှော့ရင် ကုန်းထိပ်အလွန် ဟိုဘက်ပြန်အဆင်းမှာ··· သည်လောက် ပေါ့ပေါ့ကားကလေး··· ဘီး ၄ဘီးစလုံး အောက်ခြေ လွတ်ပြီး လေထဲမှာ မြောက်တက်သွားနိုင်တယ်။ လမ်းပေါ် ပြန်ကျရင် တော်ရဲ့။

ခက်တာက ရှေ့က ကိုယ် ကျော်တက်ရမယ့်ကားတွေကလဲ speed လျှော့နေကုန်ကြပြီ။ တချို့ brake light တွေ ထိန်းနေတာ မြင်နေရပြီ။ carolyn ကလဲ လျှော့ပါတယ်။ သူလုပ်ရမယ့်အလုပ်ကို သူ သိပါတယ်။ ဒါပေမယ့် ကိုယ့်ရဲ့ speed က သူတို့ထက် မြန်နေ သေးတော့၊ မကျော်ပဲနေလို့မရတဲ့ ယာဉ်တချို့ကို ကျော်တက်နေရ သေးတယ်။ ကိုယ့်ယာဉ်ကြောက လွဲပြီးတော့လဲ··· ဘယ်မှ မကြည့်





အားပါဘူး။ carolyn က ကားမောင်းကျွမ်းပါတယ်။ သူ့လက်ကိုင် ခွေပေါ်မှာ သူ့ရဲ့ တံတောင်တွေနဲ့ လက်ဖျံတွေပါတင် ထိန်းကူပြီး၊ သူ့ ရှေ့တည့်တည့်ပဲ အာရုံပြု မောင်းနေပါတယ်။ နောက်ထပ်လဲ ကျော်စရာ မရှိတော့ဘူး။

ယာဉ်တွေအားလုံးလဲ ကိုယ့် lane တွေထဲမှာ ကိုယ်··· ရေစီး သလို စီးမျောနေကြပါပြီ။ ကုန်းထိပ်ကို ရောက်ပါတော့မယ်။ ဟိုဘက် ပြန်အကျမှာ သိပ်မြောက်တက်မသွားဖို့နဲ့ လက်ကိုင်ခေါက်ရက်မကျဖို့ သတိထားရင်း၊ carolyn က သူ့ခြေထောက်ကို brake ပေါ် အဆင်သင့် ပြောင်းတင်ထားလိုက်ပါတယ်။ ကားမောင်းတတ်တဲ့လူဆိုတာ ဘေးက ထိုင်လိုက်နေပေမယ့် ကိုယ်တိုင်မောင်းနေသလိုပါပဲ။

သည်နောက်တော့ gary လဲ ဘာတွေ ဘယ်လိုဖြစ်ကုန်တယ် မသိတော့ဘူး။ ခု ဆေးရုံပေါ် ရောက်နေတာပဲ သိတော့တယ်။

၂

နောက်တော့ gary ကို လူနာလာမေးကြတဲ့ နှစ်ဖက်ဆွေမျိုး သားချင်းတွေရဲ့ ပြောပြချက်အရ···

တဖက် las vegas အဝင် hwy ပေါ်က ဆင်းလာတဲ့ ex-haust မီးခိုးခေါင်းတိုင်နဲ့ ကားခေါင်းကြီးက လမ်းခင်းကျောက်တုံးကြီး တွေ တင်ထားတဲ့ dump truck တွဲကြီး ၂တွဲကို ဆွဲလာတာတဲ့။ dump truck ဆိုတဲ့ ဘေးစောင်းသွန် ကျောက်ကားတွေကလဲ ဘီး ၁၆ ဘီးတပ် ရထားကုန်တွဲတွေလောက် ရှည်တာပဲတဲ့။

အဲသည် ဆွဲလာတဲ့ တွဲ ၂ တွဲထဲက နောက်တွဲက တောင်ကုန်း ထိပ်အရောက်မှာ joint ဆက် ခါးကျိုးပြီး ပြုတ်ထွက်လာတာတဲ့။ မောင်းတဲ့လူလဲ မပါ၊ brake လဲမပါ၊ တန်ချိန်ရာကျော်လေးတဲ့ dump

PDF by www.mmnetlibrary.com



truck ကြီးက အရှိန်နဲ့ လိမ့်ဆင်းလာပြီး၊ ဖြစ်ချင်တော့ သည်ဘက် အတက်လမ်းအစွန်က ပြိုင်ကားကလေးကို သတ္တဝါနဲ့ လက်နက်နဲ့ မမျှ… ခါးက ဖြတ်တိုက်ပစ်လိုက်တာတဲ့။ သေချာတာကတော့ carolyn ထိုင်မောင်းနေတဲ့ဘက်ကပေါ့။

သတင်းစာတွေထဲမှာ ရေးထားတဲ့ သတင်းတွေအရကတော့…

ပြောင်းပြန် လမ်းကျော်ပြီး လိမ့်ဆင်းလာတဲ့ over sized dump truck ကြီးက ဖြတ်တိုက်လိုက်တဲ့အတွက် carolyn တို့ gary တို့ရဲ့ ကားကလေးလဲ ၃/၄ ပတ်လိမ့်ထွက်သွားပြီး၊ လမ်းတဖက်စောင်းထဲကျ မီးလောင်သွားသတဲ့။

အခင်းဖြစ်တဲ့နေရာကို လူနာတင် helicopter နဲ့ paramedic တွေ ရောက်လာကတည်းက carolyn ကတော့ အသက်မရှိတော့ပါဘူး တဲ့။ gary ကတော့ စောစောကတည်းက ကားတံခါးပွင့် လွင့်ကျခဲ့ပုံ ရသတဲ့။ carolyn ကိုတော့ မီးလောင်နေတဲ့ကားနဲ့ ၁၀ ဂိုက်လောက် အကွာမှာ တွေ့ရတာတဲ့။ ဒါပေမယ့် တယောက်နဲ့ တယောက်လဲ ၁၀ ဂိုက်လောက်ပဲ ဝေးမယ်တဲ့။ gary လဲ အသက်သာ ရှင်လျက်ရှိပေမယ့် သတိလုံးဝမရ၊ မျှော်လင့်ချက်လဲ နည်းပါးတယ်လို့ ပြောနေကြတယ်တဲ့။

gary မသေချင်လို့ပါ။ carolyn နဲ့အတူ တပါတည်း သေလိုက်လဲ ကိစ္စငြိမ်းတာပဲ။ ခုတော့ gary နှစ်ခါပြန် ခွဲရတယ်။ ဝဲ-၂၊ ယာ-၃… နံရိုး ၅ ချောင်း ကျိုးတယ်။ အပိုင်းပိုင်းပြတ်နေတဲ့ ၂ ချောင်းကို ဖြတ်ထုတ်ပစ်လိုက်ရတယ် တဲ့။ ညာဘက်ပေါင် ကျိုးတယ်။ ညာဘက်လက်မောင်း တံတောင်ဆစ်အထက်နဲ့… ဘယ်ဘက်လက်ဖျံလဲ ကျိုးတယ်။ နားထင် ပေါက်တယ်။ ဆံစနဖူး ကန့်လန့်ကွဲတယ်။ နားရွက် တဖက် စုတ်တယ်။ မျက်နှာမှာရော၊ ကိုယ်အနှံ့အပြားမှာရော.. ဝတ် ထားတဲ့ အင်းကျီနဲ့အတူ… စုတ်ပြဲ ပွန်းပဲ့တဲ့ဒဏ်ရာတွေ ရတယ်။





မသေတာက ကံအားလျော်စွာ ခန္ဓာကိုယ်ထဲက အရေးကြီးတဲ့ organ တွေကို မထိဘူး။ ဒါတောင် ဆေးရုံပေါ်မှာချည့် ၂၈ ရက်နဲ့… rehabilitation center မှာ တပတ်နေခဲ့ရတယ်။

ဆေးရုံက ဆင်းလာရတော့မှ gary ဝမ်းနည်းပြီး ငိုရပြန်တယ်။ အသုံးမကျပုံက… သည်လောက် ညီအကိုမောင်နှမ ၆ ယောက်တောင် ရှိတဲ့ gary ရဲ့ဘက်က တယောက်မှ လာမကြိုကြဘူး။ အလုပ်မအား ကြဘူးတဲ့။ cate က ကိုယ်တိုင် လာကြိုတယ်။ gary အိမ်မှာ ဘယ်သူမှ မရှိဘူးဆိုပြီး၊ သူ့အိမ်မှာပဲ အနားယူခိုင်းထားတယ်။ မယား ညီအကို ဖြစ်တဲ့ ted လဲ အလုပ်မှာပါ။

သိတယ်နော်…။ ယောက္ခမဘက်က လေ့ကျင့်ပေးထားတဲ့ စနစ်က.. သည်လောက် ချမ်းသာကြွယ်ဝပါရက်နဲ့ အိမ်မှာ အိမ်ဖော် တယောက်မှ မထားကြဘူး။ carolyn ကလဲ မျက်စိရှုပ် နားရှုပ်တယ်တဲ့။ အရာရာ ကိုယ့်စိတ်တိုင်းကျ မဖြစ်ဘူးတဲ့။ ကိုယ်တိုင် လုပ်နိုင်သမျှ စိတ်ပါရင်လုပ်။ စိတ်မပါလို့ မလုပ်ချင်ရင် ပစ်ထားလိုက်တဲ့။

ကိုယ် လင်မယား… ဆိုမယ့် ပြောမယ့် ဝေဖန်ကဲ့ရဲ့မယ့်လူလဲ မရှိဘူး၊ ဘယ်လောက် အေးသလဲတဲ့။ အဲ… breakfast တော့ လင် မယား လက်ဆုံ၊ မီးဖိုချောင် ကိုယ်တိုင်ဝင်ကြပြီး စိတ်ကြိုက်လုပ်စား ကြတယ်။ grocery လဲ အတူသွား ဝယ်ထားကြတာပဲ။

carolyn က gardening သာ လှည့်မကြည့်တာ၊ အချက် အပြုတ်တော့ ဝါသနာပါပါတယ်။ gary က လက်တိုလက်တောင်းပေါ့။ ဒါပေမယ့် မနက်စာတို့၊ ညနေစာတို့တော့ အပြင်မှာ စားတာ များပါ တယ်။ သူ့ဘက် ကိုယ့်ဘက်ပိုင် ကြိုက်ရာ hotel တွေထဲက restaurant တွေမှာ ထိုင်စားကြတာပဲ။ စားပါလေ့…။ ရွေးပါလေ့…။ ဘာစား စားမလဲ။ ဘယ်သူတွေလဲဆိုတာ များသောအားဖြင့်က သိနေကြတော့…

PDF by www.mmnetlibrary.com



စပွဲထိုး တွေကလဲ serve လုပ်ချင်ကြလွန်းလို့…။ ဆိုလိုတာက အိမ်မှာ maid မရှိဘူး။ maid မထားဘူး။ carolyn မိဘက သူ့သမီးတွေကို သည်လိုစနစ်နဲ့ train လုပ်ထားတယ်။

ဆိုတော့… cate က မေးတယ်။ အခြေအနေအရ maid တယောက်လောက် ငှားထားမလားတဲ့။ gary က ပြာပြာသလဲ ငြင်းလိုက်တယ်။ ဘယ်… သူ့အိမ်မှာ carolyn ရဲ့ ခြေရာလက်ရာတွေ တခုမှ အပျက်မခံနိုင်ဘူး။ အိမ်မှာ carolyn မရှိတော့ဘူးဆိုတာကို မပြောနဲ့။ မသိချင်ဘူး။ မကြားချင်ဘူး။ လက်မခံနိုင်ဘူး။

gary အကူအညီလိုချင်တာ တခုပဲ ရှိတယ်။ သူ ကားပြန်မောင်းကြည့်ချင်တယ်။ ဆေးရုံနဲ့ rehab. က လေ့ကျင့်ပေးလိုက်တာ… လမ်းကောင်းကောင်း ပြန်လျှောက်နိုင်ပြီ။ jog တောင်မှ လုပ်နိုင်ပြီ။

လက်တွေကလဲ အလေးအပင် မ,တာကလွဲလို့… အကောင်းပကတိ ပြန်ဖြစ်နေပြီ။ စာလဲ ရေးနိုင်တယ်။ လက်မှတ်လဲ ထိုးနိုင်တယ်။ အင်းကျီလက်ရှည် ဝတ်ထားလိုက်ရင်… အနာရွတ်တွေ သိမ်တာတွေလဲ ဘယ်သူမှ မသိနိုင်ဘူး။ နဖူးကွဲသွားတာကိုတော့၊ ဆံပင်ပုံအရှည်ပြောင်းပြီး အုပ်ထားလိုက်မှာပေါ့။

မောင်းလို့ ရမှာပါ။ တယောက်ယောက်က ဘေးကနေ လိုက်ထိုင်ပေးရင်ပဲ တော်ပါပြီ။ သည်နား တပတ်လောက်ပေါ့။ ted ဖြစ်စေ၊ cate ဖြစ်စေ၊ အားတဲ့တမနက် ဘေးကထိုင်လိုက် ကြည့်ရှုကြည့်ပေးပါလို့ မေတ္တာရပ်ခံလိုက်တယ်။

ညဘက်… dinner က ပြန်လာကြတော့… ကိုယ့်အိမ်မှာပဲ ကိုယ် ပြန်အိပ်ခိုင်းပြီး နေခဲ့တယ်။ ဘာတခုမှ ခြေရာလက်ရာ မပျက်ဘူး။ မနက်ကမှ ထွက်သွားခဲ့တဲ့အတိုင်းပဲ။ carolyn ထားရစ်ခဲ့တဲ့ အတိုင်းပဲ။ ဒါပေမယ့် ထူးခြားတယ်။ အကြီးအကျယ် ထူးခြားတယ်။ မနက်က





အတူထွက်သွားတဲ့ carolyn… ဘယ်မှာလဲ။ ဘေးမှာလဲ မရှိပါလား။ ပြန်ပါမလာပါလား။ gary ထိန်းပါတယ်။ ရင်ထဲက လှိုက်လှိုက်တက်လာတယ်။ မျက်ရည်မထွက်သေးပဲ ရှိုက်ရှိုက်ငိုမိတယ်။ ted တို့၊ cate တို့ရဲ့ လက်တွေကို လှမ်းကိုင်ပြီးတော့မှပဲ… ချုန်းမည်းချ ငိုပစ်လိုက်မိတယ်။

"နင် မရှိပဲ ငါ ဘယ်လိုနေရမလဲ carol ရယ်…"

"carol မရှိပဲ… ကျွန်တော် ဘယ်လိုနေရမလဲ…cate ရယ်…"

"carol ရေ… ငါ့ကို လာခေါ်လှည့်…"

လင်မယားနှစ်ယောက်က hug လုပ်ပြီး နှစ်သိမ့်ကြတယ်။ gary နည်းနည်းငြိမ်သွားမှ နှုတ်ဆက်ပြီး ပြန်သွားကြတယ်။

"မင်း လိုချင်တာရှိရင်… ချီတုံချတုံ စဉ်းစားမနေနဲ့… ငါတို့ cell တွေကို ချက်ချင်းဆက်လိုက်… မနက်ကျရင် ငါတို့ breakfast လာပို့မယ်… good night …"

good night တဲ့…။ သူတို့မို့ ရက်ရက်စက်စက် သည်စကားလုံးနဲ့ အလွယ်တကူ နှုတ်ဆက်တယ်။ cate ရယ်… နည်းနည်းမှ မတွေးမိဘူးလား။ ကျွန်တော့်အနားမှာ ခင်ဗျားရဲ့ညီမ မရှိတော့ဘူးလေ…။ ခါတိုင်းလို မပြောင်းလဲပဲ နှုတ်ဆက်ရအောင် carolyn ကို မြင်လို့လား။ carolyn မရှိတော့တဲ့အိမ်… carolyn မရှိတော့တဲ့ညက… ကျွန်တော်အဖို့ ဘယ်လိုလုပ် good night ဖြစ်နိုင်ပါ့မလဲ။

carolyn နဲ့ ဆင်တူ တပြိုင်တည်း ဝယ်ခဲ့တဲ့ cate ရဲ့ bmw525ii လဲ ထွက်သွားပြီး သူတို့တိုက်ရဲ့ porch အောက်မှာ ရပ်လို့… ကားမီးတွေလဲ ပိတ်လိုက်ရော… gary လဲ လှေကားရင်း ကြမ်းခင်းပေါ် ကိုယ်မရှိတော့တဲ့ အဝတ်တွေချည့်လို ပုံကျခွေလဲသွားပါလေရော။

PDF by www.mmnetlibrary.com



သည်တခါ gary ရဲ့ပါးစပ်က ဘာတိုင်တည်တမ်းတသံမှ ထွက်မလာတော့ပေမယ့်၊ မျက်လုံးအိမ်တွေထဲမှာတော့ မျက်ရည်ပူတွေက·· ပေါက်ကွဲတဲ့ မီးတောင်ဝက ချော်ရည်တွေလို··· လျှံထွက်ဝေကျနေရက်ပါပဲ။

အတန်ကြာတော့မှ လှေကားလက်ရန်း နဂါးရုပ်ပွတ်လုံးတိုင်ကို ဖက်တွယ်အားပြုရင်း gary ကုန်းရုန်းထတယ်။ ကျိုးထားတဲ့ပေါင်ဘက်က နည်းနည်းမျက်လာပေမယ့်လဲ··· အပေါ်ထပ်ရောက်တဲ့အထိတော့ တထစ်ချင်း ဖြေးဖြေး ဆွဲတက်နိုင်ခဲ့တယ်။

ဘာတွေဝေနေစရာ လိုသလဲ။ အိပ်နေကျ သည်ပန်းရောင် အိပ်ခန်းကျယ်ထဲပဲ ဝင်ရမှာပဲ။ ဘာ့ကြောင့်များ သည်အိပ်ခန်းရှိရာကိုမှ gary ဦးတည်လာမိပါလိမ့်။

ဟင့်အင်း··· ဟင့်အင်း··· မဝင်ရဲပါဘူး။ မဝင်ချင်ပါဘူး။ carolyn က ပြောတယ်။ ပန်းရောင်အိပ်ခန်းဆိုတာ လင်နဲ့မယားသာ အတူအိပ်ရတဲ့ အခန်းတဲ့။ ချစ်သူတွေ ချစ်ပွဲဝင်ကြတဲ့ အခန်းတဲ့။ တယောက်တည်း နေရတဲ့အခန်း မဟုတ်ဘူးတဲ့။

သည်လိုဆိုရင် ဘယ်မှာလဲ ချစ်သူ။ ဘယ်မှာလဲ မယား။ ဘယ်မှာလဲ carolyn ···။ တခြမ်းပဲ့ကြီး မဝင်ရဘူးလား။ gary ကြောက်တယ်။ ချစ်သူကို သစ္စာဖောက်ရမယ့် အပြုအမူလောက် ကြောက်စရာကောင်းတဲ့ ရန်သူဆိုတာ ကမ္ဘာမှာ မရှိဘူး။ carolyn မပါပဲ gary မဝင်ရဲတော့ဘူး။ မဝင်ရက်တော့ဘူး။ နှစ်ယောက်တွဲ နေနေကျ အခန်းထဲမှာ တယောက်တည်း လာနေရင်··· လာမနေနိုင်တဲ့ ကျန်တယောက်ကို သစ္စာဖောက်ရာ ရောက်မှာပေါ့။

ဟော့ကောင်··· carolyn မပါလို့ သည်အိပ်ခန်းထဲ ဝင်မအိပ်ရဲဘူး၊ ဝင်မအိပ်ရက်ဘူးဆိုရင်··· သည်အိမ်ကိုတော့ carolyn မပါပဲနဲ့





မင်း ဘာကြောင့် ပြန်လာရဲသလဲ။ ပြန်လာရက်သလဲ။ မင်းမရှက်ဘူးလား။ သည်အိပ်ခန်းက carolyn ရဲ့ အိပ်ခန်း။ သည်အိမ်ကလဲ carolyn အိမ်။ ပြန်မလာခဲ့နဲ့။

gary ဘာလုပ်ရမလဲ။ ဘယ်သွားနေရမလဲ။ ငါ့ကို ခွင့်လွှတ်ပါ carol ရယ်။ ငါ··· နင့်အနားမှာပဲ·· နင့်အိမ်မှာပဲ··· နင့်အိပ်ခန်းထဲမှာပဲ··· နေပါရ အိပ်ပါရစေနော်။ နင့်ကို ငါ မခွဲနိုင်ပါဘူး အချစ်ရယ်။

gary တောင်းပန်ပြီး အိပ်ခန်းတံခါးက key pad မှာ သူ့ code နံပတ် 22765 ကို နှိပ်တွန်းဖွင့်လိုက်တယ်။ တွန်းဖွင့်လိုက်တာနဲ့ တပြိုင်နက် အခန်းကလုံတော့၊ ရှိတဲ့ ပြတင်းပေါက် ၆ ပေါက်ရဲ့ မှန်တံခါးရွက်တွေက လေရိုက်ပြီး တုန်ခါသွားကြတယ်။

နောက်ကနေ ရုတ်တရက် gary လက်ဝါးနဲ့ အသာရိုက်ခံလိုက်ရတဲ့ carolyn ရဲ့ တင်ပါးကလေးတွေလဲ သည်လိုပဲ။ တုန်သွားတတ်တယ်။ ဒါပေမယ့် သည်အခန်းကလဲ carolyn လိုပဲ gary ကို ကြိုဆိုပါတယ်။ သည်အခန်းထဲမှာ ရက်ပေါင်းများစွာ မပြယ်မလွင့်ရအောင် ထိန်းသိမ်း ပိုက်ထွေးထားပေးတဲ့ carolyn ရဲ့ ကိုယ်သင်းနံ့ကလေးတွေနဲ့ gary ကို ပက်ဖျန်းနှုတ်ဆက်ကြိုဆိုတယ်။

gary ရုတ်ခြည်းပဲ သတိရပြီး၊ ဖွင့်ဝင်လာတဲ့တံခါးကို အမြန်ပြန်လှည့်ပိတ်လိုက်တယ်။ မတော် အမြတ်နိုးရဆုံး carolyn ရဲ့ ကိုယ်သင်းနံ့ကလေးတွေ··· အပြင် ထွက်ပြေး ပြန့်လွင့်ကုန်မှဖြင့် ကိုယ်ကျိုးနည်းရချည်ရဲ့။ အပြင်မှာ ညဦးနက်နေပြီ ဖြစ်ပေမယ့်၊ အိပ်ခန်းထဲမှာတော့ သိပ်မမှောင်လှသေးပါဘူး။ နံရံအောက်ခြေ တချို့နေရာတွေမှာ ကြွေရုပ်ကလေးတွေနဲ့ 0 watt မီးလုံးပြာကလေးတွေ အမြဲထွန်းထားတာ ရှိပါတယ်။ သည်ပြာလဲ့လဲ့ အလင်းရောင်ကလေးနဲ့ပဲ သူအိပ်ရမယ့် ကုတင်ဘေးကို gary ရောက်သွားတယ်။

PDF by www.mmnetlibrary.com



steel ကုတင်… e-ကုတင်ပါ။ မင်္ဂလာဦးဇနီးမောင်နှံအတွက် carolyn ရဲ့ မိဘက သည်ခြံနဲ့တိုက်ကို ဆောက်လုပ်လက်ဖွဲ့တော့၊ သည် ကုတင်အပါအဝင် တခြားရှိရှိသမျှ အိမ်ထောင်ပရိဘောဂတွေကို… carolyn က သူ့စိတ်ကြိုက် 'bed bath and beyand' ကုမ္ပဏီတခု တည်းမှာ ရွေးမှာခဲ့တာပါ။

ကုတင်ပေါ်မှာလဲ သူ့ လျှပ်စစ်မွေ့ယာက တထပ်၊ tempar-pedic မွေ့ယာက တထပ်နဲ့… ခြေရင်း အိမ်နံရံမှာ ကပ်ထားတဲ့ ၇၂ လက္မ flat tv,... က အတွဲလိုက် ပါလာတာပါ။ ကုမ္ပဏီက အပြီး လာ တပ်ဆင်ပေးပြီး စမ်းသပ်ပြခဲ့တာပါ။ ခုဆိုရင်ပဲ သုံးတာ ၃ နှစ်ကျော် ခဲ့ပါပြီ။ ဝယ်စဉ်ခါတုန်းကတော့ အဆန်းပေါ့နော်။ ခုတော့ တော်တော် အသုံးများနေပါပြီ။ တချို့ hotel တွေက အထူး suite ခန်းတွေထဲမှာ တောင် ထည့်ထားကုန်ကြပါပြီ။ ဘာမှမဟုတ်ပါဘူး။

ခေါင်းရင်းဘက် ကုတင်ခပန်းမှာ… အတွင်းဘက်က လျှပ်စစ် switch board နဲ့ အပြင်ဘက်က နှိပ်ခလုတ်ကလေးတွေ တပ်ထား တာပါပဲ။ gary ဘက်က visual အမြင်။ ခြေရင်းနံရံက tv. channel တွေရဲ့ remote ခလုတ်တွေရယ်နဲ့.. တိုက်ထဲအဝင်နဲ့ တိုက်ပတ်လည်ကို ရိုက်နေတဲ့ surviellance camera ကို အချိန်မရွေး နှိပ်ကြည့်လို့ ရတယ်။ 911 ကို တိုက်ရိုက်ခေါ်လို့ ရတယ်။ ဒါပဲ။

carolyn ရဲ့ ခေါင်းရင်းဘက်ကတော့ audio..အသံ။ ကြိုက်ရာ cd တွေ ထည့်ထားပြီး၊ တပုဒ်ချင်းကို ပါးစပ်နဲ့ အမိန့်ပေး voice command နဲ့ ရွေးနားထောင်လို့ ရတယ်။ အိပ်ရာထဲကနေ ဘယ်သူ့ရဲ့ ဘာသီချင်းလို့ အမိန့်ပေးလိုက်ရုံပဲ။ နည်းနည်း ပိုထူးခြားတာကတော့ w/action လို့ပါ ထည့်အမိန့် ပေးလိုက်ရင်… တေးဂီတ rhythm ရစ်သံနဲ့ လိုက်ဖက်တဲ့ လှုပ်ရှားမှုကိုပါ ကုတင်က လှုပ်ရှားတယ်။





ဥပမာ… rock တို့ pop တို့ဆိုရင် ကုတင်ကလဲ ခါလိုက်ရမ်းလိုက် ဆောင့်လိုက် မြောက်လိုက်လုပ်တယ်။ ဥပမာ… country ဆိုရင် ငြိမ့်ငြိမ့်ကလေးနဲ့ လှုပ်လွဲတယ်။ အမှန်တော့ ကုတင်က spring တွေနဲ့ သူ့ original မွေ့ယာက လှုပ်ရှားတာပါပဲ။

gary က ကုတင်ပေါ် ထိုင်မယ်လုပ်ပြီးမှ… သတိရပြီး ပြန်ရပ် လိုက်ရတယ်။ သူ့ကုတင်က action လုပ်ထားပြီး၊ pop နဲ့ ကြုံနေရင် အလန့်တကြား ထခုန်တော့မှာလေ။ ကုတင်ကို လက်နဲ့ လှမ်းထောက်ပြီး စမ်းကြည့်ရသေးတယ်။ သေချာမှ လှဲအိပ်ချလိုက်တယ်။ လေအေးစက် က ဖွင့်မထားတာကြာတော့ မွေ့ယာတွေ ခေါင်းအုံးတွေက ပူနေတယ်။

အင်း… ည ၁၀ နာရီတောင် ကျော်နေမှကို…။ ဆေးရုံပေါ် မှာတုန်းကဆို တခါတလေ ၈ နာရီလောက်တောင် မနေဘူး။ သူနာပြု တွေ နောက်ထပ် လာစရာအကြောင်း မရှိတော့ဘူးဆိုရင် အိပ်ပြီ။ ခုတော့ ခုထက်ထိလဲ အိပ်ချင်စိတ် မရှိဘူး။ carolyn မရှိတော့ နေလဲ မနေတတ်ပါဘူး။ carolyn ဘက်ကို စောင်းလိုက်တယ်။

ခါတိုင်းဆို အိပ်ရာပေါ်ရောက်ရင် carolyn နဲ့က ဆော့နေကျ။ အခုဆော့တဲ့ အရုပ်က ဘယ်မှာလဲ။ အနားမှာလဲ carolyn မရှိဘူး။ အိပ်ရာထဲမှာလဲ carolyn မရှိဘူး။ မျက်ရည်က ဝဲလာပြန်တယ်။ လက် ကလဲ အကျင့်က ဖြစ်နေတော့… သူ မရှိမှန်းသိရက်နဲ့ သူ့ကိုယ်ပေါ် လှမ်းတင်လိုက်မိတယ်။ သိတယ်နော်…။ ချစ်တဲ့သူနဲ့ လက်ချင်း အသားချင်း ထိရတယ် ဆိုတဲ့ အရသာ…။ အခု ဘယ်ရောက်သွားပြီလဲ။ အတိတ်က အရိပ်တွေ တထပ်ကြီး ပေါ်လာတယ်။ အခု gary လက်ကို ဘယ်သူမှ ဖမ်းမကိုင်တော့ပါလား။

ခါတိုင်းဆို carolyn က ဖမ်းကိုင်ပြီး၊ နွေးနွေးဆုပ်ယူရင်း နှုတ်ခမ်းနဲ့ထိ… နမ်းရင်လဲ နမ်းတယ်။ သူ့ရင်ဘတ်ပေါ်ရင်လဲ ဆွဲတင်

PDF by www.mmnetlibrary.com



ထားချင်တင်ထားမယ်။ ပြီး သူ့ထုံးစံက gary ဘက်ကို ပြန်စောင်းလှည့်ကြည့်မယ်။ အဲသည် မျက်စိချင်း ပြန်မေးကြည့်လိုက်တဲ့ အကြည့်က သနားစရာလဲ ကောင်းတယ်။ ချစ်စရာလဲ ကောင်းတယ်။ ရင်ကို တအားခိုက်တယ်။ ခုလို မီးရောင်ပြာလဲ့လဲ့ကလေးမှာများဆိုရင်... အဲသည် မျက်လုံးကလေး မေးအကြည့်က python တို့ boa တို့ရဲ့ မျက်လုံးတွေလိုပဲ၊ တအား ညို့တယ်။ gary ထိန်းမထားနိုင်ဘူး။ အမျိုခံဖို့ သူ့ ရှေ့မှောက်ရောက်သွားရရော။

သည်ကနေ့တော့ တွန့်လိပ်နေတဲ့ အိပ်ရာခင်းပေါ်မှာ gary ရဲ့ လက်တဖက်လဲ ဒေါက်ပြုတ်သွားတဲ့ ဖိနပ်တစ်ဖက်လို အစွန့်ပယ်ခံကျန်နေရစ်ရရှာတယ်။ နောက် carolyn ဘက် လှိမ့်လိုက်ပြီး၊ သူ အိပ်သွားတဲ့ ခေါင်းအုံးပေါ် မှောက်နမ်းနေလိုက်တယ်။ မွှေးပျံ့လိုက်တဲ့ သူ့ဆံပင်တွေရဲ့ အနံ့ကလေး။ အမောကို တအားပြေသွားတာပဲ။

carolyn က သူ့ဆံပင်ကို ကောက်လေ့ကောက်ထ မရှိဘူး။ သူက ဆံပင်ကို အပ်တွေလို ဖြောင့်နေမှ ကြိုက်တယ်။ တခါတလေ အဖျားက ပြန်ကော့နေရင်တောင် in-styler နဲ့ ပြန်ဖြောင့်တတ်တယ်။

အဲ- တခါတခါတော့လဲ mandalay bay က dresser အချောက်ကိုခေါ်ပြီး ဆံပင်ကို အဖြတ်ခိုင်းတတ်တယ်။ သူ့ဆံပင်ကလဲ သန်တယ်။ တုတ်ခိုင်တယ်။ များသောအားဖြင့် အပါးခိုင်းတတ်တယ်။ တအားနှမြောဖို့ ကောင်းတာပဲ။ carolyn က မျက်နှာသွယ်တော့ ဆံပင်ထု တုတ်ပြီး ခေါင်းကြီးနေတယ် ထင်ရတာကို မကြိုက်ဘူးတဲ့။

ပြီးတော့ ဆံပင် သိပ်ရှည်တာကိုလဲ မကြိုက်ဘူး။ ဖြန့်ပြီး ဖရိုဖရဲ ချထားတာကိုပဲ ကြိုက်တယ်။ သူ့အမလို booby မဖြစ်ပေမယ့်၊ ရင်ညွန့်ကို ဆံပင်နဲ့ ဖုံးတာလဲ မကြိုက်ဘူး။ ဒါလဲ ဆံပင်ကို ပြင်ခဲပါတယ်။





တခုပဲ သူ ကြိုက်တာ ရှိတယ်။ သူ့ ဆံပင်အရောင်က နီတဲ့ဘက် ပိုယိမ်းတဲ့ blonde...။ အဲသည်မှာ လက်သန်း တလုံးစာလောက်... ဂျိုစောင်းနှစ်ဖက်နဲ့ နောက်စေ့ တနေရာက ဆံပင်တွေကို ငွေရောင် high light လုပ်ခိုင်းတတ်တယ်။ တခြား ခိုင်းလေ့ခိုင်းထ မရှိဘူး။ တသက်လုံး ကျောင်းသူဘဝ... အလုပ်သမားဘဝ... လင်ရှိမိန်းမဘဝနဲ့ နေခဲ့ရလို့လားမသိ။ လှချင်တတ်ပေမယ့်... ပိုက်ဆံကုန်ခံပြီး၊ အလှပြင်လေ့လဲ မရှိပါဘူး။ အလှလဲ မပြင်တတ်ဘူး။

gary အလန့်တကြား အိပ်ရာထဲက ကမန်းကတန်း ထပြီး၊ လျှပ်စစ်မီးတွေ အကုန်ပြေးဖွင့်တယ်။ ရုတ်တရက်ဆိုတော့ မျက်စိတွေ စူးထွက်သွားတယ်။ ပြီးတော့ ကုတင်ပေါ် ပြန်တက်ထိုင်တယ်။ carolyn အုံးတဲ့ သုံးတဲ့ ခေါင်းအုံးတွေနဲ့ ခေါင်းရင်းကို သဲကြီးမဲကြီး လိုက်ရှာတယ်။

အဲသည်တော့မှ သူ့မိန်းမကိုသူ လေးစားချီးကျူးရပြန်တယ်။ သဘာဝလွန်ကို သန့်ရှင်းသပ်ယပ်တဲ့ မိန်းမပါလား။ လိုချင်လို့ ရှာပါတယ်။ ကျွတ်ကျ ပြုတ်ကျနေတဲ့ ဆံခြည်မျှင်ကလေး တမျှင်တောင်မှ မတွေ့ရပါလား။ သည်လိုမိန်းမမျိုး ကမ္ဘာမှာ ရှိနိုင်ပါ့မလား။

gary ရဲ့ စိတ်ကူးက သူ အုံးထားတဲ့ ခေါင်းအုံးကတောင် သည်လောက် မွှေးကြိုင်နေမှဖြင့် သူ့ဆံပင်တွေကလဲ မွှေးကြိုင်နေမှာ ပဲပေါ့။ အဲသည်တော့ ဆံပင်ကို ရအောင်ရှာမယ်။ ရရင် ရေမွှေးပုလင်းထဲမှာ ထည့်သိမ်းမယ်။ ပြီး သူ သွားလေရာ ပါတဲ့ brief case ထဲမှာ အမြဲထည့်ဆောင်ထားမယ်။

မအိပ်တော့ မအိပ်ချင်တော့ပါဘူး။ ဒါပေမယ့် caroiyn အိပ်တဲ့နေရာမှာ သူ ပြောင်းအိပ်ကြည့်တယ်။ ရည်ရွယ်ချက်က carolyn အိပ်တဲ့နေရာက carolyn ရဲ့ ကိုယ်သင်းနံ့တွေကို သူ့ကိုယ်နဲ့ ကူးယူ

PDF by www.mmnetlibrary.com



လိုက်ချင်တယ်။ လူးလိမ့်အိပ်လိုက်ရင် ကူးလာကြမှာပေါ့။ jam ပုလင်းထဲမှာ ကပ်ကျန်ရစ်တဲ့ jam လက်ကျန်တွေကို··· ပေါင်မုန့်ခေါက်ထည့်ပြီး လူးယူတဲ့ကလေးလိုပေါ့။ carolyn ရဲ့ အိပ်ရာနေရာမှာ gary လူးလိုက်လိမ့်လိုက်တယ်။

carol ရယ်·· နင့်ကိုယ်နံ့ကလေးတွေ ပျောက်ပြယ်မသွားအောင်ငါ ဘယ်လို စောင့်ရှောက်သိမ်းဆည်းထားရပါ့မလဲ အချစ်ရယ်···။ နောက်တခါ မှောက်အိပ်လိုက်ပြန်တယ်။ ခေါင်းအုံးတွေကို တလုံးပြီးတလုံး လျှောက်နမ်းပြန်တယ်။ ပြီးတော့ ၆/၉ ဖောက်ထိုး ခေါင်းရင်းခြေရင်းပြောင်း··· မှောက်ပြန် နမ်းပြန်တယ်။

ဟုတ်ပါ့။ သတိရပြီ။ carolyn ရဲ့ အဝတ် closet တွေနဲ့ သူ့ရဲ့ built-in အလှပြင်ကြည့်မှန်ကြီးတွေ ပတ်ပတ်လည်ပြည့်နေတဲ့ သူ့ dressing room ထဲကို ထသွားဝင်ကြည့်ပြန်တယ်။ ဟုတ်လိုက်သမှ··· ခုမှ သဲလွန်စ တွေ့ရတယ်။

carolyn ရဲ့ ပင်ကိုယ် ကိုယ်သင်းနံ့က သည် အခန်းထဲက originate လုပ်တာပဲ။ သည်အခန်းထဲမှာမှ ကိုယ်သင်းနံ့က တအားထုံသင်းပျံ့ကြိုင်နေတာပဲ။ ချွတ်ထည့်ထားတဲ့ အဝတ်ဟောင်း washer ကို ဖွင့်လိုက်တယ်။

အိုး··· သူ့ရဲ့ ညဝတ် bra-tops တွေ၊ tanks တွေ၊ thongs တွေ၊ panties တွေ၊ scarfs တွေ တပွေ့တပိုက်ကြီးပါလား။ washer ထဲ ခေါင်းထိုးထည့်ပြီး သိမ်းကျုံးယူလိုက်တယ်။ ဘဏ္ဍာသိုက်ကို ခုမှ တွေ့ရတဲ့သူခိုးကြီး ali-baba ရတနာပစ္စည်းတွေကို ဝမ်းသာအားရ ခေါင်းပေါ်မြှောက်ကြဲပစ်သလို··· gary လဲ ခေါင်းပေါ်တင် နမ်းလိုက်တယ်။

carolyn ကို အရှင်လတ်လတ် ပြန်တွေ့လိုက်ရသလိုပဲ အရမ်းပျော်သွားတယ်။ နမ်းနေလို့ အားရမှ ပြန့်ကြဲကျနေတဲ့ အဝတ်တွေကို





ပြန်ကောက်တယ်။ အနံ့တွေ ပြယ်ကုန်မှာစိုးလို့ မခါဘူး။ မဖြန့်ဘူး။ အထွေးလိုက် washer ထဲ ပြန်ထည့်တယ်။ ပြီးမှ မှန်တင်ခုံ တခုရှေ့မှာ သွားရပ်တယ်။ မှန်ကို ဆွဲဖွင့်လိုက်တယ်။ အရေးအကြီးဆုံးက ဘီးတွေ၊ brush တွေ၊ in-styler တွေနဲ့ hair-dryer တွေကို တခုချင်း စစ်ကြည့်ရမယ်။ ရသမျှ ဆံပင်တွေကို ယူရမယ်။ သိမ်းမယ်။

ပြဿနာက ac ဖွင့်ထားပါရက်နဲ့ gary ချွေးတွေနစ်နေပြီ။ ဟော့··· ဘာမှ ပူမနေနဲ့··· သည်အခန်း ဘယ်မှ ထွက်မပြေးဘူး··· နေ့ခင်းကျမှ စိမ်ပြေနပြေ ပြန်ရှာသိမ်းမယ်။ ရေမွှေးပုလင်းပါ ယူလာမယ်။ မီးခလုတ်တွေ ပိတ်၊ တံခါးကိုပိတ်·· ပြန်ထွက်လာခဲ့တယ်။ သည်အိမ်မှာ သူကလွဲပြီး ဘယ်သူမှမှ မရှိတာ··· သည်အခန်းတံခါးကို ဘယ်သူ လာဖွင့်မှာလဲ။ ဘာရယ် မဟုတ်ဘူး။ gary အောက်ထပ်ကို ပြန်ဆင်းလာခဲ့တယ်။ အိပ်ခန်းထဲကို သူ ပြန်မသွားချင်ဘူး။ သူ မအိပ်ချင်ဘူး။ သူ့ဘေးမှာ carolyn မရှိဘူး။ အောက်ထပ်မှာလဲ အခန်းအကုန် လျှောက်ကြည့်တယ်။

သူတို့လင်မယား လက်ဆုံချက်ပြုတ်ကြော်လှော်ပြီး breakfast စားကြတဲ့ kitchen ထဲ ရောက်လာတယ်။ ခြေထောက်တွေက စိတ်ရှိသလို သည် kitchen ထဲ ဆွဲခေါ်လာကြတာနဲ့ တူတယ်။ fridge ကို ဖွင့်ကြည့်လိုက်တယ်။ fresh food လဲ မရှိပါဘူး။ ရှိလဲ ဘယ်ကောင်းတော့မှာလဲ။ ဒါပေမယ့် ကံအားလျော်စွာ fiji ရေသန့်ပုလင်းတွေတော့ တွေ့တယ်။ gary ရေငတ်နေတာနဲ့ အတော်ပဲ။ တပုလင်း ဖွင့်သောက်လိုက်တယ်။

နောက်ကြောင်း ပြန်လှည့်ခဲ့တယ်။ စားသောက်ထားတဲ့ ပန်းကန်တွေ လက်စနဲ့ dinning room...။ အဲသည်နေ့က အချိန်လုထွက်ဖို့ ပြင်နေရတော့ dish washer ထဲတောင် မထည့်နိုင်ခဲ့ဘူးပေါ့။ အခုတော့

PDF by www.mmnetlibrary.com



ခြောက်ကပ်ကုန်ပါပြီ။ နေပလေ့စေ။ နေ့ခင်းမှ ရှင်းမယ်။ ဒါပေမယ့် သည်ညာဘက်က ကုလားထိုင်နှစ်လုံး။ သူ့အတိုင်း ပြတင်းပေါက် ကျောပေးရက် ရှိနေပေစေ…။ မကိုင်နဲ့။ နေရာမပြင်နဲ့။ အဲဒါတွေက carolyn အမြဲထိုင်နေကျ။ ဘယ်ဘက်တလုံးက သူထိုင်တယ်။ ညာဘက် တလုံးက သူ့အိတ်ကို တင်တယ်။

ပြီးတော့ family ခန်းထဲကို ရောက်လာတယ်။ ထုံးစံအတိုင်း သည်အခန်းထဲမှာလဲ tv နဲ့၊ settee နဲ့ပဲ။ ဒါပေမယ့် carolyn က အတွင်းခန်းထဲမှာ home theatre သီးသန့်လုပ်ခိုင်းထားတယ်။ သိတယ် နော်။ နံရံထောင့် ၄ ထောင့်… မျက်နှာကျက်နဲ့ ကြမ်းခင်း… ၈ နေရာမှာ sound box ၈ လုံးနဲ့။ tv ကလဲ နံရံတဖက်လုံးအပြည့်။ တကယ့် 3d hd ရုပ်ရှင်ရုံထဲ ဝင်ကြည့်ရသလိုပဲ။ ဒါပေမယ့် အသံက ကျယ်လွန်းတော့ အသံလုံစနစ် လုပ်ထားရတယ်။ (အသံကို စုပ်ယူတဲ့ ဂွမ်းတထပ်၊ ဖော့တထပ်၊ သားရေတထပ်၊ ပြီးတော့မှ မူလနံရံအတိုင်း plaster ပြန်ကိုင်…ဆေးပြန်မှုတ်တယ်။) အသံလုံစနစ်က ကောင်းတယ်။ volume တင်ရင် vibrate လုပ်တယ်။ အိပ်ငိုက်ရင် ငြိမ့်တယ်။

sofa settee ကလဲ အပြင်ဧည့်ခန်းနှစ်ခန်းမှာလို သားရေ အစစ်တွေနဲ့ မဟုတ်ဘူး။ သားရေတဖက်၊ သက္ကလပ်တဖက်ဖြစ်တဲ့ suede နဲ့ လုပ်ထားတယ်။ အသံကို စုပ်တယ်။ echo မပြန်ဘူး။ တံခါးတွေကလဲ မွေ့ယာလိုပဲ။ လန့်မကွဲအောင် မှန်မသုံးဘူး။ ပြီးတော့လဲ သည် home theatre ခန်းက private…။ ဆွေမျိုးရင်းချာတွေကလွဲလို့ တခြား ဧည့်သည် အဝင်မခံဘူး။ အိမ်ပေါက်ဝက ဝင်လာတယ်နော်။ ဝင်ဝင် ချင်းက အပေါ်ထပ်တက်တဲ့ လှေကားအခန်း။ ဘယ်ဘက်ကို ဝင်လိုက်ရင် အလုပ်ကိစ္စနဲ့လာတဲ့ မိတ်ဆွေတွေအတွက် ဧည့်ခန်း။ သူ့နောက်ဖက်က ဧည့် dining ခန်းမရှည်။





အဲ… အိမ်ထဲရောက်ပြီး ညာဘက်ကို ဝင်လိုက်ရင်တော့… သူငယ်ချင်းကျောင်းနေဘက်တွေနဲ့ ဆွေမျိုးအသိုက်အဝန်းတွေအတွက် ဧရာမဧည့်ခန်းကြီး။ carolyn တခါတရံ တီးတတ်တဲ့ စန္ဒယားကြီးနဲ့ settee ရောင်ကွဲ ၃ စုံရှိတယ်။ အခန်းကြီးကတော့ ကျယ်ပါရဲ့။ သူ့ဥစ္စာက သူ့ဓာတ်ပုံတွေ၊ အလှအပ ပရိဘောဂတွေနဲ့ ပြည့်နေတယ်။

သူ့နောက်က အခန်းကတော့ သူတို့နှစ်ယောက်ရဲ့ home office ပဲ။ ကွန်ပျူတာစပွဲတွေနဲ့၊ ရုံးလုပ်ငန်းသုံးစက်တွေနဲ့၊ file cart အံဆွဲတွေနဲ့၊ မရှင်းရှုနယ်မြေ သတ်မှတ်ထားတော့ ရှုပ်ပွနေတတ်တယ်။ သည်နောက် ကတော့ မိသားစုနှစ်ယောက်ရဲ့ ထမင်းစားခန်းနဲ့ တွဲရက်က ကမ္ဘာပေါ်မှာ အလှပဆုံး အသန့်ရှင်းဆုံး kitchen ပဲ။ အောက်မှာ အိပ်ခန်း မရှိဘူး။ half bath ၂ ခန်းနဲ့ store ခန်းတွေပဲ ရှိတယ်။ အောက်မှာလဲ patio ရှိတယ်။ အပေါ်ထပ်မှာလဲ balcony ရှိတယ်။ ဒါပေမယ့် မသုံးဖြစ်ပါဘူး။

gary က ပရိဘောဂတွေ သူ့လက်ရာအတိုင်း နေရာမရွေ့ရ အောင် လိုက်မှတ်တယ်။ ပြီး theatre ခန်းထဲ ပြန်ဝင်တယ်။ မှောင်ပိန်း နေတယ်။ ဘာသံမှ မကြားရဘူး။ အပြင်က အလင်းရောင်လဲ ဝင်မလာ ဘူး။ အထဲကလဲ အပြင်ကို ဘာမှမမြင်ရဘူး။ screen နဲ့ မျက်နှာချင်းဆိုင် က couch ပေါ်မှာ စမ်းထိုင်လိုက်တယ်။

ပထမတော့ တခုခု ကြည့်ရရင် ကောင်းမလားလို့တောင် စဉ်းစားလိုက်သေးတယ်။ gary ထိုင်နေတဲ့ သူ ထိုင်နေကျ couch ညာဘက်အစွန်မှာက လက်တင် arm အောက်မှာ ခလုတ်တွေနဲ့ remote control တွေတော့ ရှိပါရဲ့။ ပြီး သူ့နေရာက couch ပေါ်မှာ လှဲအိပ် ချင်ရင်သာ ခြေတင်ပြီး အရှည်လိုက် လှဲအိပ်လို့ရမယ်။

ဘယ်ဘက်အစွန်က carolyn ထိုင်နေကျ နေရာမှာလိုတော့… screen ကို ခြေဆင်းပြီး ပက်လက်ကြည့်လို့ရတဲ့ ဆွဲထုတ်ခြေတင်ခုံ

PDF by www.mmnetlibrary.com



recliner မရှိဘူး။ carolyn ကတော့ theatre ထဲမှာသာ ကြည့်ဖြစ်ရင် သူ့နေရာမှာသာ သူ ထိုင်ကြည့်တာပဲ။ gary လဲ အခုထိုင်နေကျနေရာက ထိုင်ကြည့်တာပဲ။ ဒါ gary တို့ carolyn တို့ရဲ့အကျင့်ပဲ။ ထိုင်နေကျ နေရာတွေမှာပဲ ထိုင်တတ်ကြတယ်။ အိပ်နေကျ နေရာတွေမှာပဲ အိပ်တတ်ကြတယ်။ ဒါပေမယ့် သည်ညမှာတော့ gary ဘယ်လိုဖြစ်သွားတယ် မပြောတတ်ပါဘူး။ couch ပေါ် ခြေဆန့်တင်ပြီး လှဲလိုက်ပါတယ်။ တချိုးတည်း အိပ်ပျော်သွားတာပဲ။

gary ဘယ်အချိန်က အိပ်ပျော်သွားတယ်တော့ မပြောတတ်ဘူး။ သူ သိတာ သူ ထင်တာကတော့၊ သူ အိပ်မက် မက်နေတယ်။ အဲသည် အိပ်မက်ထဲမှာလဲ သူ အိပ်နေတယ်။ ဒါပေမယ့် အိပ်မက်ထဲမှာ အိပ်နေတဲ့လူက သူ gary မဟုတ်ဘူး။ လူလဲ မဟုတ်ဘူး။ boa လို့ ခေါ်ကြတဲ့ တောထဲက ဧရာမမြွေကြီးဖြစ်နေတယ်။ ဒါပေမယ့် စိတ်မကောင်းစရာက…သူ့ကို လူတွေက ဖမ်းမိထားတယ်နဲ့တူတယ်။ မခွေသာ မကွေးသာ မှန်ခေါင်းရှည်ကြီးထဲမှာ အလျားလိုက် ထည့်ထားတယ်။ လူတွေကလဲ မကောင်းကြဘူး။ ကိုယ့်အသား အနာခံပြီး… အကြင်နာမဲ့… အဓိပ္ပာယ်မဲ့… မှန်ခေါင်းကြီးကို ထုကြရိုက်ကြတယ်။

gary မှာ လောလောဆယ် ဘာ telephone မှ မရှိပါဘူး။ အိမ် phone တွေလဲ ၂ လစာ ပြေစာ မဆောင်တော့ ဖြတ်ထားပြီး နေမှာပေါ့။ နော့… ပြေစာလဲ မဆောင်၊ အဆက်အသွယ်လဲ လုပ်လို့မရ၊ phone ကိုလဲ အသုံးပြုတာ မတွေ့ရတော့… ဖြတ်တာ စိတ်ဆိုးစရာ မရှိပါဘူး။

gary ရဲ့ ကိုယ်နဲ့မကွာထားတဲ့ cell phone တွေလဲ ဘယ်မှာ ပါလာတော့လို့လဲ။ ဒါပေမယ့် phone ခေါ်သံထင်ရဲ့။ ပြတ်တောင်း ပြတ်တောင်းနဲ့ သဲ့သဲ့ကြားနေရသလိုပဲ။ အုံးနေတဲ့ မှီအုံးကို နားရွက်နဲ့





ခွာပြီး ခေါင်းမ ၊နားစွင့်လိုက်တော့မှ… ဟုတ်တယ်။ အိမ်ရှေ့တံခါး ပေါက်က… ding dong…ding dong နဲ့ door bell မြည်နေတာ…။ gary အိပ်ရေးမဝပေမယ့် လူးလဲထလိုက်တယ်။

theare ထဲက ac ကလဲ စိမ့်နေတော့၊ လူတကိုယ်လုံးလဲ တောင့်နေတယ်။ ထော့နင်း ထော့နင်းနဲ့ပဲ ထွက်ခဲ့တယ်။ gary မျှော်လင့်တာက breakfast လာပို့ကြမယ်ဆိုတဲ့ cate နဲ့ ted ပဲ။ ဒါပေမယ့် ဖွင့်လိုက်တော့ လူတွေက အများကြီးပါလား။ သည်လူအုပ်ကို တွေ့လို့… breakfast tray အပ်ထားခဲ့ပြီး အလုပ်သွားနှင့်ကြပြီတဲ့။

အမေက hug လုပ်ရင်း ပြောတယ်။ အမေနဲ့အတူ… ဆေးရုံမှာ တုန်းကလဲ လာနေကျ ညီမအငယ်ဆုံး ဆေးကျောင်းသူ tami နဲ့ သူ့ boy friend လဲ ပါတယ်။ အကိုအကြီး အမေ့လက်စွဲ jeff လဲ ပါတယ်။ ကျန်တာတွေတော့ gary မသိဘူး။ အမျိုးသမီး၊ အမျိုးသား တဒါဇင်လောက် ပါတယ်။ ခြံထဲမှာ ကားတွေ အပြည့်ပဲ။ အကိုက cell phone တလုံး ယာယီသုံးဖို့ဆိုပြီး ပေးတယ်။

phone co. တွေရော၊ gas နဲ့ energy ရော၊ cox ရောကို အကုန် သူ ဆက်သွယ်ပြီး activate လုပ်လိုက်ပြီတဲ့။ insurance ကိစ္စတွေပဲ မင်းနဲ့ တနေ့ လာထိုင်ပြီး လုပ်မယ်တဲ့။ အမေကတော့ လူတွေ ခေါ်လာတာ… home ရော garden ရောကို သန့်ရှင်းဖို့…တဲ့။ ကောင်မချောချောကလေး နှစ်ယောက်ကတော့ ငါ့သားအိမ်အတွက် maids…တဲ့။

gary က လက်ကာ ပြလိုက်တယ်။ တယောက်မှလဲ မလိုချင်ဘူး။ အပြတ်ငြင်းလိုက်တယ်။ သည်အိမ်မှာ carolyn ရဲ့ လက်ရာ ခြေရာတွေကို လုံးဝအပျက်မခံနိုင်ဘူး…။ carolyn ရှိနေတုန်းက အတိုင်း အိမ်ဖော်လဲ လုံးဝမထားဘူး…လို့ မျက်စိပျက် မျက်နှာပျက်နဲ့

PDF by www.mmnetlibrary.com



ပြောလိုက်တယ်။ ဒါပေမယ့် အမေနဲ့ ညီမလေးရဲ့ ပုခုံးကိုဖက်ပြီး ညာဘက်ရှေ့ခန်းကျယ်ထဲ ဦးဆောင်ခေါ်ခဲ့ပါတယ်။ ညီမလေး tami ကလဲ မေးပါတယ်။

...gary... အစ်ကို မျက်နှာသစ် ရေချိုးအုံးမလား . . . တဲ့။ ညီမလေး breakfast ပြင်ထားလိုက်မယ်လေ . . . တဲ့။ ညီမလေးကို နှစ်ခေါက် သုံးခေါက်လဲ လူနာလာမေးထားဖော် ရတာနဲ့ . . . ချစ်ပြီး နဖူးကို နမ်းပေးလိုက်ပါတယ်။

အမေကလဲ သားရဲ့ ပူပူနွေးနွေး ခံစားချက် sentiment ကို နားလည်တန်ဖိုးထားတဲ့အနေနဲ့ . . . သူ ခေါ်လာတဲ့ လူတွေကို အကုန် ပြန်လွှတ်လိုက်ပါတယ်။ မိသားစုပဲ ကျန်တော့လို့ . . . ရေမိုးချိုးမယ်၊ breakfast လား brunch လား စားဖို့ ပြင်မယ်ဆိုတော့ . . . အကိုကြီး jeff ကလဲ သူ့အလုပ်မရှိတော့ဘူးဆိုပြီး နှုတ်ဆက်တယ်။ gary နားလည်ပါတယ်။ jeff က အဖေ့အလုပ်မှာ managing director ပါ။ အဖေ့ကိုယ်စား လိုက်လာတာ နေမှာပါ။ အရမ်းအလုပ်များပါတယ်။ သာမန်ဆိုရင် ညီအကိုချင်း private တွေ့ဖို့ တောင် မလွယ်ပါဘူး။

မိသားစု ၄ယောက်ပဲ ကျန်တော့တဲ့အခါ ညီမနဲ့ ယောက်ဖကို ပုခုံးဖက်အားပြုပြီး၊ အပေါ်ထပ်တက်ခဲ့ကြပါတယ်။ အပေါ်ထပ် လှေကားအတက်က family ခန်းမှာ ထိုင်ကြပါတယ်။ gary က သူ့အိပ်ခန်းထဲကို အဝင်မခံပါဘူး။ courtesy အရ ဘယ်သူကမှလဲ ဝင်မှာမဟုတ်ပါဘူး။ ဒါပေမယ့် လိုက်လာမှာ စိုးလို့ . . . ခွင့်ပန်ပြီး အိပ်ခန်းထဲက ရေချိုးခန်းမှာ ပြေးဝင် ရေချိုးပါတယ်။

ခဏကြာမှ ပြန်ထွက်လာပြီး . . . အမေနဲ့ ယောက်ဖနဲ့အတူ အောက်ပြန်ဆင်းလာခဲ့ကြတယ်။ brunch စားရင်းနဲ့မှ gary က ညက တညလုံး သူ အိပ်မရပုံတွေ၊ ဝိုရပုံတွေကို ပြောပြတယ်။ ဒါကြောင့်





သည်အောက်ထပ်က theatre ထဲမှာ couch ပေါ် အိပ်ပျော် ခဲ့ရတာတွေ ပြောပြတယ်။ အမေတောင် မျက်ရည်လည်တယ်။ tami ကတော့ သူ့ကျောဘက်မှာ ရပ်နေပြီး၊ gary ပုခုံးတွေကို ပွတ်သပ်ဆုပ်နယ်ပေးနေတယ်။ ယောက်ဖကတော့ သူ့ phone လာတာနဲ့ ဟိုအိမ်ရှေ့အထိ ထွက်ပြောပြီး ရှောင်ပေးတယ်။

ပြောလို့ ဝကြတော့ tami က သိမ်းဆည်းပြီး၊ dish washer ထဲထည့် ခလုတ်နှိပ်ပေးထားခဲ့ပါတယ်။ အမေက ပြောတယ်။ လာမယ့် သောကြာနေ့က carolyn ဆုံးတာ ၂ လပြည့်တဲ့နေ့ . . . တဲ့။ အမေတို့ရဲ့ henderson က mansion မှာ memorial gathering လုပ်မယ်တဲ့။ တပတ်ပြည့်တုန်းကလဲ လုပ်ခဲ့တယ်။ တလပြည့်တုန်းကလဲ လုပ်ခဲ့တယ်။ သည်တခါ တတိယအကြိမ်ဖြစ်တယ်။ အမေတို့ကလဲ carolyn ကို ချစ်ပါတယ်တဲ့။ မနက်ပိုင်းကတည်းက tami က ခွင့်တိုင်ပြီး သူ လာခေါ်မယ်တဲ့။

'မလိုပါဘူး . . . အဲသည်ရက်လောက်ဆိုရင် ငါ ကားပြန်မောင်းနိုင်ပြီဟ . . . သင်တန်းတက် မဖျက်ပါနဲ့' . . ပြောတာလဲ မရဘူး။ မောင်းနေပြီ . . . မမောင်းရသေးဘူး . . . သေချာသိရအောင် တရက်ကြို phone ဆက်မယ်ဆိုပြီး phone သစ်က နံပတ်ကို သူ့ဖုံးနဲ့ခေါ်ပြီး ထည့်ယူသွားတယ်။ တချက်ခုတ် ၂ ချက်ပြတ်ပေါ့။ သူ့ cell phone နံပတ်လဲ gary ရဲ့ phone ထဲမှာ ပထမဆုံး ခေါ်တဲ့ လူအဖြစ် အမှတ်တရ ကျန်ရစ်ရော။

## ၃

ဆေးရုံကဆင်းတော့ physical therapist က လိုရမယ်ရ ဂျိုင်းထောက်တစုံ ယာယီ ဆောင်ထားပါလားလို့ ပြောတယ်။

PDF by www.mmnetlibrary.com



ဂျိုင်းထောက်ကြီးနဲ့ မလျှောက်ချင်ပါဘူး၊ ကြိုးစားလေ့ကျင့်မယ် ဆိုပြီး လက်မခံခဲ့ဘူး။

အရိုးကတော့ ဆက်နေပါပြီ။ ဓာတ်မှန်ရိုက်ထားတာ တွေ့နေရသားပဲ။ ဒါပေမယ့် ကျိုးတဲ့နေရာကလဲ ပေါင်လယ်မှာ၊ ကျိုးပုံကလဲ အရိုးပါ ကျေသွားတာဆိုတော့··· ပေါင်တိုမသွားအောင် အရိုးတု ပိုက်တိုကလေး ကြားခံဆက်ထားတယ် ပြောတယ်။ ဒါကြောင့် အရိုးဆက်တွေမှာ လုံလောက်တဲ့ ကြီးပေါင်းမတက်ခင် နည်းနည်းနာတာပါတဲ့။ ကြာရင် နာတော့မှာ မဟုတ်ပါဘူးတဲ့။ ဟန်ကျပါတယ်။ ခြေထောက်လဲ သိပ်အသုံးပြု လမ်းလျှောက်နေစရာ မလိုတော့ပါဘူး။ ကောင်းကောင်း ပြန်ကားမောင်းလို့ ရနေပြီပဲ။ မြို့တောင် တပတ်လောက် ပတ်ပြီးနေပြီ။

ခုတော့ ရပ်ကွက်တွေထဲက လမ်းမ လမ်းငယ်တွေ··· local ပဲ gary မောင်းကြည့်နေသေးတယ် ဆိုပါတော့။ strip ပေါ် I 15 ပေါ် မတက်သေးဘူး။ carolyn ရဲ့ ယောကျ်ားပဲ။ accident ကြောက်လို့တော့ မဟုတ်ပါဘူး။ ကိုယ့်အခြေအနေက ပုံမှန်မဟုတ်သေးတော့ ရှောင်တာပေါ့နော်။

accident ဆိုတာကလဲ သိတယ်မဟုတ်လား။ carolyn တုန်းကလိုပေါ့။ ကိုယ့်ဘက်က မမှားလဲ··· သူ့ဘက်က မှားတော့ ခံလိုက်ရတာပဲ မဟုတ်လား။ carolyn လုံးဝ မမှားဘူး။ speed လဲ လျှော့ထားပြီ။ accelerater ပေါ်မှာတောင် ခြေထောက်မရှိတော့ဘူး။ brake ပေါ် တင်ထားပြီ။ ကြည့်နေစရာ မလိုဘူး။ driver ချင်း စက်သံကြားရုံနဲ့ သိတယ်။ ပြီး ယာဉ်ကြော အပြောင်းအလွဲလဲ မရှိဘူး။ hi-way ပေါ်မှာနော်။

ဘာမှမဆိုင်တဲ့··· ကိုယ်နဲ့ ဂိုက် ၂၀ လောက်အကွာ မျက်နှာချင်းဆိုင်လမ်းက မောင်းလာတဲ့ကားက ဝင်တိုက်တာရယ်။ သူ့ဘက်က





မှားတော့လဲ ကိုယ့်အသက်ဆုံးရှုံးလိုက်ရတာပဲ။ အဲတော့ ရှောင်တာ အန္တရာယ်အကင်းဆုံးပဲ။ ပြီးတော့ ကိုယ်က carolyn လောက် ကားမောင်းကျွမ်းတာလဲ မဟုတ်ဘူး။

ပြီး သိတယ်နော်···။ လူတွေရဲ့ ပါးစပ်ပေါက်တွေကလဲ စည်းကမ်းရှိကြတာ မဟုတ်ဘူး။ သေချာမသိပဲနဲ့လဲ ရမ်းပြောတတ်ကြတယ်။ gary အထက်တန်း ကျောင်းသားဘဝတုန်းက တခါတရံ အပေါင်းအသင်းနဲ့ ဆေးလိပ်သောက်လာတာ မြင်ရင်တောင်··· ခပ်တည်တည် ဆွဲဖြုတ်ပြီး ရှေ့မှာတွင် သူ့ဖိနပ်နဲ့ နင်းချေပစ်တတ်တဲ့ မိန်းမ။ ဆေးလိပ်သောက်တာတောင် မကြိုက်တဲ့ carolyn...။

ပြောချင်တော့ ခုလို accident ဖြစ်ရတာ မူးယစ်ဆေးဝါးသုံးစွဲလို့တဲ့။ carolyn တို့လိုပဲ ချမ်းသာတဲ့ အမွေခံ billionaire ရဲ့ သမီး parisa နဲ့ ရောပြီး၊ မဟုတ်မတရား စွပ်စွဲကြသေးတာပဲ။ carolyn နဲ့ parisa က ချမ်းသာပြီး နာမည်ကြီးတာချင်း တူပေမယ့်၊ famous နဲ့ notorious ပါ။ ဘာမှမဆိုင်ဘူး။ gossip ဆိုတာကတော့ gossip ပဲ။ ဘာတတ်နိုင်မှာလဲ။ မမြင်ကွယ်ရာမှာ မကောင်းပြောကြတာပဲ။ ဒါပေမယ့် ကြာတော့လဲ မေ့ပျောက်သွားကြလိမ့်မယ်၊ ကောင်းသွားကြလိမ့်မယ်··· လို့ gary မျှော်လင့်ထားပါတယ်။

gary စဉ်းစားပြီး ပြုံးမိတယ်။ ကြာရင် ကောင်းသွားမှာပါ။ ကြာရင် ပုံမှန်ပြန်ဖြစ်သွားမှာပါ···ဆိုတာက 'အချိန်က ကုစားလိမ့်မယ်···' time will cure ဆိုတဲ့ အယူအဆပဲ။ gary ရဲ့ပေါင်လယ်က အရိုးကျိုးထားတဲ့ ဒဏ်ရာရော၊ carolyn နဲ့ ပတ်သက်တဲ့ gossip ရော··· ကြာရင် မေ့ပျောက်သွားကြလိမ့်မယ်ပေါ့။ gary ကတော့ မယုံပါဘူး။ သူ့ပေါင်အရိုးကျိုးဒဏ်ရာအတွက်ကတော့ ဟုတ်ကောင်းဟုတ်မယ်။ carolyn ကိုတော့ ဘယ်တော့မှ မေ့နိုင်မှာမဟုတ်ပါဘူး။

PDF by www.mmnetlibrary.com



ဘယ့်နှယ်… သိရက်နဲ့၊ အိမ်မှာ gary နေလို့ မရဘူး။ မြင်နေရသမျှ၊ ထိတွေ့နေရသမျှတွေက carolyn နဲ့ တွဲနေတာချည့်ပဲ။ ဘယ်ကိုကြည့်ကြည့် သူရှိတယ်။ ဘာကိုကြည့်ကြည့် သူ့ကိုချည့် မြင်တယ်။ အောက်မေ့တယ်။ လွမ်းတယ်။ ပြန် အတူနေချင်တယ်။ မရမှန်းသိတော့ ထွက်ပြေးချင်တယ်။

အိမ်မှာ မနေချင်ဘူး။ ခံစားရလွန်းတယ်။ သက်သာမယ် ထင်ရာ ထွက်တယ်။ သူ မပါပဲ ဘယ်မှ မထွက်ရဘူး… ထွက်ရင်လဲ သူ အမြဲပါမယ်… ဆိုပေမယ့် ခု သူ မပါနိုင်တော့ဘူး။ gary ထွက်တယ်။ carolyn နဲ့အတူ သွားဖူး လာဖူး စားဖူး သောက်ဖူးတဲ့ နေရာတွေဟူသမျှ gary အကုန်ရှောင်တယ်။

သူ အလုပ်လုပ်တဲ့နေရာ၊ carolyn အလုပ် လုပ်တဲ့နေရာတွေကိုလဲ gary မဝင်ဘူး။ ယုတ်စွအဆုံး… သူ့ဘက် ကိုယ့်ဘက် ဆွေမျိုးသားချင်းတွေ ရှိမယ့်နေရာမှန်သမျှကိုလဲ မချဉ်းကပ်ဘူး။ မတွေ့ရ မမြင်ရရင် ဘာပဲပြောပြော အဟောင်းက အသစ် ပြန်မဖြစ်လာနိုင်ဘူးပေါ့နော်။

အိမ်မှာ breakfast ကလွဲပြီး ဘာမှ မစားခဲ့ကြဖူးတော့လဲ ဘာခက်တာမှတ်လို့။ ခုတော့ သောက်ရေပုလင်းက လွဲပြီး ဘာမှလဲ မဝယ်ဘူး။ ဘာမှလဲ မစားဘူး။ အပြင်ဆိုင်တကာ လှည့်စားတယ်။ အပြင်ဆိုင်ဆိုရာမှာတောင် ဘယ် hotel ဘယ် casino တွေထဲက စားသောက်ဆိုင်မှာမှ ဝင်မစားဘူး။ မျက်နှာသိတွေနဲ့ မတွေ့ချင်လို့။

သိတယ်နော်…။ တချို့ ဘဏ်တွေထဲမှာ gary ရဲ့ပိုက်ဆံတွေ ရှိပါတယ်။ ဒါပေမယ့် ဘယ့်နှယ်လုပ် ထုတ်လို့ရမလဲ။ I.D ကအစ ဘာ card မှ မရှိတော့ဘူးလေ…။ ပြန်လျှောက် စောင့်နေရတယ်။ လာမယ်၊ ကြာမယ်။ ဆိုတော့ အမေ့ရဲ့ credit card တခု ခဏယူသုံးနေရ





တယ်။ ကားကတော့ ကိုယ့်ကားကိုယ်နဲ့ carolyn ရဲ့ bmw ပဲ license မရှိပဲ ကြည့်မောင်းနေရတယ်။

သေချာတာကတော့ ဘယ်ကားနဲ့ပဲဖြစ်ဖြစ်… မနက်အိပ်ရာထ တခေါက်ထွက်လိုက်တယ်နော်။ နေ့ခင်း Lunch အပြီး အိမ်ပြန် တရေးနှပ်တဲ့အခါမှ ပြန်ရောက်တာပဲ။ ပြန်နိုးပြီနော်။ ရေမိုးချိုးပြီး တကြော့ပြန် လျှောက်လှည့်ထိုင်တာပဲ။ အဲဒါ… တခါတရံ ညသန်ကောင်ကျော်မှ အိမ်ပြန်ရောက်တော့တယ်။ ဘာတွေ လုပ်နေတာတုန်းဆိုတော့ gary မှာလဲ လူလတ်တန်းစား မိတ်ဆွေသစ်တွေ ရလာနေပြီလေ…။ လူလတ်တန်းစား ရုံးအလုပ်သမား၊ ဆိုင်အလုပ်သမား၊ ဘဏ်အလုပ်သမားတွေထဲက မိန်းမ၊ ယောကျ်ား ရွယ်တူ မိတ်ဆွေတွေပေါ့။

အထူးသဖြင့် ညနေဘက်ဆိုရင် ဆုံကြတဲ့ နေရာတွေ များတယ်။ I.15 ရဲ့ အနောက်ဖက်ခြမ်း၊ hotel တွေ casino တွေပါးတဲ့… rainbow တို့… decatur တို့… buffalo တို့… apache တို့ဘက်က club တွေ၊ tavern တွေ၊ bar တွေမှာ စက်ကျကြလေ့ ရှိတယ်။ သည်ဆိုင်တွေမှာက လွတ်လပ်တယ်လေ…။ တချို့ဆိုင်တွေမှာက ကောင်မလေးလှလှကလေးတွေက သီချင်းဆို ဖျော်ဖြေကြတယ်။ တချို့ ကပြဖျော်ဖြေကြတယ်။ အများအားဖြင့်ကတော့ စပွဲထိုးကြတယ်။

တခုတော့ ရှိတယ်။ သည်ဆိုင်မျိုးတွေရဲ့ ပုံမှန်အဓိကဖောက်သည်တွေကတော့… အလုပ်ခွင်မှာ တနေကုန် ကွန်ပျူတာနဲ့ နပန်းလုံးနေရတတ်တဲ့ ယောကျ်ားတွေပဲ။ ဆိုတော့ ယမကာနဲ့ အရက်က အဓိကရောင်းကုန်ပဲ။ အကြော်အကင်စသဖြင့် အစားအစာလဲ ရကြပါတယ်။ ပုံစံတမျိုးစီပေါ့လေ…။

gary လဲ မိတ်ဆွေသစ်တွေ အတော်တိုးလာသလို အကျင့်တွေလဲ တိုးလာပါတယ်။ ခုဆိုရင် gary မှာ သောက်တတ်တဲ့ အကျင့်

PDF by www.mmnetlibrary.com



ကလဲ အတော်ယဉ်ပါးလာပါပြီ။ …မူးမူး… မမူးမူး… ငမူးငရူးလို… သီချင်းတွေ လိုက်အော်ဆိုတတ်တဲ့… ညနေစောင်းလွတ်လပ်မှု happy hour ရဲ့ အရသာကလေးကိုလဲ လိုလိုလားလား ခံစားတတ်လာပါပြီ။

ပထမဆုံး gary ကို ဖျက်ဆီးတာကတော့ မျက်လုံးပြူးပြူးနဲ့ စာပွဲထိုး အမဲမကလေးတယောက်ပဲ။ gary ကို ချိန်းထားတာက ဘဏ်တခုက banker တယောက်ပါ။ သူက မရောက်လာသေးတော့ တခုခု သောက်နှင့်မယ်ဆိုပြီး ဖျော်ရည်ပဲ မှာလိုက်တာပေါ့။

အဲဒါ ကောင်မလေးက စပွဲပေါ် ဖင်တစောင်းတက်ထိုင်ပြီး ဘာပြောတယ် မှတ်သလဲ။ …ရှင် ဆိုင်မှားပြီး ဝင်လာတာ ထင်တယ်… ကျမတို့ဆိုင်မှာ ရေက အလကားပေးတာ… ရောင်းတာမဟုတ်ဘူး …တဲ့။ ခုန်ဆင်း ထွက်သွားရော။

အဲသည်တခါက စပြီး၊ နောက်နေ့တိုင်း အရက်မှာရတော့တာပဲ။ သောက်တာကတော့ သောက်ဖူးပါတယ်လေ…။ ပွဲတွေ လမ်းတွေမှာ…။ ဘယ်အရက် အမျိုးအစားက… ကောင်းတယ် မကောင်းဘူး၊ ဈေးကြီးတယ် မကြီးဘူး… ဆိုတာလဲသိပါတယ်။ ခုတော့ ရောက်တယ် နော်…။ green label ဆိုပြီး တတောင်ဆစ်တဖက်ကို ကိုင်ပြလိုက်တယ်။ whisky တပုလင်းပေါ့။ ဒါဆို သူတို့ ကျေနပ်တယ်။ check bill ဆိုရင်လဲ… စောင့်ကြည့်တယ်။ ထားပစ်ခဲ့ရင်လဲ စပွဲထိုးမကလေး တွေက… tips ကို အရင်မသိမ်းဘူး။ ပုလင်းလက်ကျန်ကို လုကြတယ်။

gary က သတိနဲ့ သောက်တာပဲ။ ဘယ်တော့မှ တဝက် မကျိုးတတ်ပါဘူး။ ပြီးတော့ တလုံးကို ၃၆၀ ပေးရတာလေ… tax မပါသေးဘူး။ ပြီးတော့ တချို့က လျင်တယ်။ ကားနားအထိ လိုက်ပို့ တယ်။ မလိုအပ်ပဲ တွဲတယ်။ အမှန်ကတော့ စီးလာတဲ့ ကားအမျိုးအစားနဲ့ model ကို ကြည့်မှတ်တာလေ…။





သူတို့ မှတ်မိနေပြီ…။ ဝင်လာတာနဲ့ တပြိုင်နက် gary ရဲ့ လက်မောင်းကို အရင်ဦးအောင် လုတွဲချင်နေကြပြီဆိုရင်… gary လဲ ဘုံပြောင်းရပြန်ပြီ။ အသွင်အပြင် ပြောင်းသွားရအောင်လဲ ခေါင်းမှာ wig တပ် ရုပ်ဖျက်ရပြန်ပြီ။ နဖူးဆံစက ကန့်လန့်ဖြတ် အကျည်းတန် အမာရွတ်လဲ ဖုံးရာရောက်၊ ကမ္ဘာကျော် ရုပ်ရှင်မင်းသား tom cruise ...impersonater ရုပ်လဲ ပေါက်ပေါ့။ ပြီး စီးလာတဲ့ကားလဲ ပြောင်းရမယ်။ လိုက်ဖက်အောင် carolyn ရဲ့ ပြိုင်ကား model...shelby 500 gt. နဲ့ ထွက်ပေါ့။ နေကာမျက်မှန်အနက် ညာဘက်တပ်လိုက်ရင် ဘယ် ကောင်မစုတ်ကလေးတွေ မှတ်မိနိုင်တော့မလဲ။

နောက်တရက်ကျတော့ မနေ့ကဆိုင်နဲ့ မိနစ် ၂၀လောက် မောင်းရတဲ့ blue diamond ဘက်က ဆိုင်တဆိုင်ကို ပြောင်းဝင်လိုက် တယ်။ သည်ဆိုင်ကိုလဲ… ဆိုင်တကာ လည်သောက်နေတော့… တချိန် က သောက်ဖော်တယောက်နဲ့အတူ… ရောက်ခဲ့ဖူးတယ်လို့ ထင်တာပဲ။ ဒါပေမယ့် မမှတ်မိတော့ပါဘူး။ ဆိုင်ထဲရောက်တော့မှ သတိရတယ်။ အရင်တုန်းကတော့ ခုလောက်ကို ပရိသတ်မရှိဘူး။ အခုတော့ မဆိုး ပါဘူး။ တဖက်နံရံမှာ slot machine တွေနဲ့ ထိုင်သောက်ရင်း ကစားနေ ကြတဲ့ လူတွေမှ ခုံပြည့်။ မကစားပဲ စပွဲကုလားထိုင်နဲ့ သောက်စားနေ ကြတဲ့ လူတွေလဲ ရှိလို့ပဲ။

သည်ဆိုင်မှာက စပွဲလွတ်ပေါ်တက် မလုံ့တလုံနဲ့ ခုန်ပေါက် ကပြနေတာမျိုးလဲ မရှိဘူး။ ဆိုတော့ drum set နဲ့ စည်းချက်လိုက်နေတဲ့ ဖိနပ်ဂီတလဲ မရှိဘူးပေါ့။ ဂီတနဲ့ သီဆိုဖျော်ဖြေမှုလဲ လုံးဝမရှိဘူး။ ပရိသတ်ကလဲ မူးရူးပြီး ဟေးလားဝါးလား မအော်ကြဘူး။ မှတ်ချက် ပေးရရင် အရက်ဆိုင်ချင်းအတူတူ သည်ဆိုင်က decent ဖြစ်တယ်။ စပွဲထိုးမကလေးနှစ်ယောက်ကလဲ ဣန္ဒြေရရလှလှကလေးတွေပဲ။

PDF by www.mmnetlibrary.com



gary ကတော့ သည်လိုဆိုင်မျိုးကို hotel ကြီးတွေထဲက bar တွေနဲ့ တူလို့ ကြိုက်တယ်။ အစားအသောက်ကလဲ မဆိုးပါဘူး။ သူတို့ရဲ့ deli.special 'ခြင်းထဲကကြက်' လို့ နာမည်ပေးထားတဲ့ chicken in a basket... ကြက်ကောင်လုံးကြော် ကြွပ်ကြွပ်ကလဲ လူကြိုက်များတယ်။ gary လဲ စားဖူးပြီး တခါတည်းနဲ့ ကြိုက်သွားတယ်။ ဒါပေမယ့် gary ရဲ့ သောက်ဖော်က မကြိုက်ဘူး။ ခေါ်လို့ မရဘူး။ ပျင်းစရာကောင်း တယ် တဲ့။ အိမ်မှာ သောက်နေရတာနဲ့ တူတယ်တဲ့။ ဒါနဲ့ gary လဲ နောက်တခေါက် မရောက်ဖြစ်တော့ဘူး။

ဆိုင်က gary တို့နေတဲ့ spainish trail နဲ့ကလဲ အတော်ကလေး ဝေးတော့၊ တယောက်တည်းလဲ မရောက်ဖြစ်တော့ဘူး။ ဒါပေမယ့် နောက်တောက်တောက်နဲ့ စပွဲထိုး ကောင်မငယ်ငယ်ကလေး သဘောကောင်းတာ၊ ရင်းရင်းနှီးနှီးဆက်ဆံ တာကိုတော့ မှတ်မိတယ်။ သူ့လက်ကိုပြ··· ရွှံသလား··· မေးပြီး၊ gary ကဖြင့် ဘာမှမဖြေရသေးပဲနဲ့ ကြက်ကောင်ကြော်ကို ခပ်တည်တည် ဖဲ့ရွဲ့ပေးတယ်။ တခြားဆိုင်တွေကလို··· ခွဲ့ကျွေးတာမျိုးတော့ မလုပ်ပဲ၊ သူကပါ စားချင်တာ ယူစားတယ်။ ပြီး စိတ်ဆိုးမဆိုး လှမ်းကြည့်ပြီး၊ ပြုံးပြလိုက်သေးတယ်။ ကလေးလေးလို ချစ်စရာကောင်းပါတယ်။ မျက်နှာကလေးကလဲ ချိုပါတယ်။ လှတော့ သိပ်မလှလှဘူး။ ပြီး မက်မောလောက်စရာလဲ ဘာ curve မှ မရှိဘူး။

အသက်ကလဲ gary ရဲ့ အငယ်ဆုံးညီမ tami ထက်တောင် ငယ်အုံးမယ်ထင်တယ်။ ဒါပေမယ့် ငယ်သာ ငယ်တာနော်···။ သူ့အကြည့်က လူကို မျိုတော့မတတ်ပဲ။ အမှန်တော့ အဲသည်ညနေက တခါပဲ ဆုံလိုက်ရတာပါ။ ကြာဖြင့် ကြာလှရောပေါ့။ သုံးလေးငါးလ တောင် ရှိရော့မယ် ထင်တယ်။





သည်ညနေမှ ခုတခါ ပြန်ဆုံဖြစ်တာပဲ။ အမှန်တော့··· မရောက်ဖူး၊ မသောက်ဖူးသေးတဲ့ ဆိုင်အသစ်ပဲလေ··· ဆိုပြီး gary က ရမ်းဝင်လိုက်တာ ဖြစ်တယ်။ အရက်ခွက်ကို ရေခဲတုံးလှုပ်ပြီး ကိုင်တိုက်၊ မေးကိုထိန်း မော့ထားပြီး ပုဇွန်ကြော်ကို အမြီးကနေ ကိုင်ခွဲ့ကျွေး၊ ရင်ညွှန့်က ဆွဲကြိုးကို မျက်နှာရှေ့မှာ ဝဲခိုင်းပြီး··· နဖူးသိုက်တူးခံရမယ့် အန္တရာယ်က ဝေးရင်ပြီးရော··· ဆိုတဲ့အနေနဲ့ လမ်းကြုံရာ ဝင်ခေါင်းဆိုက် ရပ်လိုက်တာလဲ ဖြစ်တယ်။ လုံးဝ မမှတ်မိပါဘူး။ ဆိုင်နာမည်···kyra's tavern...ဆိုတာတောင် ခု ကားရပ်လိုက်မှ ဖတ်ဖြစ်တယ်။ ဒါကလဲ စီးလာတဲ့ကားက ပြိုင်ကားမျိုး အမိုးဖွင့်ဖြစ်နေလို့။

အမှန်ပြောရရင် ဆိုင်ထဲအထိသာ ရောက်လာတယ်။ မသောက်ရသေး၊ မမူးသေးပဲနဲ့ ဆိုင်လဲ မမှတ်မိပါဘူး။ သူ့ကိုလဲ မတွေ့ရသေးတော့ မမှတ်မိပါဘူး။ ရိုးရိုးတန်းတန်းပဲ တွေ့ရာ စပွဲလွတ်တလုံးမှာ gary ဝင်ထိုင်လိုက်တယ်။ ထိုင်ထိုင်ချင်းပဲ နောက်ပါးက ဖဝါးမခွာ သူ ရောက်လာတယ်။ ပြီး gary ရဲ့ ဘယ်ဘက်ပခုံးစွန်းကို သူ့ညာဘက် ခါးစောင်းရိုးနဲ့ သိသိသာသာ ဝင်ဖိတိုက်ပစ်လိုက်တယ်။ မတောင်းပန်ဘူး။ ရမ်းလှရိုင်းလှချည့်လား ဆိုပြီး ဒေါသနဲ့ မော့ကြည့်လိုက်တော့ သူ ဖြစ်နေတယ်။

ဘယ်သူရယ်လို့ နာမည်မသိတဲ့သူ။ အိုး··· ဘယ်သူများ လဲလို့··။ အရင်တခါ ကြက်ကြော်ကို လက်အိတ်မစွပ်ပဲ ဖဲ့ရွဲ့ထွင် ပေးခဲ့တဲ့ စပွဲထိုး ကောင်မလေး မဟုတ်လား။ သည်တစ်ခါတော့ သူ့ အကြည့်က··· မျိုမယ့်အကြည့်၊ ညို့ကြည့်မဟုတ်ဘူး။ ပေါက်သတ် မယ့်အကြည့်။ အငြိုးကြည့်။

"နင်က ဘယ်စားကျက် ပြောင်းနေတယ် မသိဘူး··· ငါ ကဖြင့် ညနေတိုင်း မျှော်လိုက်ရတာ···"

PDF by www.mmnetlibrary.com



ကြည့်စမ်း… သူ ပြောလိုက်ပုံက…။ ချစ်သူချင်း ပြန်ဆုံတဲ့အခါ ရန်တွေ့တာလိုပဲ။ gary တအား အံ့သြသွားတယ်။ ရဲတင်းလှချည့်လား။

gary တော့ သည်ကောင်မလေး သူ့အပေါ် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဆက်ဆံလိုက်လို့ မှတ်မိနေတယ်ပဲ ထားပါတော့။ သူက ဘယ့်နှယ်ကြောင့် ခါးစောင်းတိုက်၊ ဖင်နဲ့ပေါက် နှုတ်ဆက်ရန်တွေ့ ရလောက်တဲ့အထိ ပီဘိချစ်သူရည်းစားတယောက်လို မှတ်မိနေရတာတဲ့တုန်း။

ပြီး… အရင်တခါ တွေ့ခဲ့ရတဲ့ကောင်က မွန်မွန်ရည်ရည် သန့်သန့်ခန့်ခန့်။ အခုကောင်က လမ်းကြားက ပေါက်လွှတ်ပဲစား အရက်သမား။ အဲသည် ခြားနားချက်ကို သူ မမြင်ဘူးလား။ လူတယောက်တည်း ဆိုတာကို သူ ဘာကြည့် မှတ်မိနေရတာလဲ။ ထားပါလေ… အဲဒါ နောက်မှ စဉ်းစား။ အခု အရက်သောက်မယ်။

"ဟော့… ဘယ်မှ စားကျက်ပြောင်းနေတာ မဟုတ်ဘူး… သည်ဆိုင် ပျောက်နေတာ… နာမည်မမှတ်ထားမိလို့…ရှာမရလို့…"

"okie dokie ယုံလိုက်ပြီ…"

"ယုံရင်ပြီးတာပဲ… နက်ဖန်က စပြီး နေ့တိုင်း လာမယ်…။ green label... Litre ပုလင်း ယူလာခဲ့… နောက် chicken in a basket..."

"ပုလင်းလိုက် ဘာလုပ်မှာလဲ… ကုန်နိုင်မှာမို့လား… ဈေးကကြီးပါဘိသနဲ့…"

စကားများတယ်။ ကုန်နိုင်၊ မကုန်နိုင် သူ့ကိစ္စလား။ gary ဆက်ပြောမနေချင်ဘူး။ ယူမှာသာ သွားယူချေပါ… ကြာတယ်ဆိုတဲ့ အဓိပ္ပါယ်နဲ့… သူ့လက်မောင်းကို တွန်းလွှတ်လိုက်တယ်။ သူ ထွက်တော့





ထွက်သွားပါတယ်။ ပါးစပ်ကတော့ မပိတ်ဘူး။ တတွတ်တွတ်နဲ့ ပြောသွားတယ်။

"မယူလာဘူး… သောက်နိုင်လဲ အဲသလောက် မသောက်ရဘူး.."

အင်း… အရင်ဆိုင်တွေက စပွဲထိုးမကလေးတွေနဲ့တော့ ကွာပါ့။ gary … သည်ကောင်မကလေးကို စဉ်းစားကြည့်တယ်။ နားလည်ရတော့ အခက်သား။

ပြီး ဘာလဲ မသိ။ ပြောပုံဆိုပုံကလဲ ပိုင်စိုးပိုင်နင်း။ သူ့ပဲ ကြောက်နေရအုံးတော့မှာလိုလို။ gary ပြုံးလိုက်တယ်။ ငါ့တော့ ခုမှ ဆုံးမမယ့်လူ ပေါ်လာပြီပေါ့။

သည်ကောင်မလေးက ဆိုးတော့ မဆိုးပါဘူး။ green label ဗူး ၂ ဗူး ပိုက်ပြီး ပြန်လာတယ်။ gary ရှေ့က စပွဲပေါ် ချတယ်။ ပုလင်းတွေ ထုတ်တယ်။ တလုံးက အလွတ်။ တလုံးက အသစ်။ အသစ်ကို ရှေ့မှာတွင် အရစ်ဖွင့်တယ်။

ပြီး အလွတ်တလုံးထဲ တဝက်ခွဲထည့်တယ်။ gary လဲ ဘာလုပ်နေမှန်းမသိတော့ ကြည့်ပဲ နေရတာပေါ့။

"ရော့… သည်တပုလင်းက သည်ကနေ့အတွက် quota... သောက်ချင်သလောက်သောက်… ပိုမသောက်ရဘူး… တနေ့တွက် limit ပဲ… တခြား ဘယ်မှာမှလဲ ထပ်ဝင်မသောက်ရဘူး… သည်ပုလင်းအသစ်ကိုတော့ အပေါ်ထပ်က ငါ့အခန်းထဲမှာ သိမ်းထားပေးမယ်… နက်ဖန် နင်လာမှ ထုတ်ပေးမယ်… စိတ်ချ.."

gary က ပြုံးမော့ နားထောင်ပြီး မေးတယ်။

"ငါ့ပိုက်ဆံနဲ့ ဝယ်ပြီးပြီလေ… ငါ အိမ်အပြန် ယူသွားမှာပေါ့…"

PDF by www.mmnetlibrary.com



“ယူမသွားရဘူး… ပိုက်ဆံလဲ မပေးခဲ့နဲ့အုံး… ပိုက်ဆံက အရေးမကြီးဘူး။ … နင် အရက်သမား ဖြစ်သွားမှာစိုးလို့ ပြောနေတာ…”

gary ကျေနပ်သွားပြန်တယ်။

ဒါပေမယ့် ဆက်စလိုက်တယ်။

“သည်ကနေ့ ငါ့ quota ထဲက မကုန်ရင်ရော… ယူသွားလို့ ရမလား…”

“မရဘူး… သည်မှာပဲ ပေါင်းထည့်ပြီး သိမ်းထားပေးမယ်… တပုလင်းလုံး ကုန်မှ ပိုက်ဆံရှင်း… ဟုတ်ပလား…”

“နင်က ငါ့ကို ယုံလို့လား… ကနေ့မှ တွေ့ဖူးတာ… မလုပ်ပါနဲ့ဟာ… တော်နေကြာ နင့်စပွဲထိုးအလုပ်ကလေး ပြုတ်သွားပါအုံးမယ်…”

သည်တခါတော့ ကောင်မလေးက ပြုံးတယ်။

“ကျေးဇူးတင်ပါတယ်… နင်က ငါအလုပ်ပြုတ်မှာ ပူတယ်ပေါ့…”

“မကောင်းဘူးလေ… ထုံးစံအတိုင်း ဝယ်ပြီးမှတော့ တပုလင်းဖိုးလုံး ငါ ရှင်းခဲ့မှာပေါ့… လက်ကျန်ကို အပ်ထားတယ်ပေါ့…”

“ဒါလဲ ရပါတယ်… ဒါပေမယ့် ဆိုင်ကလဲ နင့်ကို ယုံပါတယ်…”

“ဟင်း… သိဖြင့် မသိပဲနဲ့… ကလေကခြေကို…”

“ကဲပါ ကိုလေရှည်ရဲ့… ဘာစားမှာလဲ… ဘာလုပ်ခိုင်းပေးရမလဲသာ ပြော… ကလေကခြေက green label သောက်မတဲ့လား…”

ဟုတ်သားပဲ။ gary မေ့သွားတယ်။





“တခုခုပေါ့ဟာ၊ ကောင်းမယ်ထင်တာ… အဲဒါ သည်နေ့အတွက် ငါ့ရဲ့ညနေစာလဲ ဖြစ်မယ်… အိမ်မှာ ဘာမှ စားစရာမရှိဘူး…’

"oh! ... so sad... but you shouldn't worry... I'll let my chef help the best for you!..."

အပေးအယူကို တည့်လို့။ ကြားရတာ စိတ်ဆင်းရဲတယ်ဆိုပြီး… သူ အကောင်းဆုံး ကူညီခိုင်းပေးမယ်တဲ့။ သည်ကောင်မလေးရဲ့ စိတ်ကောင်းရှိမှုကို gary ကောင်းကောင်းနားလည်လိုက်ရတယ်။ လောကကမ္ဘာကြီးက သည်လိုပဲလား မသိပါဘူး။ မျှော်လင့်မထားပဲနဲ့လဲ ကိုယ့်အပေါ် ကောင်းတဲ့လူကို ဆုံတွေ့ချင် ဆုံတွေ့ရတတ်တာပဲ။ မျှော်လင့်မထားပဲနဲ့လဲ ကိုယ့်အပေါ် ကောင်းတဲ့လူကို ဆုံးရှုံးချင် ဆုံးရှုံးလိုက်ရတတ်တာပဲ။

သူ့အနားက စပွဲထိုးမလေး ထွက်သွားမှ gary နောင်တရတယ်။ ကိုယ့်အပေါ် သည်လောက် သိတတ်မှုရှိတဲ့ ကောင်မလေးရဲ့ နာမည်ကို gary မေးမကြည့်မိသေးပါလား။ ဘယ်သူမှန်း မသိရသေးပါလား။ ညံ့ပါ့။

tavern ဆိုပေမယ့် ဆိုင်ကလဲ သိပ်ခေတ် နောက်မကျလှပါဘူး။ နှစ်ယောက်တည်းသာရှိတဲ့ စပွဲထိုးမကလေးတွေရဲ့ အင်းကျီမှာတော့ နာမည်ရင်ထိုးကလေးတွေ ရှိထားသင့်တာပေါ့။

အို… ဘာခက်တာ မှတ်လို့။ သည်တခါ အနားပြန်ရောက်လာမှ ကိုယ့်နာမည်ကိုယ် အရင်ပြောပြပြီး မိတ်ဆက်လိုက်ရင် ပြီးတာပဲ။ သူ့နာမည် သူပြန်မပြောပြပဲ နေလို့ ရမလား။ ဆိုင် phone နံပတ်တောင် ကိုယ့် cell ထဲ မေးနှိပ် လိုက်နိုင်သေးတယ်။ ကိုယ့်နံပတ်လဲ ပေးပြီးဖြစ်ကရော။ နေ… သည်တခေါက် ပြန်လာမှ။ မမေ့အောင် gary က သူ့ tablet ကို စပွဲပေါ် တင်ထားလိုက်တယ်။

PDF by www.mmnetlibrary.com



အပြင်မှာ နည်းနည်းမှောင်ရိပ်ကျလာလို့ ထင်ရဲ့။ သူ့ဆိုင်မှာ ဧည့်တွေ တဖွဲဖွဲ ဝင်လာတယ်။ စပွဲခုံတွေတောင် အလွတ်မရှိတော့သလောက်ပဲ။ ဘာဂီတ၊ ဘာအက၊ ဘာဖျော်ဖြေရေးမှလဲ မရှိ၊ သည်မဖြစ်စလောက် ပေါက်စ မလှတလှမကလေးနှစ်ယောက်သာ စပွဲထိုးတဲ့ဆိုင်မှာ··· ဘာကြောင့် သည်လောက် ပရိသတ် များနေရတာလဲ။ အစားအသောက်ကပဲ ကောင်းနေကြလို့လား။ စေတနာလို့ ဆိုနိုင်တဲ့ ဆက်ဆံရေးကိုပဲ နှစ်သက်နေကြလို့လား။

ဆိုင်ရဲ့ အစီအစဉ်စနစ်ကပဲ ထူးခြားနေလို့လား။ အရက်ဆိုင်ဖြစ်ပြီး အရက်ဆိုင်နဲ့ သိပ်မတူလို့လား မသိ။ လူတွေကတော့ စည်တယ်။ ပြီးတော့ စည်းကမ်းတကျ။ အချင်းချင်း စကားပြောကြ ရယ်ကြ၊ တခါတရံ လက်ခုပ်တီး applause လုပ်ကြတာကလွဲပြီး၊ မဆူကြ မညံကြ မအော်ကြဘူး။ etiquette ရှိကြတယ်။

ငွေရှင်း counter မှာ လှမ်းကြည့်လိုက်တော့လဲ ထမင်းစားပန်းကန်ပြားဖြူတချပ်လို ဝိုင်းစက်နေတဲ့မျက်နှာနဲ့ မိန်းမ ခပ်ဝဝတယောက်တည်း။ တဆိုင်လုံး ယောကျ်ားအလုပ်သမားဆိုလို့ တယောက်မှ မမြင်ရဘူး။ အော်··· ဆိုင်ပိုင်ရှင် kyra ဆိုတာ သည်ပန်းကန်ပြားဖြူမကြီးရဲ့ နာမည်ထင်တယ်။ သူ့ဥစ္စာက နံရံကပ် slot machine တွေကလဲ ရှိသေးတယ်ဆိုတော့၊ တခြမ်းက casino လိုလို ဘာလိုလို။ အရက်ဆိုင်နဲ့တောင် မတူချင်ဘူး။

ပြီးတော့လဲ အခု gary ထိုင်နေတဲ့ ဆိုင်တခြမ်းက··· non smoking ရေးထားတဲ့ 'ဆေးလိပ်မသောက်ရ' နယ်မြေလေ··။ ကြံကြံဖန်ဖန် အရက်ဆိုင်ပါဆိုမှ ဆေးလိပ်မသောက်ရတဲ့ နေရာရယ်လို့ သတ်မှတ်ထားရသေးတယ်။ ဒါပေမယ့် သူ့ပရိသတ်နဲ့သူတော့ အဓိပ္ပာယ်ရှိပါ့။ သည်ဘက်ခြမ်းမှာမှ ပရိသတ် ပိုများတယ်။





အော်··· သည်လို ခွဲထားတာကို···။ ဆေးလိပ်မသောက်ရနယ်မြေမှာ gary ရဲ့ကောင်မလေးက စပွဲထိုးတယ်။ ဟိုနည်းနည်း ဗလကောင်းတဲ့ ကောင်မလေးက ဟိုဘက်ခြမ်းမှာ စပွဲထိုးတယ်။ တယောက်ကို စပွဲ ၁၀ လုံးစီလောက် တာဝန်ယူထားကြရတာပေါ့။

gary က လည်တိုင်လှူပ်တဲ့ ကော်ရုပ်လို ခေါင်းက အငြိမ်မနေပဲ ပတ်ချာလှည့် လျှောက်ကြည့်နေတော့··· တခုခု လိုချင်လို့ထင်ပြီး၊ ကောင်မလေး တခေါက် ရောက်လာပြန်တယ်။

"ဘာလိုချင်လို့လဲ··· စားဖို့မှာတော့မယ်ဆိုရင် ပြောနော်··· ကြည့်··· ဟို ခုနက ဝင်လာတဲ့ စပွဲက မိန်းမနှစ်ပွေတောင် ပါတယ်··· မှာမယ့်ကိစ္စ စည်းဝေးနေကြတာ··· ခေါ်ထားလို့ စောင့်နေရတယ်··· နင်ကလဲ··· အရက်တွေချည့် စွပ်သောက်မနေနဲ့အုံး··· သည်ပုလင်းပါငါ သိမ်းပစ်လိုက်မှာနော်··· sip လုပ်တယ်ဆိုရုံ sip လုပ်နေ··· ငါပြန်လာခဲ့မယ်···"

ပြေး ပြန်လာပြောပြီး၊ ပြန်ပြေးသွားပြန်တယ်။ အမိန့်ကလဲ ကြံဖူးပေါင်။ အရက်သောက်ဖို့ အရက်ဆိုင်လာတာ အရက်မသောက်ရဘူးတဲ့။ အာဆွတ်ရုံပဲ ဆွတ်နေရမယ်တဲ့။

အေးလေ··· သူ ပြောတာလဲ တနည်းတော့ ကောင်းပါတယ်။ အချိန်ပြုန်းသွားတာပေါ့။

gary ကလဲ အိမ်ကို စောစော မပြန်ချင်ပါဘူး။ စောစောပြန်လဲ စောစောအိပ်လို့ရမှာမှ မဟုတ်ပဲ။ ကားတစင်းနဲ့ ဦးတည်ရာမရှိ လျှောက်ပတ်မောင်းနေပြန်ရင်လဲ··· မတော် မသင်္ကာလို့ ရပ်ခိုင်းပြီး စစ်လိုက်မှ driving unclear influence အရက်မူးမောင်းတဲ့ ပုဒ်မ။ d.u.i. နဲ့ငြိပြီး အချုပ်ခန်းထဲ ရောက်ရမှာလဲ ကြောက်ရသေးတယ်။ အဲဒါကမှ အကြီးအကျယ် နာမည်ပျက်မှာ။

PDF by www.mmnetlibrary.com



နေပေ့စေ…။ ခါတိုင်းလိုပဲ မူးမှမှောင်မှ ပြန်မယ်။ အိမ်ပြန်ရောက်တယ်နော်။ theatre ထဲ တခါတည်းဝင် ထိုးအိပ်လိုက်ရုံပဲ။ မတွေးနိုင်တော့ဘူး။ သတိမရတော့ဘူး။

၄

တနည်းတော့လဲ ကောင်းတယ်။ တနည်းတော့လဲ မကောင်းဘူး။

ကောင်းတာက ဘာလဲဆိုတော့… kyra နဲ့ တွေ့ရပြီးမှ သူတို့ဆိုင်ကလေးမှာ နေ့စဉ်မှန်မှန် ညနေစာ စားဖြစ်တယ်။ kyra တို့ဆိုင်က မိသားစုဆိုင်။ အဖေရယ်၊ အမေရယ်၊ အမ tyra ရယ်၊ ညီမ kyra ရယ်… မိသားစု ၄ယောက်တည်း ရှိတယ်။

အဖေက မီးဖိုချောင်ကို တာဝန်ယူ အုပ်ချုပ် ချက်ပြုတ်တယ်။ အဖေရဲ့ညီလင်မယားနဲ့ အမေ့ရဲ့ ညီမဝမ်းကွဲတယောက်က ကူညီကြတယ်။ အမေက ဆိုင်ကို အုပ်ချုပ် စီမံတယ်။ သမီးနှစ်ယောက်က စပွဲထိုးကြတယ်။

သူတို့က သည် Las vegas ဇာတိ မဟုတ်ကြဘူး။ texas မြောက်ပိုင်း amarillo က kyra စ,ကျောင်းထားတဲ့ နှစ်ကတည်းက ပြောင်းလာခဲ့ကြတာလို့ ဆိုတယ်။ အဖေက အလုပ်မျိုးစုံ ရရာဝင်လုပ်ရင်းနဲ့ စားဖိုချောင် လုပ်သက် ရလာတာလို့ ဆိုတယ်။ barbecue အမဲ ကြက် အမျိုးမျိုး ကင်ရာမှာ နာမည်ကြီးတယ်လို့ ဆိုတယ်။ နောက်တော့ သူများဆိုင်တွေမှာပဲ chef စားဖိုမှူးဖြစ်လာတယ်။

လွန်ခဲ့တဲ့ ၃နှစ်ကမှ သည်ကိုယ်ပိုင်ဆိုင်ကို ထူထောင်နိုင်ခဲ့တယ်။ နာမည်ကိုလဲ သမီးငယ်ကို ပျော်သွားအောင် kyra ရဲ့ ဆိုင် လို့ပဲ နာမည်ပေးခဲ့တယ်။ kyra က အရင်က ကျန်းမာရေးညံ့တယ်လို့





ဆိုတယ်။ အသက်တောင် ရှည်ပါ့မလားလို့ အောက်မေ့ရတယ်တဲ့။ သည်ဆိုင်ဖွင့်နိုင်ပြီးမှ ကောင်းကောင်း ကျန်းမာလာတာတဲ့။ ဒါတောင် ဆေးရုံမှာ သူ့ဆရာဝန်တွေနဲ့သူ ၃လ တကြိမ် ပုံမှန် ပြန်စစ်ကြည့်နေရသေးတာတဲ့။ ဒါပေမယ့် ခုတော့ တွေ့ရတဲ့အတိုင်း ကောင်းနေပါပြီ။

gary ကလဲ သည်ဆိုင်ကို အရက်ဝါရင့်မှ စရောက်ဖြစ်တာလေ…။ သူလဲ carolyn မရှိတော့တဲ့နောက်… ရက်ပေါင်းတရာကြာမှ အလုပ်ပြန်လုပ် ဖြစ်တော့တာပဲ။ ယောက္ခမတွေက သူတို့တိုက်ကို ခေါ်ပြီး၊ အလုပ်ပြန်လုပ်လို/ မလုပ်လို မေးသေးတယ်။ သူတို့ဘဝက ဘာအလုပ်မှ မလုပ်ပဲနဲ့လဲ သည်ပုံစံအတိုင်း နေနိုင်ကြတာပဲ။ gary ရဲ့ မိဘဘက်ကတော့ တနှစ်အထိ ပူဆွေးလွမ်းဆွတ်ခွင့် ပြုထားတာတဲ့။

အခု ယောက္ခမကတော့ သူ့အလုပ်ရှင်လေ…။ gary က သူ့ချစ်သူ carolyn နဲ့အတူ ယောက္ခမရဲ့ အလုပ်မှာ လုပ်နေခဲ့တာကိုး…။ ဆိုတော့ မနေနိုင်ဘူး။ မေးရမယ်။ ၃ လပြည့်တော့ ခေါ်မေးတယ်။ သိရက်သားနဲ့။

အလုပ်ကို လုပ်ချင်ကြလို့၊ အလုပ်နဲ့ ထိုက်တန်တဲ့ ပညာရပ်တွေ ဆုံးခန်းတိုင် သင်ခဲ့ကြပြီးမှ ပြိုင်တူ ဝင်လုပ်ခဲ့ကြတာ မဟုတ်လား။ ခုလဲ သူ့မိဘအလုပ်ရှင်က တကူးတက ခေါ်မေးတော့၊ သူ မဆိုင်းမတွ ခေါင်းညိတ်လိုက်တယ်။ သူ့ရည်ရွယ်ချက်က အလုပ်လုပ်နေရင်… ဘာပဲပြောပြော အလုပ်အတွက် စိတ်ရောက်နေတဲ့ အချိန်တွေမှာတော့… သူအခံစားရ သက်သာမယ်ပေါ့။ carolyn ကို ခဏမေ့ထားလို့ ရကောင်းရဲ့ မျှော်လင့်တယ်ပေါ့။

နောက်တချက်က သူက ပညာတတ်။ တနေကုန်လဲ လျှောက်လည် မနေချင်သလို… တနေကုန်လဲ လျှောက်လေမနေချင်ဘူး။ ယောက္ခမကလဲ သူ့သတင်းတွေ ကြားမှာပေါ့။ ပထမ ၃ လလောက်က

PDF by www.mmnetlibrary.com



တော့ လွှတ်ပေးထားတာ နေမှာပေါ့လေ…။ depression မရရင်ပြီးတာပဲ။ ဆွေးနေပလေစေအုံးပေါ့။ သူတို့လဲ သူတို့သမီးကို လွမ်းတာပဲ။

လွမ်းရင်းနဲ့ သမီးက လက်မထပ်ခင် ဆွယ်တရားဟောခဲ့တာကို သတိရတယ်။ အမေတို့၊ အဖေတို့မှာ သားမရှိဘူး…။ gary ကို သားအဖြစ် မွေးရမယ်တဲ့။ အဖေ့အလုပ်ထဲမှာ ထည့်ရမယ်တဲ့။ သူ့ထုံးစံအတိုင်း စီမံကိန်းချပေးခဲ့တာကိုလဲ မှတ်မိတယ်။

အဲသည်တော့ gary ရဲ့ မူလ managing director အလုပ်ကိုရော… carolyn ရဲ့ m.d နေရာမှာရော… အစားထိုးခန့်ထားတဲ့ director တွေရဲ့ အထက်က director board နှစ်ဖွဲ့စလုံးမှာ ဥက္ကဋ္ဌခန့်လိုက်တယ်။ အရင်ရာထူးတုန်းကလောက်လဲ ခေါင်းမခြောက်ရ… မပင်ပန်းရတော့ဘူးပေါ့။ အစည်းအဝေးတွေတော့ များလာမယ်… ဒါပေမယ့် policy သာ guide လုပ်ရုံပါပဲ။ p.s.o နှစ်ယောက်လဲ ခန့်ထားပေးပြီးသားပါ။

ပြီးတော့ ယောက္ခမက သူနဲ့လဲ direct ဆက်သွယ်နိုင်တဲ့နေရာမှာ ထားလိုက်တာပဲ။ ရာထူးပိုကြီးသွားရုံ မကဘူး။ အာဏာလဲ ပိုလုပ်ပိုင်ခွင့် ရှိသွားတယ်။ ရမယ့်လစာကလဲ တနှစ်ကို ၆ ဒသမ ၄ သန်းအထိ ဖြစ်သွားပြီပေါ့။ ဒါပေမယ့် kyra တို့ကိုတော့… သူ့ဘဝအခြေအနေနဲ့ ပတ်သက်လို့… သည်လောက်အထိလဲ ပွင့်လင်းဖို့ မလိုအပ်သေးဘူး ထင်တာနဲ့… ဘာမှပြောမပြခဲ့ဘူး။

ဘဝကို အသွင်နှစ်မျိုးပြောင်း… personality ကို split လုပ်ပြီး၊ သိုသိုသိပ်သိပ် လျှို့လျှို့ဝှက်ဝှက်ပဲ နေခဲ့တယ်။ ရိုးရိုးသားသားနဲ့ ပြောတော့ပြောပြချင်ပါရဲ့။ ဒါပေမယ့် သူနဲ့ kyra ကလဲ ဘာမှ မဟုတ်ကြသေးတော့ ဖွင့်ပြောပြဖို့က အချိန်အများကြီးစောသေးတယ်ထင်တယ်။





kyra တို့ဘက်ကလဲ… gary ဘယ်လိုပဲ ရုပ်ဖျက်ပုံဖျက်ပြီး… သာမန် ထသွားထလာ casual အဝတ်ကလေးတွေ၊ လမ်းလျှောက်အားကစား အဝတ်ဖိနပ်ကလေးတွေနဲ့… ဝင်ထွက် သွားလာနေနေ… သူထည်လဲ စီးလာတဲ့ကားတွေနဲ့ သူ ပြေစာရှင်းတဲ့ credit card တခုတည်းကို ကြည့်ရမြင်ရရုံနဲ့ သူ ဘယ်လောက်ထိ ချမ်းသာနိုင်တယ်ဆိုတာ ရိပ်မိကြပါတယ်။ ဒါပေမယ့် သူ ဘာကောင်လဲ… သူ ဘယ်မှာ အလုပ်လုပ်တာလဲ… သူ သည်လိုနေ့စဉ် ညနေပိုင်းကလေးမှာတွင် လေးငါးရာ သုံးနိုင်လောက်အောင် ဘယ်ကဝင်ငွေတွေ ရနေတာလဲ… ဆိုတာတော့ စုံစမ်းလဲ မစုံစမ်းပါဘူး။ သိလဲ မသိကြပါဘူး။

အဲ… သူ့အိမ်မှာ ညနေစာ စီစဉ်ပြင်ဆင်ပေးမယ့် လူမရှိဘူး… ညနေစာ စားစရာ လုံးဝမရှိလို့ kyra တို့ဆိုင်မှာ လာစားနေရတယ်… ဆိုတာကိုတော့ မယုံလို့ အမေတို့က စုံစမ်းကြည့်ကြတယ်။ အမေတို့ အဓိက သိချင်တာကတော့… သူ့မှာ အိမ်ရှင်မ မိန်းမ မရှိဘူးလား၊ လူပျိုလား၊ အိမ်ထောင်ပျက် တခုလပ်လား၊ မုဆိုးဖိုလား၊ သားသမီးမရှိဘူးလား… ဆိုတာမျိုးလောက်ပါပဲ။

ဒါလဲ သူက ဘယ်လောက်ပဲ လျှို့ဝှက်လျှို့ဝှက်… သူ့ရဲ့ အိမ်ထောင်ရေးဘဝကို အတော်အတန်သိကြ ကြားဖူးကြတဲ့ လူတွေ… ဆိုင်ရဲ့ ဖောက်သည်တွေထဲမှာ သုံးလေးယောက် ရှိတယ်။ သူတို့က အမေ့ကို ပြောပြကြတယ်။ အမေကလဲ သူနဲ့ဖြင့် ဘာမှမဆိုင်ပဲနဲ့… သနားနေတယ်။ ဒါပေမယ့် နှုတ်လုံပါတယ်။ ကာယကံရှင်ကမှ ဖွင့်မပြောချင်လို့ မပြောပဲ နေမှတော့ kyra အပါအဝင် ဘယ်သူကမှ မမေးကြပါဘူး။ မသိဟန်ပဲ ဆောင်နေလိုက်ကြပါတယ်။

gary ကသာ kyra ကို သူတို့ဘဝအကြောင်းတွေနဲ့ ပတ်သက်လို့ ကြုံရင်ကြုံသလို မေးခဲ့မိတယ်။ ဒါပေမယ့် သူ့ထက် အသက်အများကြီး

PDF by www.mmnetlibrary.com



ငယ်တဲ့ kyra က… မိန်းမပျိုကလေးလဲ ဖြစ်ပါရက်နဲ့… သူ့ကို စိတ်ဝင်စားနေပုံလဲ ရပါရက်နဲ့… ယောင်လို့မှ မစပ်စုပါလား။

အဲသလို မစပ်စုလေလေ… လုံးဝဖွင့်မမေးလေလေ… gary မှာ အခံရခက်လေလေ… ရှက်မိလေလေပဲ။ kyra တို့ဘက်က ရိုးသားစွာပွင့်လင်းနေပါရက် နဲ့… သူ့ဘက်က လျှို့ဝှက်ထိန်ချန် ဆက်ဆံနေရတာကို ပြန်တွေးမိတိုင်းလဲ gary နေ့စဉ် စိတ်မချမ်းမသာ ဖြစ်မိရတယ်။

အထူးသဖြင့်… kyra က သူ့ရဲ့ညီမ အငယ်ဆုံးထက်တောင် ငယ်နေပါရက်နဲ့… သူ့ကို ပိုက်ဆံအရမ်းမသုံးဖို့၊ မူးယစ်ဆေးဝါးနဲ့ မပတ်သက်ဖို့၊ လောင်းကစား လုံးဝမလုပ်ဖို့၊ အရက်ကိုလဲ ဘယ်တော့မှ မူးအောင် မသောက်ဖို့၊ အပေါင်းအသင်းလဲ မိန်းမ/ယောကျာ်းကြည့်ပေါင်းဖို့၊ ညတိုင်ညတိုင် သည့်ဆိုင်က အိမ်ကိုပြန်ရင်လဲ တခြားဘယ်နေရာမှ ဝင်မနေပဲ ကိုယ့်အိမ်ကိုယ် တည့်တည့်ပြန်ဖို့၊ အိမ်ရောက်ရင်လဲ စောစောအိပ်ဖို့… စတဲ့ စတဲ့ အမှာတွေ၊ အဆုံးအမတွေကလဲ ညတိုင်း ပြန်တော့မယ် ဆိုတိုင်းပါပဲ။ တခါတလေ ကလေးတယောက်လို အလွတ်တောင် ပြန်အဆိုခိုင်းတတ်သေးတယ်။

ည ၁၀ နာရီ ၄၅ မိနစ်ဆိုရင် kyra တို့အမေက ကျေညာပြီလေ…။ နောက်ဆုံးအနေနဲ့ မှာချင်တာရှိ မှာဖို့နဲ့ အရက်အရောင်း ပိတ်လိုက်ပါပြီ ဆိုတဲ့အကြောင်း။ တခြားစပွဲတော့ အသာထား။ gary ရဲ့ စပွဲက အရက်ပုလင်းနဲ့ အရက်ခွက်တော့ ခပ်ပြတ်ပြတ်လာသိမ်းပြီ။ စပွဲ ရှင်းပြီ။

gary ကို rest room ဝင်ခိုင်းပြီ။ ပြန်ထွက်လာရင် မျက်နှာကို ရေခဲဝတ်နဲ့ သစ်ခိုင်းပြီ။ သူ့အမြင်မှာ လမ်းလျှောက်တာ နည်းနည်း ယိုင်တယ်ထင်ရင် ပြန်အထိုင်ခိုင်းပြီ။ မယိုင်ဘူးဆိုရင်တော့ ကားပေါ်





အရောက် လိုက်ပို့ပြီ။ ဘာ tips မှ မထားခဲ့ရ။ ဘာ kiss မှလဲ လုပ်ခွင့်မရှိ။

သည်အပြုအမူတွေနဲ့ သည် အဆုံးအမစကားတွေရဲ့ အဓိပ္ပာယ်ကို gary မသိပဲ နေမလား။ ဆက်ပြီး မသိဟန်ဆောင် နေရအုံးမှာလား။

အိမ်ပြန်ရောက်လို့ မှန်ထဲမှာ ကိုယ့်ကိုယ်ကို မြင်ရရင်… ‘မင်း မရှက်ဖူးလား၊ လဲသေလိုက်ပါလား…’ ရွတ်ချက်ရဲ့ ဆဲရေးတံတွေးထွေးလိုက်ရုံနဲ့ပဲ… မင်း ကျေနပ်နေတော့မှာလား။ ‘မင်း ဘဝအမှန်ကို ရိုးသားစွာ… မင်း ဘယ်တော့ ဝန်ခံဖွင့်ပြောမှာလဲ…’

ခက်တာက gary ကြောက်တယ်။ သူ ဘာကြောင့် ခုမှ ဖွင့်ပြောရတယ်။ ခုလောက်အထိ ဘာကြောင့် အချိန်ဆွဲနေမိတယ် ဆိုတာကို …kyra နားလည်အောင် သူ ရှင်းမပြတတ်ဘူး။ carolyn ကို သစ္စာမဖောက်ချင်ဘူး… မဖောက်ရက်ဘူး။ carolyn ကို သူ အခုထက်ထိ ချစ်နေတယ်… ဆိုတာကို ဖွင့်ပြောရင် kyra က ခွင့်လွှတ်ပါ့မလား။ ခွင့်လွှတ်နိုင်ပါ့မလား။ ခွင့်မလွှတ်နိုင်လို့ kyra က ပြန်မုန်းသွားမှာကိုလဲ gary ကြောက်တယ်။

ကြောက်လို့ သူ့ဘဝအမှန်ကို ဖွင့်မပြောခဲ့ဘူး ဆိုတာက တပိုင်း။ အဲဒါက carolyn ကို မပြတ်နိုင်တာနဲ့ ပတ်သက်လို့သာ ဖြစ်တယ်။ နောက်တပိုင်းကလဲ ရှိသေးတယ်။ သူ့ရဲ့ ချမ်းသာကြွယ်ဝတဲ့ အပိုင်း။ ဘဝအခြေအနေချင်းကလဲ မတရား ကွာခြားတယ်။ သူ သိထား ကြားဖူး ဖတ်ဖူးသလောက်ကတော့… ရှိတဲ့လူထက် မရှိတဲ့လူက ပိုမာနကြီးတယ်၊ ပို သတ္တိရှိတယ် ဆိုတာပဲ။

အစကတည်းက ကြိုမပြောတာက… ကြိုပြောရင် အဲသည် စည်းစိမ်ချမ်းသာကို မက်မောပြီး အဆုံးဖြတ်မှားနိုင်တယ်လို့ ယူဆလို့

PDF by www.mmnetlibrary.com



မဟုတ်လား… လို့ ပြန်မေးလိုက်ရင် ဘယ့်နှယ်လုပ် မလဲ။ ခက်တယ်။ ကြိုပြောလဲ တပြစ်။ ကြိုမပြောပြန်တော့လဲ တပြစ်။

ကြို မပြောခဲ့ပဲ… သူ့ဘဝအမှန်ကို အခုမှ ဖွင့်ပြောပြန်တော့လဲ… အထူးသဖြင့် kyra က သူ့အလိမ်အညာခံရလေခြင်း၊ အလှည့်ဖြားခံရလေခြင်း ဆိုပြီး… အကြီးအကျယ် မုန်းတီးစိတ်နာသွားမှာကို gary ကြောက်မိပြန်တယ်။

ခက်တာက အခုအချိန်အထိ gary နဲ့ kyra ရဲ့ အခြေအနေက ချစ်သူတွေလဲ မဟုတ်ကြဘူး။ တယောက်နဲ့တယောက်လဲ ဘယ်သူက ဘယ်သူ့ကိုမှ… I love you ဆိုတဲ့ စကားမျိုးကိုသော်လည်းကောင်း၊ ပိုလေးနက်တဲ့ I like you ဆိုတဲ့ စကားမျိုးကိုသော်လည်းကောင်း… မပြောခဲ့ကြဖူးဘူး။

သာမန်မိတ်ဆွေ အသိအကျွမ်းလို တခါတရံ hug လုပ် နှုတ်ဆက်ဖြစ်ခဲ့ကြဖူးတာက လွဲလို့လဲ… တခါမှ မနမ်းခဲ့ကြဖူးဘူး။ သံယောဇဉ် ရှိခဲ့ကြ ငြိခဲ့ကြ စွဲလန်းတွယ်တာခဲ့ကြတယ် ဆိုတာတော့ ဝန်ခံခိုင်းရင် ဝန်ခံနိုင်ကြပေမယ့်… ချစ်ခွင့်ပန်ချစ်ကြဖို့၊ အတူပေါင်းနေကြဖို့၊ လက်ထပ်ကြဖို့အထိတော့ တခါမှ စိတ်မကူးမိခဲ့ကြ မစဉ်းစားမိခဲ့ကြဘူး။

အမှန်ကို ပြောရရင် gary ရဲ့ နှလုံးသားထဲမှာ carolyn က အခုအချိန်အထိ ခိုင်ခိုင်မြဲမြဲ အမြစ်တွယ်ရှင်သန်နေဆဲ ဖြစ်တယ်။ မယုံရင် အိမ်မှာ လိုက်ကြည့်နိုင်တယ်။ သည်ကနေ့ထက်တိုင် carolyn ရဲ့ အနံ့အသက် လက်ရာခြေရာ တနေရာမှာမှ မပျက်သေးပါဘူး။

အပေါ်ထပ် ပန်းရောင်အိပ်ခန်းထဲက အိပ်ရာ… carolyn နောက်ဆုံးအိပ်ခဲ့တဲ့နေရာ… ခုထက်ထိ မသိမ်းရသေးပါဘူး။ carolyn ဝတ်ခဲ့ပြီး နောက်ဆုံး ချွတ်ထည့်ထားခဲ့တဲ့ အဝတ်ဟောင်းတွေလဲ ခု





ထက်ထိ လျှော်စက်ထဲမှာ လျှော်မပစ် သေးပါဘူး။ တအိမ်လုံးက ပရိဘောဂတွေ ဟူသမျှလဲ တဆံခြည်ကလေးမှ နေရာမရွှေ့စေခဲ့ပါဘူး။ gary ကိုယ်တိုင်လဲ အောက်ထပ်က home theatre ခန်းထဲမှာပဲ ကညထက်ထိ တယောက်တည်း… ခေါင်းအုံးမရှိ အိပ်ရာခင်းမရှိ စောင်မရှိနဲ့ couch ကို အိပ်ရာလုပ် အိပ်နေဆဲပါ။

gary က kyra ကို သည်မြင်နေရတဲ့ အရှိကို အရှိအတိုင်း… မြင်စေချင်တယ်။ ပြချင်တယ်။ သူ့ရဲ့ လက်ရှိဘဝကိုရော အတိတ်ဘဝကိုရော… အမှန်အတိုင်းလဲ တခွန်းမကျန် ရင်ဖွင့်ပြန်ပြောပြချင်တယ်။ carolyn ကို သူဘယ်အသက်အရွယ်ကတည်းက စပြီး ဘယ်လောက်အထိ အသည်းစွဲ ချစ်ခဲ့တယ်… ဘယ်သူနဲ့မှလဲ နေရာချင်းလဲပြီး မချစ်နိုင်ဘူး… ဆိုတာပါ ဖွင့်ပြောပြချင်တယ်။ ဒါတွေကို kyra သိသင့်တယ်။ သိထားရမယ်။

အခု သူ့ရဲ့ဘဝရင်ခွင်ထဲကို carolyn နဲ့ အကျင့်တူ…carolyn ရဲ့ကိုယ်ပွား… carolyn အငယ်စားကလေးတယောက်… အဓမ္မတိုးဝှေ့ဝင်ရောက်လာနေပြီ။ ဒါပေမယ့် သည်တယောက်လဲ ဘယ်နည်းနဲ့မှ carolyn ရဲ့နေရာကို မရနိုင်ဘူးဆိုတာတော့ ကြိုသိထားရမယ်။ gary ရဲ့ရင်ထဲမှာ carolyn သို့မဟုတ် သူညပဲ ဖြစ်ရမယ်။ နေရာလွတ်တနေရာ မရှိဘူး။ kyra က kyra ပဲ ဖြစ်မယ်။ gary ရင်ဖွင့်ပြချင်တယ်။ gary ရင်ထဲမှာ ပေါက်ကွဲခါနီး မီးတောင်လို ဗလောင်ဆူနေတယ်။

## ၁

သည်ကနေ့က ဘာအစည်းအဝေးမှ အရေးကြီးတာ မရှိဘူး။ Lunch စားဖို့လဲ ဘယ်သူနဲ့မှ အစီအစဉ်မရှိဘူး။ သူ့ရဲ့ ကိုယ်ရေးအရာရှိ p.s.o အဖြစ် ခန့်ထားပေးတဲ့ ကောင်မကလေး ၂ယောက်တော့ ရှိတယ်။

PDF by www.mmnetlibrary.com



ခါတိုင်းတော့ သူတို့ပဲ gary ပြောတဲ့ဆိုင်ကို လှမ်းမှာပြီး ရုံးမှာပြင်ကျွေးကြတယ်။ သူတို့က gary နဲ့ အရမ်း အတူတူစားချင်ကြတယ်။

alyssa ဆိုတဲ့ မဟိကန်မကလေးကဆိုရင် အရမ်းလှတယ်။ ကြွေရုပ်ကလေးလိုပဲ။ ပြီး မဟိကန်မကလေးတွေရဲ့ ပုံစံအတိုင်း အရမ်းလဲ sexy ဖြစ်ပါရဲ့။ အရမ်းလဲ လိုက်လျောတတ်ပါရဲ့။ အမြဲတမ်းလိုလို ကောင်းတာကလေး တွေ ရွေးပြီးတော့လဲ ခွံ့ကျွေးချင်တတ်တယ်။ debra ကတော့ boy friend နဲ့ပါ။ ဒါပေမယ့် သူလဲ sexy ဖြစ်တာ လှတာပဲ။ ဘယ်လောက်ပဲ လှကြ လှကြ၊ ဘယ်လောက်ပဲ sexy ဖြစ်ကြ ဖြစ်ကြ၊ ဘာစေတနာ ဘာရည်ရွယ်ချက်နဲ့ပဲ ပို့ထားပို့ထား··· gary ကတော့ လုံးဝ စိတ်မဝင်စားပါဘူး။

gary နှစ်ယောက်စလုံးကိုခေါ်ပြီး ရုံးဆင်းခိုင်းလိုက်တယ်။ day off ပေါ့။ ရုံးမှာ သူတို့ ရှိမနေရင် ပြီးတာပဲ။ call တွေလာလဲ ကောက်နိုပ်ဖြေမယ့်လူ မရှိရင် ပြီးတာပဲ။ ရုံးပေါ်မှာကို မနေကြနဲ့··· ပြန်ကြ··· သွားချင်ရာ လွတ်လပ်စွာ သွားကြ။ နှင်လွှတ်လိုက်တယ်။ debra ကတော့ carolyn ရဲ့ p.s.o လဲ လုပ်ခဲ့ဖူးတယ်ဆိုတော့ ပိုနားလည်ပါလိမ့်မယ်။ လာ hug လုပ်ပြီးတော့တောင် တိုးတိုးစ,သွားလိုက်သေးတယ်။ have a nice happy day... တဲ့။

gary လဲ ထွက်လာခဲ့တယ်။ ကားပေါ်ရောက်မှ kyra's tavern ကို ဆက်တယ်။ အရေးကြီးတဲ့ confession ပေးစရာရှိလို့ လာခေါ်မယ်လို့ kyra ကို ကြိုအကြောင်းကြားလိုက်တယ်။ lunch လဲ အပြင်တနေရာရာမှာ စားမယ်··· ပြီးရင် သူ့အိမ်ကို သွားမယ်··· အိမ်မှာ ပြစရာတွေ ရှိတယ်··· ပြီး ပြောစရာတွေလဲ အများကြီးရှိတယ်··· ဆိုင်ကို ညနေ လူစည်ချိန်လောက်မှ ပြန်ရောက်မယ်··· အသေးစိပ် ပြောပြလိုက်တယ်။ ရင်တွေများ ခုန်လို့။ တုန်နေတဲ့ လက်တွေနဲ့ သူ့





phone သုံးလုံးစလုံးကို power ပါ ပိတ်လိုက်တယ်။ မောင်းထွက်လာခဲ့တယ်။

gary ရဲ့ အထင်က ဆိုင်ရောက်ရင် သူ့မိဘကို ရိုသေသမှု ခွင့်ပန်ရမယ်ပေါ့။ kyra က ခုမှ teen လွတ်စ twenty...ငယ်တယ်လေ။ လူယဉ်ကျေးတွေလို မိဘရဲ့ ခွင့်ပြုမှုကို ယူသင့်တာပေါ့လို့ ထင်တယ်။ ပြီးတော့ သူတို့ချင်းက ချစ်သူတွေလဲ မဟုတ်ကြဘူး။ တခါမှလဲ date လုပ်ပြီး တွဲထွက်ဖူးတာ မဟုတ်ဘူး။ ဒါပေမယ့် gary ဆိုင်ရောက်တော့ kyra က အဝတ်လဲပြီး၊ အလှပြင်ထားပြီး၊ အဆင်သင့် ဖြစ်နေပြီ။

ဆံပင်ကတော့ ရိုးရိုးကလေး ကျစ်ဆံမြီးကျစ်ပြီး ငယ်ထိပ်တက် တပတ်ပတ်ထားပါတယ်။ မျက်လုံးမျက်ခုံးတွေကတော့ ပါးတာကို ထပ်ထူထားတယ်နဲ့ တူပါရဲ့။ ဆံပင်အနက် brunette နဲ့ လိုက်ဖက်ပြီး ပိုလှသွားပါတယ်။

အင်း··· ရွေးဝတ်ထားတဲ့ အဝတ်ကလဲ ချီးမွမ်းရမယ်။ သူ့မှာက အမျိုးသမီးတယောက်လို··· အထက်အောက် ရှေ့နောက် curve အရာမှာ ဆင်းရဲနွမ်းပါးရှာတော့··· amarillo သူပီပီ cow boy ယောကျ်ားဝတ် shirt အင်းကျီရောင်စုံကွက် လက်ရှည်နဲ့···။ ခါးကိုလဲ jean ပြာ ခေါင်းလောင်းဘောင်းဘီရဲ့ အပြင်ထုတ်ဝတ်ထားတယ်။ ဖိနပ်ကသာ သားရေကြိုးသိုင်း မိန်းမစီး high heel ဖြစ်တယ်။ ဒါပေမယ့် အပြင်လဲ ထွက်လေ့ထွက်ထ မရှိလို့ထင်ပါရဲ့။ နေကာမျက်မှန် မရှိဘူးတဲ့။ မစိုးရိမ်နဲ့။

အခု ယူလာတဲ့ကားက carolyn ရဲ့ကားဆိုတော့ မျက်မှန်အပို တလက်မဟုတ် တလက် ပါနိုင်တယ်။ ခဏ ယူတပ်ပေါ့။ အပိုင်တော့ မပေးနိုင်ဘူး။ carolyn ရဲ့ပစ္စည်း။ ပြီး မျက်မှန်မှာလဲ သူ့ထုံးစံ··· ဘာအဖိုးတန်ရတနာတွေ စီခြယ်ထားမှန်းမှ မသိပဲ။

PDF by www.mmnetlibrary.com



သူ့အိမ်သားတွေကလဲ kyra ကိုပဲ ဝိုင်းအလှကြည့် ဆင်ပေးပြင်ပေးနေကြတယ်။ သူတို့သမီး kyra သည်တခါပဲ သူစိမ်းယောကျ်ားတယောက်နဲ့ တွဲထွက်ဖူးတယ် ထင်ပါရဲ့။ ခရီးဝေးသွားမယ့်သမီးကို လေဆိပ်လိုက်ပို့ နှုတ်ဆက်ဖို့ ပြင်ဆင်နေကြသလိုပဲ။ kyra ကလဲ သူ့ကိုယ်သူ ငုံ့ကြည့်လို့ကို မပြီးနိုင်ဘူး။

"kyra ကို ကျွန်တော့်အိမ် ပြမလို့... ပြစရာ၊ ပြောစရာတွေ အများကြီးရှိတယ်..."

ခေါင်းတွေက ယိမ်းက,နေကြသလိုပဲ။ ပြုံးပြီး ပြိုင်တူညိတ်ကြတယ်။

"Lunch လဲ အပြင်မှာပဲ စားလိုက်တော့မယ်... ညနေစောစော ပြန်လာမယ်"

"သွားမယ်နော်... စိတ်မပူကြနဲ့..."

kyra ကလဲ သူ့အမနဲ့ သူ့မိဘကို... သူ့နဖူးပြင် ထိုးပေးပြီး အနမ်းခံ နှုတ်ဆက်တယ်။

"have fun..." တဲ့။

ပြန် လက်ပြ နှုတ်ဆက်ကြတယ်။ kyra အခုလို သူ့မိသားစု မပါပဲ အပြင်ထွက်ရတာ ထွက်နိုင်တာကို အားရဝမ်းသာ ဖြစ်နေကြပုံရတယ်။

kyra ကလဲ ခပ်တည်တည်ပဲ... gary ရဲ့ ကျိုးထားတဲ့ လက်မောင်းကို... သူ့ယောကျ်ားရဲ့ လက်မောင်းအလား... ပိုင်စိုးပိုင်နင်း ပါးအပ်ဖက်တွဲပြီး ဆွဲထွက်တယ်။ gary သိပါတယ်။ သူနဲ့ နှစ်ယောက်တည်း တွဲထွက်ရတာကို kyra အရမ်းပျော်နေတယ်။ မျက်လုံးကလေးတွေကို ကြည့်ရှင်ပြီး တောက်ရှန်းနေတယ်။ kyra ရဲ့ စိတ်ထဲမှာက တကယ့်ချစ်သူတွေလိုခံစားရပြီး ကြည်နူးပျော်ရွှင်နေတယ်။





gary လဲ ရင်ထဲမှာ ခံစားရပါတယ်။ ရင်ခုန်ရပါတယ်။ စိတ်လဲ လှုပ်ရှားရပါတယ်။ တကယ်လို့သာ သူ့ဘဝမှာ carolyn မရှိခဲ့ဖူးဘူးဆိုရင်... ချမ်းသာတာ ဆင်းရဲတာ၊ အဆင့်အတန်း တူတာ မတူတာ၊ ပညာတတ်တာ မတတ်တာ၊ နောက်ဆုံး... လှတာ မလှတာက အစ... ဘာတခုမှ ထည့်မစဉ်းစားပဲ သည်ကောင်မလေး kyra ကို သူ ချစ်ရေးဆိုခဲ့... လက်ထပ်ခွင့် တောင်းခဲ့တာ ကြာပြီ။ ခုလောက် ထိန်းထားချုပ်ထားနိုင်တာက အချစ်ရဆုံး carolyn ကို မပြတ်နိုင်လို့။ သစ္စာမဖောက်ရက်လို့။

ဒါပေမယ့် သူ့အပေါ်မှာ carolyn နဲ့တုန်းကလို... ဘယ်မသွားရဘူး... ဘာမလုပ်ရဘူး... ဘယ်လောက်ပဲ သောက်ခွင့်ရမယ်... ဘယ်သူတွေနဲ့ မပေါင်းရဘူး... အိမ်ကို တည့်တည့်ပြန်ရမယ်... စောစောအိပ်ရမယ်... အစရှိတဲ့ အမိန့်ပေးတာမျိုး၊ လွှမ်းမိုးတာမျိုးတွေ... တပုံစံတည်း လုပ်လာတဲ့အခါမျိုးတွေကျတော့... gary သေပြီပေါ့။ ယူကျုံးမရ ဖြစ်ရပြီပေါ့။ တခါတလေ... သည်ကောင်မလေး kyra ကို ဆွဲဖက်နမ်းပစ်လိုက်ချင်တယ်။ တခါတလေ... ပွေ့ဖက်ပြီး ငိုပစ်လိုက်ချင်တယ်။

ကဲ... သည်ကနေ့တော့... မင်း ဘယ်ပြေးမလဲ မိချိုသဲ။ တက်... ကားပေါ်ကို...။ ရပ်စောင့်နေလို့... ယဉ်ကျေးမှုအရ တံခါးဖွင့်ကိုင်ထားပေးလိုက်ရတယ်။ ဒါပေမယ့် gary က သူ မောင်းရမယ့်ဘက်ကို လှည့်လာနေတုန်း ရှိသေးတယ်။ ကားထဲက သီချင်းသံ ကြားလိုက်ရပြီ။ သေချာပါတယ်။ begin again.... carolyn ရဲ့ favourite အဆိုတော်မလေး taylor swift ရဲ့ သီချင်း။ gary တအား အံ့သြသွားတယ်။

carolyn ရဲ့ သည် bmw 525 ii ကလဲ sync နော်။ voice command နဲ့မှ ကြိုက်ရာအဆိုတော်ရဲ့ ကြိုက်ရာသီချင်းကို ရွေးဖွင့်

PDF by www.mmnetlibrary.com



နားထောင်လို့ရတာ…။ တော်ရုံတန်ရုံ ခုခေတ်ဆယ်ကျော်သက်တွေ သည်လို အေးငြိမ့်တဲ့ country music တွေကို ကြိုက်တတ်ကြတာ မဟုတ်ဘူး။ pop တွေမှ။ carolyn သာ သည် taylor တို့ miranda lambert တို့ carrie underwood တို့ကို ကြိုက်တာ။

ခု kyra က ဘယ့်နှာကြောင့် အကြိုက်ချင်း တူရပြန်တာ တုန်း။ တူအုံးတော့… သည်ကားက sync.system တွေကို kyra ဘယ်လိုလုပ် သိရတာတုန်း။ တကယ့် mystery ပါပဲ။ gary ဦးဏှောက် ချောင်သွားတယ်။

အဲ… အဲဗျ…။ ကားပေါ်တက်လိုက်တော့လဲ မချော ကလေးက သူ ယူတပ်ထားတဲ့ နေကာမျက်မှန်ကလေးကို… ‘သူနဲ့ ကြည့်ကောင်း မကောင်း’ ကိုင်ပြ မေးနေပြန်ပြီ။ ဘယ်က ရတာလဲ မေးတော့… နောက်ကြည့်မှန်ရဲ့ အထက်က မျက်မှန်ထည့်တဲ့အိတ်ကို မျက်စောင်းထိုးပြသလေ…။

ဒါဖြင့် သူက သည်ကားမျိုး နောက်ဆုံးပေါ် ဇိမ်ခံတွေကိုပါ ကျွမ်းနေတာကိုး…။ သည်လိုဆို gary ရဲ့ cadillac လဲ တတ်နေမှာပဲ။ gary… press button နှိပ် စက်နှိုးပြီး၊ လေပူသက်ပြင်းကြီး မှုတ်လိုက်တယ်။

“နင် ဘာပြောလိုက်တယ်…”

“နင် နင်နဲ့ မခေါ်စမ်းပါနဲ့ဟာ… နင်နဲ့ ငါနဲ့လဲ မပြော စမ်းပါနဲ့… နာမည်ရှိတယ်… နာမည်ခေါ်ပေါ့”

“မခေါ်ဘူး…နင်နဲ့ငါနဲ့ ပြောရတာ အားရတယ်… ပိုလဲ ရင်းနှီးတယ်…”

gary သဘောကျရပြန်ပြီ။ carolyn နဲ့ သူနဲ့ ဆိုတာက ငယ်ပေါင်း။ ချစ်သူတွေ မဖြစ်ကြခင်ကတည်းက နင်နဲ့ငါနဲ့ ခေါ်ပေါင်း





လာခဲ့ကြတာ…။ နောက် ချစ်ကြ၊ ညားကြ၊ ယူလိုက်ကြတော့လဲ မပြောင်းတော့ဘူးပေါ့။

ခု သည်ကောင်မလေးနဲ့က စတွေ့ကြတာမှ တနှစ်မရှိသေးဘူး။ နောက် သူ့အသက်ကလဲ သူ့အပြောကတွင် ၂၀ တဲ့။ ၁၀ နှစ်တောင် ငယ်တယ်။ အကိုအရွယ်၊ နည်းနည်းတော့ respect ရှိရမှာပေါ့။

ပြီးတော့ သူ့ဆိုင်ရဲ့ customer… mister တပ်မခေါ်ချင်ရင် ထားအုံး…။ gary လောက်တော့ ခေါ်သင့်တာပေါ့။ အမှန်ကတော့ ဘာမှမဟုတ်ဘူး။ carolyn က သူ့ကိုခေါ်ပြောသလို တပုံစံတည်း ဖြစ်နေလို့။ carolyn အချိုးမျိုး လိုက်ချိုးနေသလို ဖြစ်နေလို့။ gary မကြိုက်ဘူး။ kyra ကလဲ ပြတ်တယ်။ မခေါ်ဘူးတဲ့။ ဟော… အညွှန့် တောင် ထပ်ကွန့်ပြလိုက်သေးတယ်။

“နင့်နာမည်က gary နော်…။ ငါ့နာမည်က kyra...။ နင် ဘာသိသလဲ။ ပေါင်းထားတဲ့ စာလုံးတွေကို ပြန်ကြည့်။ ၄ လုံးချင်းလဲ တူတယ်နော်…။ ငါ့ထဲမှာလဲ a...r...y...ပါတယ်။ နင်ထဲမှာလဲ a...r...y ပါတယ်။ နင်က ary တွဲတယ်။ ငါက yra ပြောင်းပြန် အစဉ်လိုက် တွဲတယ်။ gender ကွဲလို့။ ဒါပဲကွာတယ်။ နင်က အသက်ကြီးတယ်။ ငါ့အရင် မွေးတာမို့လို့… ငါ့ k ရဲ့ရှေ့က g ကို ယူတယ်။ ငါကငယ် တော့ နင့် g ရဲ့နောက် ၃လုံးအကွာက k ကို ယူရတယ်။ အဲဒါ ဘယ်သူလုပ်ထားတာလဲ။ ဘုရားက လုပ်ပေးထားတာ…” တဲ့။

gary ဘာပြန်ပြောနိုင်သေးသလဲ။ gary ငိုင်ကျသွားတယ်။ အံ့သြလဲ အံ့သြမိရပြန်ပါရဲ့။ သူ ဒါတွေလဲ လျှောက်စဉ်းစားနေတာ ကို…။ gary တော့ လုံးဝဆို လုံးဝမစဉ်းစားမိပါဘူး။ ကြံကြံဖန်ဖန်။ အဲသည် နာမည်ထဲက စာလုံးတွေ တူတာနဲ့ ချစ်ကြရ ညားကြရရော လား။ ပြီးတော့ သူရော သူ့အမရောက ဘာပြုလို့ tyra တွေ kyra တွေ

PDF by www.mmnetlibrary.com



ဖြစ်ရ မှည့်ရတာလဲ။ ဒါ american အဖြူတွေ မှည့်လေ့ရှိတဲ့ နာမည်မျိုးမှ မဟုတ်ပဲ။ black တွေသာ မှည့်မယ်။

နေအုံး…။ သူရှူးလို့ gary လိုက်ရှုးကြည့်အုံးမယ်။ ဟုတ်တယ်ဟဲ့…။ carolyn ရဲ့နာမည်ထဲမှာလဲ ary ပါတယ်။ ဒုတိယ တတိယနဲ့ ဆဋ္ဌမအလုံးတွေက ary အစဉ်လိုက်ပေါ့။ gary အယုံအကြည် မရှိပါဘူး။ တိုက်ဆိုင်မှုပါ။ ဒါပေမယ့် စိတ်ဝင်စားဖို့တော့ အကောင်းသား…။

"အဲဒါတွေ လျှောက်ရှုးမနေနဲ့… အဲသည်လို စာလုံးတွေ တူတော့ ဘာဖြစ်ရမှာလဲ…"

gary က စကားဖြတ်လိုက်တယ်။ သိတယ်လေ… A ပြီးရင် B လာတော့မယ်… နောက်ဆုံးတော့ Z ရောက်တော့မှာပေါ့။ gary နောက်ဆုံး အရောက်မခံနိုင်သေးဘူး။ gary မဆုံးဖြတ်နိုင်ဘူး။ gary... carolyn ကို ချစ်တယ်။

ဒါပေမယ့် သူကိုယ်တိုင်ရေးခဲ့တဲ့ scenario ဇာတ်ညွှန်းလေ…။ kyra ကို သူ ဘာရည်ရွယ်ချက်နဲ့ ခေါ်ထုတ်ခဲ့တာတုန်း။ kyra ကရော သူ့မိဘတွေကရော… 'သည်ကနေ့က ရောက်လာပုံ ထူးတယ်… သည်ကနေ့တော့ gary က ဖွင့်ပြောတော့မယ်… ချစ်ရေးဆိုတော့မယ်… လက်ထပ်ခွင့်တောင်းတော့မယ်…' လို့ ကျိန်းသေ မတွက်ပဲ နေကြမတဲ့လား။

gary ကရော… အဲသည်လို ရည်ရွယ်ချက်မျိုးမရှိရင် သည်အရွယ် အပျိုပေါက်တောက်မကလေးကို ဘာလုပ်ဖို့ ခေါ်ထုတ်လာမှာလဲ။ မိဘတွေကရော… တခါမှ သည်လို အတွေ့အကြုံမျိုး မရှိဖူးတဲ့ အစိမ်းသက်သက် ပင်ပျိုရွက်နု လူမမာတပိုင်း ပုရစ်ဖူးကလေးကို… သူစိမ်းယောကျ်ားတယောက်ရဲ့ လက်ထဲ… ဘာယုံကြည်ပြီး ထည့်လွှတ်လိုက်ရမှာလဲ။





သူတို့ချင်းက ဘာမှ လက်ဆုပ်လက်ကိုင် မပြနိုင်သေး၊ ချစ်သူတွေအဆင့်ကို မရောက်ကြသေးဘူး ဆိုပေမယ့်… သည်ဆိုင်မှာ ညနေတိုင်း အချိန်မှန် ၅ နာရီ ၆ နာရီ လာထိုင်ပြီး သောက်တယ်။ …ညနေစာလဲ သည်မှာပဲ kyra နဲ့အတူ စားတယ်။

… သောက်တယ်ဆိုတာကလဲ kyra ရဲ့ ချုပ်ကိုင်မှုအောက်မှာ မဖြစ်စလောက် sip လုပ်ရုံလောက်နဲ့… kyra အားရင်အားသလို သူ့ tablet phone မှာ လည်ချင်းယှက်ကြည့်ကြတယ်… ဆိုတော့၊ ကဲ ဘာပြောရမလဲ။

သူတို့ အခြေအနေက ဘာလဲ။ ပြီးတော့ ဒါ လူပုံအလယ်။ အမေနဲ့ အမရှေ့ ဆိုင်ထဲမှာလေ။ နှုတ်ခမ်းချင်းစုပ်၊ ဖက်နမ်းနေကြမှ… ချစ်သူတွေလို့ ပြောရသတ်မှတ်ရမှာလား။ ဆိုင်လာပရိသတ်ကတော့ သူတို့နှစ်ယောက်ကို အတွဲလို့ ယူဆနေကြတာပဲ။ ဟော… အခုလာခေါ် သွားပြီလေ…။ ပြောသွားသေးတယ်။ ပြစရာ၊ ပြောစရာတွေ အများကြီး ရှိတယ်တဲ့။

သေချာပါတယ်။ gary ကလဲ ချစ်တာကို ဖွင့်ပြောဖို့ ခေါ်လာတာပါ။ kyra ကလဲ မဆွတ်ခင်က ညွှတ်နေတာပါ။ ဒါပေမယ့် gary 'က မပြတ်သားဘူး။ ပြန်မေးနေသေးတယ်။ 'စာလုံးတွေတူတော့ ဘာဖြစ်ရမှာလဲ…'တဲ့။ သိရက်သားနဲ့။ ထော်လော်ကန့်လန့်။

'စာလုံးတွေ တူတော့ ဘာဖြစ်ရမှာလဲ ဟုတ်လား… သည်မှာ ဟော့ကောင်…'

ဟော့ကောင် တဲ့။ carolyn စိတ်မရှည်တော့ရင် ဆောင့်ခေါ်တဲ့ အသံအတိုင်း။ gary လန့်ပြီးတောင် တုန်သွားတယ်။ kyra ရဲ့ မျက်နှာကို ပြန်လှည့်ကြည့်လိုက်တယ်။ တကယ်များ ဒေါသထွက်နေသလားလို့။

PDF by www.mmnetlibrary.com



“နားထောင်… ငါ ပြတ်ပြတ်ပြောမယ်… ငါက နင့်ကို ရင်ဘတ်ထဲက ချစ်နေတာ… နင်လဲ ငါ့ကို ချစ်တယ်ဆိုတာ ငါသိတယ်… ငါမေးချင်တာက… နင် ငါ့ကို ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့… ငါ့ကို ချစ်သလား မချစ်ဖူးလား… ခု နင့်ပါးစပ်က ဖွင့်ပြော… ခုပြော… မချစ်ဖူးဆိုရင် ခု ပြန်လှည့်… ငါ့ကို ပြန်ပို့”

gary ပြုံးလိုက်တယ်။

gary ပထမဆုံးအကြိမ် ကိုယ်ထိလက်ရောက် kyra ရဲ့ပခုံးကို လှမ်းပွေ့ပြီး သူ့ရင်ခွင်မှာ မှီခိုင်းထားလိုက်တယ်။ kyra က သူ့မျက်နှာကို မော့ကြည့်ရင်း… သူ့လည်တိုင်ကို ဆွဲနိမ့်တော့… ပေးလာတဲ့ နှုတ်ခမ်းဆိုးဆေးတွေနဲ့ နှုတ်ခမ်းကလေးကို ခပ်ဖွ ဖွရွရွကလေး ငုံနမ်းလိုက်တယ်။

kyra ပေါက်ကွဲကုန်ပါလေရော။ ရင်ခွင်ကိုလဲ ခေါင်းနဲ့ ဝှေ့ပါလေရော။

“ကောင်းကောင်း ပြန်ထိုင်လေ… strip ထဲ ဝင်တော့မှာ… ရဲလိုက်လာပြီး ဖမ်းနေအုံးမယ်… ခေါင်းမမြင်ရလို့”…

ခုမှ သူ စိတ်အေးသွားရတယ် ထင်ပါရဲ့။ ပွသွားတဲ့ သူ့ဆံပင်တွေကို သူ့ဘာသာ လက်နဲ့ပြန်ပြင်လို့…။

“ငါက နင့်ကို အေးဆေးအိမ်ခေါ်ပြီး၊ ငါ့အဖြစ်ပါ အစအဆုံး ပြောပြမလို့… ပြီးမှ လက်ထပ်ခွင့် တောင်းမလို့… လက်စွပ်ပါ ဝယ်လာပြီးသား… ဒါပေမယ့်”

“ဒါပေမယ့် ဘာဖြစ်လဲ…”

“ငါ့မှာ မိန်းမရှိတယ်…”

“မပြောနဲ့ ငါသိတယ်… နင်တို့ချင်း အရမ်းချစ်တယ်… ဒါပေမယ့် သူ သေသွားပြီ… ခု မရှိတော့ဘူး…”





“နင် ဘယ်က သိတာလဲ…”

“ဟော့ကောင် ငါ့ကို မမေးနဲ့… ငါလုံးဝ မစုံစမ်းဘူး… နင့်အကြောင်းကို သိနေကြတဲ့ လူတွေထဲမှာ ငါ့ဖောက်သည်တွေ ရှိတယ်… သူတို့က ငါ့အမေတို့ ငါ့အမတို့ကို ပြောပြကြတာ… နောက်ကြုံမှ ငါ လက်တို့ပြမယ်”

“နေအုံး… နင် ဘယ်မှာ စားမှာတုန်း… ဘာစာ စားချင်တာတုန်း…”

“ငါ သည်လို hotel ကြီးတွေမှာ တခါမှ မစားဖူးဘူး… ငါ့ အဖေက chef လုပ်ခဲ့ဖူးတာ… သူ ပြောဖူးတယ်… ဘယ်မှာဆိုလား italian khabab တဲ့… အရမ်းနူးညံ့ပြီး အရမ်းအရသာရှိတာတဲ့… lamb အသားနဲ့ လုပ်တာတဲ့… အဲဒါ နင်သိလား…”

သည်တခါတော့ gary မအံ့ဩတော့ပါဘူး။ carolyn ကြိုက်တတ်တာ… carolyn စားတတ်တာတွေ အားလုံး သည်ကောင်မလေး အကုန်သိနေတော့တာပဲ။ gary ပြုံးရုံပဲ ပြုံးလိုက်တယ်။ venetian hotel ကို ဦးတည်လိုက်တယ်။

gary သိတယ်လေ…။ ဒါ carolyn ရဲ့ အကြံအဖန်တွေ…။ venice မြို့က တူးမြောင်းတွေထဲမှာ သူတို့ style လှေကြီးတွေနဲ့ စုံတွဲဖက်ရင်း နမ်းရင်း လှေစီးကြမယ်လေ…။ လှေလှော်သမားကြီးက gary တို့ နားမလည်တဲ့ italy သီချင်းတွေ ဆိုမယ်။ ငြိမ့်ငြောင်းသံသာနဲ့ နှစ်ကိုယ်ယှဉ်တွဲ စည်းစိမ်ခံဖို့ပေါ့။ italian khabab ဆိုတာက အဓိက မဟုတ်ဘူး။ indian restaurant တွေက ထောပတ်နဲ့ မဆလာနဲ့ ကင်တဲ့ ဆိတ်သားကင်ပဲ။ သိပ်မခြားနားဘူး။

စုံတွဲတွေရဲ့ထုံးစံ သူတို့လဲ လှေစီးကြတယ်။ ပထမဆုံးအကြိမ် လှေပေါ်မှာ… ရင်ချင်းအပ်၊ မျက်နှာချင်းထပ်ပြီး အကြာကြီးနမ်းကြ

PDF by www.mmnetlibrary.com



တယ်။ ပြီး ဆိုင်မှာ ထိုင်စားကြတယ်။ kyra က သူ့အဖေဖို့ အိမ်ဖို့လဲ ဝယ်လာတယ်။ ပြီးတော့ gary ရဲ့ အိမ်ကို ရောက်ကြတယ်။

gary ရဲ့ ရည်ရွယ်ချက်က တနှစ်ကျော် ခြေရာလက်ရာ မပျက်၊ မပြုပြင် မသန့်ရှင်းပဲ ထားထားတဲ့ အိမ်ကြီးတအိမ်လုံးကို လိုက်ပြမယ်ပေါ့။ ဒါပေမယ့် အိမ်အဝင် ညာဘက်မှာရှိတဲ့ မိသားစု ဧည့်ခန်းကျယ်ကြီးထဲကို ခေါ်လာတယ်။ tv နဲ့ မျက်နှာချင်းဆိုင်က couch မှာ နေရာပေးတယ်။

ပြီး album တွေကို ခုနှစ်သက္ကရာဇ် အစဉ်လိုက် ချပေးတယ်။ carolyn ရဲ့ ကားနဲ့ ပုံတွေချည့် သပ်သပ်ထည့်ထားတဲ့ album လဲ အပေါ်ဆုံးမှာ တင်ထားတယ်။ ကြည့်နှင့်ရအောင်ပေါ့။ သူကတော့ မနက်က ဝတ်သွားတဲ့ suit တွေ tie တွေနဲ့ အနေရကြပ်လွန်းလို့… ပေါ့ပေါ့ပါးပါးနဲ့ လဲမယ်ဆိုပြီး အပေါ်ထပ်ပြေးတက်သွားတယ်။ မကြာပါဘူး။ အလွန်ဆုံး ၅ မိနစ်ပေါ့။

အောက်ထပ်ပြန်ရောက်တော့ ထားခဲ့တဲ့ဧည့်ခန်းထဲမှာ kyra မရှိတော့ဘူး။ အပြင်လဲ ပြန်မထွက်ဘူး။ အသံပြုလဲ မထူးဘူး။ ဘယ်အခန်းထဲမှာမှ ရှာမရတော့ မှောင်ပိန်းနေတဲ့ theatre ထဲကို ဝင်ခဲ့တယ်။ လား လား… ညတိုင်ညတိုင် gary အိပ်တဲ့ couch ပေါ်မှာ ငုတ်တုတ်ထိုင်နေတယ်။ ထိုင်နေတဲ့နေရာကလဲ recliner ရှိတဲ့ဘက် carolyn ထိုင်နေကျနေရာ။ သူ့ဘေးက ခလုတ်နဲ့ dim light တလုံးကို ဖွင့်ထားတယ်။ ac ကိုလဲ ဖွင့်ထားတယ်။

gary က သူ့ကိုယ်ကလေးကို ပခုံးနှစ်ဖက်ကနေ မပြီး အရပ်ခိုင်းတယ်။ အလိုက်သင့် လိုက်ရပ်တယ်။ ပြီးတော့ မြွေမျက်လုံးနဲ့ အညှို့ကြည့် ကြည့်တယ်။ သူ့လက်တဖက်က gary ရဲ့နဖူးပေါ် ဖုံးထားတဲ့ ဆံပင်တွေကို နောက်ဖက် သပ်လှန်တယ်။ ၂ လက်မလောက်ရှိတဲ့





အမာရွတ်ကို စမ်းတယ်။ ပြီးတော့ ရင်ခွင်မှာ မျက်နှာအပ်ပြီး ငိုတော့တာပါပဲ။

အို… gary နားအလည်ရခက်လိုက်တာ…။ ဒါ လွတ်လွတ်လပ်လပ် ချစ်ကြရတော့မှာလေ…။ gary ရဲ့ hawaiin shirt အောက်အိတ်ထဲမှာ တသောင်းခွဲပေးပြီး ဝယ်ထားတဲ့ စိန် ၂ ပွင့်တွဲ ငွေလက်စွပ်ကလေး ရှိတယ်။ gary က ထုတ်ကိုင်လိုက်တယ်။ kyra မြင်တယ်။

အဲသည် လက်စွပ်ဗူး ကိုင်ထားတဲ့ gary ရဲ့လက်ကို သူက လက်နှစ်ဖက်နဲ့ ထပ်ဆုပ်ထားလိုက်တယ်။ သူလဲ ပြန်ထိုင်တယ်။ gary ကိုလဲ သူ့ရှေ့မှာ ဒူးထောက်ထိုင်ခိုင်းတယ်။ ပြီးတော့မှ gary ရဲ့ မျက်လုံးကို စိုက်ကြည့်ပြီး မေးတယ်။

"တခွန်းချင်း မေးမယ်နော်၊ နင် အချိန်ယူချင်သလောက်ယူ စဉ်းစားပြီးမှ ဖြေ… ငါ မေးခွန်း ၅ ခွန်းမေးမယ်… မေးခွန်း ၅ ခွန်းစလုံး… ခေါင်းညိတ်… ဒါမှမဟုတ်… ခေါင်းခါ… ဖြေပြီးမှ နင်က ငါ့ကို ပြန်မေးခွင့်ပြုမယ်… ဟုတ်ပြီနော်… ငါ စမေးမယ်…"

*"နံပတ် ၁… မေးခွန်းက…*

ငါ့ကို နင်တကယ်ချစ်လို့လား… လွယ်လွယ်ခေါင်းမညိတ်နဲ့နော်… ဘာဖြစ်လို့ ချစ်တာလဲ… ငါ့မှာ ဘာမက်မောစရာ၊ ချစ်စရာရှိလို့လဲ… သေသေချာချာ လေးလေးနက်နက်စဉ်းစားပြီးမှ ဖြေ… လို့ ပြောထားတယ်နော်… လှလို့ ချစ်တယ်ဆိုရင် သေချာတာက ငါက မလှဘူး… အများက လှတယ်လို့ သတ်မှတ်တဲ့စာရင်းထဲမှာ ငါ မပါဘူး… ပြီးတော့ ငါ့က sexy လဲ သာမဖြစ်သေးတယ်… ဘယ်နေရာမှာမှ တပ်မက်မောစရာ မရှိဘူး… ဟုတ်တယ်နော်… ကဲ ဖြေတော့…"

ပြောစကား နားမထောင်ဘူး။ gary က ခေါင်းပဲ တွင်တွင်ညိတ်နေတယ်။ မစဉ်းစားဘူး။ အချိန်မယူဘူး။

PDF by www.mmnetlibrary.com



kyra က သောက်ရေပုလင်း သွားယူသောက်ရင်း စောင့်တယ်။ ပြီးမှ…

*“နောက်… ဒုတိယ မေးခွန်း…*

စကား အသုံးအနှုန်း ကွဲတယ်နော်… ဒါကမှ ပိုသေချာ စဉ်းစားဖို့ လိုတယ်… မေးခွန်းက… ငါ့ကို နင်တကယ်ကော ချစ်နိုင်လို့လား၊ ချစ်နိုင်ပါ့မလား… သေချာစဉ်းစားနော်… နင်နဲ့ငါ့နဲ့က… (a)အသက်ချင်း မတူဘူး၊ ၁၀ နှစ်တောင် ကွာတယ်…(b)ကြီးပြင်းခဲ့ကြရတဲ့၊ ကြုံတွေ့ဖြတ်သန်းခဲ့ကြရတဲ့ ပတ်ဝန်းကျင်နဲ့ ဘဝချင်းလဲ မတူကြဘူး… (c) အဆင့်အတန်းချင်း၊ အဆင့်အတန်းရဲ့ စရိုက်ချင်းလဲ မတူကြဘူး… (d) ပညာအရည်အချင်းချင်းလဲ မတူကြဘူး… (e) အဲသည် ဘယ်လိုမှ ပြုပြင်ညှိနှိုင်းလို့ မရနိုင်တဲ့ မတူညီမှုတွေကို ဥပေက္ခာပြုပြီး… ငါ့ကို နင်တကယ် ချစ်နိုင်ပါ့မလား… ပြီး (f) နင်ရော ငါရောက မျက်စိမမြင်ကြပဲ အချစ်ကို နိဗ္ဗာန်မှတ်ပြီး လက်ထပ်လိုက်ကြရင်… ဒါတွေက ဒို့ရဲ့ အိမ်ထောင်ရေးဘဝမှာ နေ့စဉ်ကြုံတွေ့ရင်ဆိုင်ရမယ့် ပြဿနာတွေ ဖြစ်လာတော့မှာလေ… အဲဒါကို ဒို့ကြန့်ကြန့်ခံနိုင်ပါ့မလား… မပေါင်းခင်က သေချာစဉ်းစား ဆုံးဖြတ်ထားမှ… ငါက ပေါင်းပြီးမှ မကွဲချင်ဘူး… ပေါင်းပြီးမှ ကွဲရခဲ့ရင် ငါသေမှာနော်…”

gary က ဒါလဲ အလွယ်တကူ ခေါင်းညိတ်တာပါပဲ။ သူ အတန်တန် စဉ်းစားထားပြီးပြီတဲ့…။ မကြောက်ဘူး… တဲ့။ သူလဲ ပထမတခါ သေကွဲကွဲခဲ့ရပြီ… ဘယ်နည်းနဲ့မှ နောက်တခါ အကွဲမခံနိုင်ဘူး… တဲ့။ solemnly promise… တဲ့။ I give you my word… တဲ့။

ဒါပေမယ့် kyra က ကျေနပ်တဲ့အနေနဲ့ gary ရဲ့ ခေါင်းကို ဆွဲပြီး နမ်းလိုက်တယ်။





*“နောက်… တတိယ မေးခွန်း…*

နင် သည်ကနေ့ထက်ထိ ချစ်နေသေးတဲ့၊ စွဲလန်းနေသေးတဲ့ မိန်းမ carolyn ကို နင် တကယ်မေ့နိုင်လို့လား… သူ့ကို မေ့နိုင်ဖို့ မေ့ပစ်ဖို့အတွက် ငါ့ကို အစားထိုးချင်တာလား… နင့်ကိုယ်နင် မေးကြည့်ပြီး ရိုးရိုးသားသား ဖြေနော်… you must be honest with me/ to be honest with you… ငါ အမှန်ကို ပြောပြမယ်… မိန်းမတယောက် မယားတယောက်အနေနဲ့… ငါလဲ ငါယူမယ့်လင် ငါ့ယောကျ်ားကို လုံးလုံးလျားလျား ပိုင်ဆိုင်ချင်တာပဲ… သေသူနဲ့ပဲ ဖြစ်ဖြစ် ရှင်သူနဲ့ပဲ ဖြစ်ဖြစ် ခွဲခြမ်းဝေမျှပြီး မပိုင်ချင်ဘူး… ငါ့ရဲ့ နေ့စဉ်လှုပ်ရှားနေတဲ့ အပြုအမူမှန်သမျှနဲ့လဲ နှိုင်းယှဉ်ချိန်ထိုး အကြည့်မခံနိုင်ဘူး… ဒါ လူတယောက်ရဲ့ တရားမျှတတဲ့ ရပိုင်ခွင့်ဖြစ်တယ်… ပြောရရင် ငါ့ယောကျ်ားကို ငါတဦးတည်း ပိုင်ချင်တယ်… အဲဒါ နင် ရိုးရိုးသားသား စဉ်းစားပြီး ဖြေ… ခု မဖြေနိုင်သေးဘူးနော်… ရတယ်… နောက် ဖြေနိုင်မှ ဖြေ…”

သည်မေးခွန်းကျတော့ gary ခေါင်းညိတ် မသွက်တော့ဘူး။ တော်တော်တွေဝေသွားတယ်နဲ့ တူတယ်။ တစုံတရာတော့ ပြန်မေးမယ်လို့… နှုတ်ခမ်းပြင်လိုက်တယ်။ ဒါပေမယ့် kyra က လက်ကာပြလိုက်တယ်။

“နင့်အိမ်ကို တပိုင်းတစ မြင်လိုက်ရတာနဲ့ နင့်ခံစားချက်ကို ငါ ရိပ်မိပါတယ်… ငါကတော့ ချက်ချင်း ဆုံးဖြတ်လိုက်ပြီးပါပြီ… တကယ်လို့ သည်အိမ်မှာ နင်နဲ့ရပြီး အတူနေဖြစ်တောင် သူ အိပ်ခဲ့တဲ့ အခန်းနဲ့ သူ့ပစ္စည်းပစ္စယတွေ ထားတဲ့အခန်းကို ငါ မသုံးပါဘူး… သူ့ပဲ ပေးထားမှာပါ… ဒါပေမယ့် ငါတို့နှစ်ယောက်စလုံးအတွက် စိတ်အနှောက်အယှက်ဖြစ်စေမယ့် သူ့ရဲ့ဓာတ်ပုံ ချိတ်ထားတာမျိုး

PDF by www.mmnetlibrary.com



ကိုတော့ နေရာတကာမှာ ခွင့်မပြုနိုင်ဘူး… သူ့အခန်းထဲ ပို့ချိတ်လိုက်ပေါ့… ခုနတုန်းက သူ့ album တွေ ငါ့ကို ပြတယ်မဟုတ်လား… ငါနဲ့မှ မသိပဲ… ငါ မကြည့်ပါဘူး… ဒါပေမယ့် နင်နဲ့ပတ်သက်ခဲ့ဖူးတဲ့အတွက်… နင့်ကို ခုထက်ထိ လွမ်းမိုးထားနိုင်သေးတဲ့အတွက်တော့ ငါမနာလိုဘူး… မုန်းတာ မဟုတ်ဘူးနော်… မနာလိုတာ… သူနဲ့ပတ်သက်လို့က ငါ နားလည်ပါတယ်… သည်မေးခွန်းရဲ့ နင့်အဖြေကတော့ ညှိယူရမှာပါ… နောက်မှ ညှိကြတာပေါ့… ငါက ငယ်ပေမယ့် သည်လောက် mean မဖြစ်ပါဘူး… ဆက်ရအောင်…”

သည်မေးခွန်းအတွက်တော့ kyra က မစောင့်ဘူး။ ဆက်မေးတယ်။

*“နောက်… စတုတ္ထ မေးခွန်း…*

သည်မေးခွန်းကတော့ အနာဂတ်ကာလနဲ့ ဆိုင်တယ်… ဆိုပါတော့ ငါတို့ လက်ထပ်လိုက်ကြပြီ… အိမ်တအိမ်မှာ ငါတို့ အတူတူနေနေကြပြီ… အဲသည်အိမ်နဲ့ ပတ်သက်တဲ့ စည်းမျဉ်းစည်းကမ်းတွေ လုပ်ထားဖို့တော့… ကြိုလုပ်ထားဖို့တော့ လိုမယ်… ဥပမာ ညအိပ်ညဉ့်နက်နေ ဧည့်သည် လက်မခံရ…တို့၊ အိမ်ဖော် မထားရ…တို့၊ နှစ်ဖက်ဆွေမျိုးထဲက ဘယ်သူမှ အတူလာမနေရ…တို့၊ အိမ်ထဲမှာ ဆေးလိပ်မသောက်ရ…တို့ စသဖြင့်ပေါ့လေ… ဥပဒေစည်းကမ်းတွေ ကြိုတင်ရေးဆွဲထားရမယ်… နင်နဲ့ငါ လက်ထပ်ပြီးရင်နော်… နင် ဆေးလိပ်လုံးဝမသောက်ရသလို… အရက်လဲ ခုလို နေ့စဉ် မသောက်ရဘူး… အခု သောက်ခွင့်ရနေတာက ငါ့နားကို နေ့တိုင်းရောက်လာစေချင်လို့… နင့်ကို နေ့စဉ်တွေ့ချင်လို့၊ ချစ်လို့ သိရဲ့လား… ညားပြီးရင် no ပဲ… festivity ကလေး ဘာလေးမှာသာ သဘောလောက် သောက်ခွင့်ရမယ်… no no လက်ညှိုးမထောင်နဲ့… ဒါက အိမ်ရဲ့ဥပဒေ





စည်းမျဉ်းဆိုပေမယ့် နင်ကတော့ အိမ့်အပြင်မှာလဲ မသောက်ရပါဘူး… အလုပ်ကလွဲပြီး၊ အိမ့်အပြင်လဲ ငါမပါပဲ ဘယ်မှမသွားရပါဘူး… ငါပြောမယ့် ဥပဒေဆိုတာ ဒါပဲ… နင်တို့က စာတတ်တာပဲ၊ သိပါတယ်… လောကမှာ တရားဥပဒေတဲ့၊ ဘုရားရဲ့ ဥပဒေတဲ့၊ နှလုံးသားရဲ့ ဥပဒေတဲ့… ငါတို့အိမ်ရဲ့ ဥပဒေက နင်နဲ့ငါ နှစ်ယောက်သဘောတူရေးဆွဲသတ်မှတ်ထားတဲ့ နှလုံးသား ဥပဒေသာ ဖြစ်ရမယ်… ငါကလဲ ‘အိမ်ရှင်မ’ဆိုပြီး နင်သဘောမတူတာ ဘာမှမလုပ်ရဘူး… နင်ကလဲ ‘အိမ်ထောင်ဦးစီး’ ဆိုပြီး ငါသဘောမတူတာ ဘာမှမလုပ်ရဘူး… ဒါပဲ… မကျေနပ်ရင်… ပြင်ဆင်ဖြည့်စွက်ချင်တာရှိရင် ပြော…”

အကြာကြီး စောင့်တယ်။ တယောက်ကိုတယောက် ပြုံးကြည့်နေကြတယ်။

*“နောက်ဆုံး… ပဉ္စမမေးခွန်း…*

သည်မေးခွန်းကတော့ လင်မယားနှစ်ယောက်ကြားမှာ အရေးအကြီးဆုံးလဲ ဖြစ်တယ်… နင်ကသာ သဘောမတူနိုင်၊ လက်မခံနိုင်ရင် ဘယ်လိုမှ ပေါင်းစည်းလို့ မရနိုင်တဲ့ မေးခွန်းလဲ ဖြစ်တယ်… သူ့ဘက်ကိုယ့်ဘက် ဘယ်လိုမှ အလျှော့အတင်းလုပ်… ကြားချယူလို့… ညှိယူလို့မရနိုင်တဲ့ မေးခွန်းလဲ ဖြစ်တယ်… ငါ ပြောရမှာ စိတ်တော့ သိပ်မကောင်းပါဘူး… ငါ မတရားဘူးဆိုတာလဲ ငါ သိပါတယ်… ဒါပေမယ့် ငါ မတတ်နိုင်ဘူး… ပြဿနာက ငါ ကလေး မလိုချင်ဘူး… ကလေး မယူဘူး… ဘာမှလဲ မေးမနေနဲ့… သားတွေသမီးတွေနဲ့ မိသားစု သိုက်သိုက်ဝန်းဝန်း တပျော်တပါးကြီး နေချင်တယ်လို့များ စိတ်ကူးယဉ်ထားရင်… ဖျက်လိုက်… ငါ့ကိုလဲ မချစ်နဲ့… ခုကတည်းက စွန့်လိုက်… ငါကတော့ မျိုးဆက်ပြတ်ပဲ… no compromise...no negotiation... no reproduction ပဲ…

PDF by www.mmnetlibrary.com



"ငါ့ မေးခွန်း ၅ ခွန်းကတော့ ဒါပဲ…"

kyra လဲ စိတ်ထဲက မကောင်းလို့၊ မောသွားလို့ ထင်ရဲ့။ ရေမော့သောက်လိုက်တယ်။

အစပိုင်းက အင်မတန် တက်ကြွပြီး ချက်ချင်း ချက်ချင်း ခေါင်းညိတ်ချင်ခဲ့တဲ့ gary… kyra က နောက်ဆုံးမေးခွန်းနဲ့လဲ စကားရပ်လိုက်ရော… ကိုယ့်လူလဲ ကောင်မလေးရဲ့ ဒူးခေါင်းတွေပေါ် ခေါင်းငိုက်စိုက် ကျသွားတော့တာပါပဲ။ kyra က သည်တခါတော့ gary ရဲ့ ပါးနှစ်ဖက်ကို သူ့လက်ဝါးနှစ်ချပ်နဲ့ ပြန်မပြီး၊ မျက်ရည်လည်စပြုနေတဲ့ သူ့ကို နဖူးနမ်း နှစ်သိမ့်ပါတယ်။ ပါးစပ်ကလဲ…'I'm so sorry'… တခွန်းပဲ ပြောနိုင်ပါတော့တယ်။

kyra လဲ gary ရဲ့ မျက်နှာကို ကြာကြာဆက်ကြည့်နေရင်… သူပါ ငိုဖြစ်တော့မှာမို့… recliner ပေါ် ခြေဆင်းရက်နဲ့ပဲ… couch ပေါ် စောင်းလှဲအိပ်လိုက်ပါတယ်။ gary က ညတိုင် သူ ခေါင်းအုံးအိပ်တဲ့ cushion ကျောမှီကို ဆွဲယူပြီး၊ kyra ရဲ့ ခေါင်းအောက်ကို သွင်းပေးလိုက်ပါတယ်။ ပြီး kyra ရဲ့ ရင်ဘတ်ပိုင်းကို ကျောပေးပြီး ကြမ်းခင်းကော်ဇောပေါ်မှာပဲ ခြေဆင်းထိုင်နေလိုက်ပါတယ်။ ကိုယ့်အတွေးနဲ့ကိုယ် ဘာစကားမှလဲ ဆက်မပြောနိုင်ကြပါဘူး။ ဒါပေမယ့် kyra ရဲ့ ထွက်သက်ဝင်သက်လေက gary ရဲ့ လည်ဂုတ်က ဆံပင်တွေကို လာဆော့ကစားနေကြပါတယ်။

kyra ရဲ့ ဘယ်ဘက်လက်ကလဲ သူ့ရဲ့နူးညံ့တဲ့ လက်ချောင်းကလေးတွေနဲ့ gary ရဲ့ နဖူးက အနာရွတ်ဝန်းကျင်ကို ချေးတွန်းပေးနေပါတယ်။ သည်မှာ kyra က သိချင်စိတ်ပေါ်လာတယ်။ အနာရွတ်က ခုကို ၂ လက်မလောက်ရှိတယ်ဆိုတော့ ဒဏ်ရာရတုန်းက ငယ်သေးတယ်ဆိုရင် တော်တော့်ကိုကြီးလိမ့်မယ်။ မထိတ်သာ မလန့်သာ ဦးခေါင်း





ခွံပါ ကွဲသွားပြီး၊ အထဲက ဦးနှောက်ကိုပါ ထိလိုက်မှဖြင့်… မတွေးဝံ့စရာပါကလား။ ကမြင်းလိုက်တဲ့မျောက်… ဘာဖြစ်ခဲ့ရတာပါလိမ့်…။ kyra စပ်စုမလို့ နှုတ်ခမ်းကို လျှာနဲ့လိမ်းလိုက်ရုံ ရှိသေးတယ်။

ကျောပေးပြီး ထိုင်နေတဲ့ gary မှာလဲ…စဉ်းစားမိရင်းနဲ့ သိချင်စရာ မေးချင်စရာ၊ နားမလည်နိုင်စရာတွေက တထွေးကြီးပေါ်လာတယ်လေ…။ အခု kyra က ကလေးမယူဘူး ပြောနေတယ်။ carolyn ကလဲ…'သားသမီးရှိမှ အိမ်ထောင်မြဲတယ်ဆိုတဲ့ နင့် logic ကို ငါ အယုံအကြည် မရှိဘူး' လို့… ပြောခဲ့ဖူးတယ်။

အစက ပြန်စရရင်… carolyn က ရွယ်တူ သူငယ်ချင်းမို့ နင်နဲ့ငါနဲ့ ပြောတာကို… ခုမှသိရတဲ့ သည်ပေါက်စမကလေးက… ဘာမှမသိပဲ စတွေ့ကတည်းက နင်နဲ့ငါနဲ့ လာပြောတယ်။ ပြီးတော့ မြွေလိုမျက်တောင်မခတ်ပဲ စိုက်ကြည့်တတ်တာချင်း တူတာကျတော့ကော…။

နောက်ပြီး ခုနတုန်းက သူ့စိတ်ကူးနဲ့ ပြောသွားတဲ့ အိမ်စည်းကမ်းတွေလဲ ပြန်စဉ်းစားကြည့်စမ်းပါအုံး။ ညအိပ် ဧည့်သည် မတည်းရတဲ့…။ ဆွေမျိုး အတူလာမနေရတဲ့…။ အိမ်ဖော် မထားရတဲ့။ ဘယ့်နှယ်ဟာတွေလဲ။ carolyn တို့ cate တို့နဲ့ တထပ်တည်း လာတူနေပါ့လား…။

ဘယ်တုန်းကမှ မစီးဖူးတဲ့ bmw ပေါ်ရောက်တော့လဲ သူ့ကိုယ်ပိုင်ကားလို အားလုံးကို သိနေပါလား…။ အံ့သြစရာကောင်းတာက သည်အရွယ်မထုံတက်သေးက country music ကို ကြိုက်ပြန်ရော… တဲ့။ ပြီး စိတ်ပျက်စရာကောင်းလောက်အောင် တူပုံက gary ကို ဖင်နဲ့ပေါက် စကားပြောတယ်လေ…။ အိမ်က kitchen ထဲမှာ breakfast အတွက် ပြင်ကြဆင်ကြရင်း carolyn က လက်မအားတော့

PDF by www.mmnetlibrary.com



သည်လိုပဲ ဖင်စောင်းနဲ့ပေါက်၊ မျက်ရိပ်မျက်ခြည်နဲ့ ပြောတတ်၊ ခိုင်းတတ်တယ်… တပုံစံတည်းပဲ။

အဲဒါတွေကကော ဘာတွေလဲ။ အရင်ဘဝ ခုဘဝ ဆိုတဲ့ reincarnation သာ ရှိခဲ့ရင် သူတို့က ညီအမတွေလား။ ဖြေတတ်မယ်တော့ မထင်ပါဘူး။ ဒါပေမယ့်… kyra က ခွင့်ပြုထားတယ်လေ…။ သူ့မေးခွန်းတွေ ဖြေပြီးရင်… သူ့ကို ပြန်မေးနိုင်တယ်… ဆို မဟုတ်လား။ gary နောက် ပြန်လှည့်လိုက်တယ်။

“ငါ ဖြေမယ်… ဖြေပြီးရင် နင့်ကတိအတိုင်း နင့်ကို တခု ပြန်မေးမယ်နော်… နင် မှန်မှန်ဖြေရမယ်… ညှိနှိုင်းမှာ မဟုတ်ပါဘူး… မေးရုံသက်သက်ပါ…”

“ဆို… နင်… ငါ့မေးခွန်းတွေကို မဖြေသေးဘူးနော်…”

“ဖြေမှာပါ… သေချာ ငါစဉ်းစားပြီးပါပြီ… တစ် နှစ် သုံး လေး ငါး… မေးခွန်း ၅ ခုစလုံး ငါ သဘောတူတယ်… အကြောင်းက နင့်ကို စိတ်ချမ်းသာစေချင်လို့ချည့်လဲ မဟုတ်ဘူး… နင့်ကို လက်ထပ်ချင်တာကြောင့်ချည့်လဲ မဟုတ်ဘူး… ငါလေ နင့်ကို enormously တအား သေလုမျောပါးကို ချစ်နေလို့ဟဲ့ kyra ရဲ့…”

စကားအဆုံးမှာတော့ kyra ရဲ့ မျက်နှာကလေးကို ပိန်ရှုံ့သွားအောင် ဆွဲယူရင်း နဖူးကို နဖူးချင်းထု… တအားနမ်းလိုက်တယ်။ အပေါ်အောက် နှုတ်ခမ်းတွေကိုရော လျှာကိုရော အကြာကြီးကို မလွှတ်တမ်း နမ်းပစ်လိုက်တယ်။ kyra လဲ ဘယ်နေနိုင်တော့မှာလဲ။ couch ပေါ်မှာ စောင်းလှဲနေရာက ခေါင်းကနေစ မြွေလို လျှောဆင်းလာပါတယ်။ နမ်းရက်နဲ့ပါပဲ။

kyra အမှန်ကို ဝန်ခံရရင် သည်တခါမှ ချစ်သူလို လင်မယားလို အရသာယူပြီး နမ်းဖူးရပါတယ်။ လျှာချင်း လူးလိမ့် နမ်းရတယ်ဆိုတာ





တမျိုးပဲနော်…။ ဒါပေမယ့် ယုံပါ။ kyra ကြောက်တယ်။ ဒါက ပထမဦးဆုံးအကြိမ် ယောကျ်ားတယောက်နဲ့ အိပ်ဖူးခြင်း၊ အပျိုရည် ပျက်ရခြင်းဖြစ်မှာမို့လဲ ထင်ပါရဲ့…။ အသည်းအသန် ခွဲစိပ်ကုထားရတဲ့ ကျန်းမာရေးအခြေအနေကလဲ ပါရဲ့။

အို… kyra ကြောက်လိုက်တာ။ ရင်ထဲကလဲ ခုန်လိုက်တာ။ တခါမှ အဲလောက် ကြမ်းကြမ်းကြီး မခုန်ဖူးပါဘူး။ gary ရဲ့လက်ကို နေရာပြောင်း ဖိအုပ်ခိုင်းထားရတယ်။ kyra မောတယ်။ လှပ်လှပ်လှပ်လှပ်နဲ့ အသက်ရှူရတာလဲ ကြပ်တယ်။ kyra ကြောက်ပြီး အော်ငိုတယ်။

gary လဲ လန့်တာပေါ့။ kyra ရဲ့ရင်ဘတ်ကို ပါးနဲ့အပ် ထိန်းထားပေးလိုက်တယ်။ စိတ်တွေလဲ ဘယ်ရောက်ကုန်တယ် မသိဘူး။ 911 ခေါ်ရမလား။ ဆေးရုံပြေးရမလား။ gary လဲ ဘာလုပ်ရမယ် မသိပါဘူး။ အရင်က သည်လိုမျိုး ဖြစ်ဖူးသလားလို့ မေးကြည့်တော့မှ…kyra လဲ gary ကို ပြုံးပြောတယ်။

ဟင်း… ခုနကတော့ ခုပဲ သေတော့မလို့လိုလို။ အခုချက်ချင်းပြောင်းလဲချင်တော့ မျက်နှာက ပြုံးလို့…။ သူ့ရင်ဘတ်ကတော့ နည်းနည်းကလေး လျော့သွားပေမယ့် ခုန်တုန်းပါပဲ။ gary နားမလည်တော့ဘူး။

“သည်အတိုင်းပဲ ပါးနဲ့အပ် ဖိထားပေးနော်… ငါ သည်လို တခါမှ မဖြစ်ဖူးပါဘူး… ဒါပေမယ့် ငါ့ ဆရာဝန်တွေက ပြောပါတယ်… ယောကျ်ားနဲ့ သည်လိုအိပ်ရင်လဲ ဖြစ်မယ်တဲ့… ငါ့နှလုံးက ကောင်းနေပြီတဲ့… အထာကျနေပြီတဲ့… သူများတကာတွေလိုပဲ normal life နေနိုင်ပါတယ်တဲ့… အဲ ကိုယ်ဝန်ရှိလာရင် ထုံးစံအတိုင်း သွေးသားဖွဲ့စည်းပုံတွေပြောင်း… မလိုလားအပ်တဲ့ ကမောက်ကမတွေဖြစ်… အန္တရာယ်ဖြစ်ကောင်း ဖြစ်လာနိုင်တဲ့အတွက်… ကြိုတင်ကာကွယ်တဲ့

PDF by www.mmnetlibrary.com



အနေနဲ့… သားအိမ်ကိုတော့ ထုတ်ထားတယ်တဲ့… ဒါကြောင့် နင့်ကို ပြောတာပေါ့…"

"နေပါအုံး… နင့်မှာက နှလုံးရောဂါ ရှိလို့လား… ဒါကြောင့် စောစောကလို ခုန်တာလား…"

"အေး… အရင်တုန်းက ရှိတယ်… အခု မရှိတော့ဘူး… အခု နှလုံးအသစ် လဲလိုက်ပြီ… heart transplant လုပ်လိုက်ရတယ်… ခုနက နှလုံးအသစ်က ခုန်တာပေါ့… ငါက တခါမှ မဖြစ်ဖူးတော့ ကြောက်တာပေါ့ဟဲ့…"

ခုတော့ gary ကလဲ သူ့အတွေးနဲ့သူ နားလည်ပြီး ပြုံးလိုက်တယ်။ ပြီး သူလဲ စိတ်မပူတော့ဘူး။ ဓာတ်ရည်လဲ လည်သွားပြီ။ သေချာပါတယ်။ carolyn ရဲ့နှလုံး kyra ရင်ဘတ်ထဲကို ရောက်နေပါပြီ။ နောက်မှ ခြေရာကောက် စုံစမ်းကြည့်တာက တပိုင်း။

ခုလောလောဆယ်တော့ carolyn ကိုလဲ ပြန်ချစ်ရပြီ။ kyra ကိုလဲ ချစ်ရပြီ။ kyra ရဲ့ကိုယ်နဲ့ carolyn ရဲ့နှလုံး။ gary တအား ပျော်သွားတယ်။ သူ့ရင်တွေလဲ တအား ခုန်လာတယ်။ kyra ကိုတော့ ယုယုယယကလေးပဲ နူတ်ခမ်းချင်း နမ်းလိုက်ပါတယ်။

ဒါပေမယ့် kyra က မရပါဘူး။ gary ရဲ့ ခါးပေါ်ကို လှမ်းခွပြီး တအားပြန်ဖက်နမ်းပါတယ်။ gary က သူ့လက်စွပ်ကို ပြန်ထုတ်ပါတယ်။ kyra ကိုလဲ couch ပေါ် ပြန်ထိုင်ခိုင်းပါတယ်။ ပြီး သူက ရှေ့မှာ ဒူးထောက်တယ်။ ထုံးစံအတိုင်း အခမ်းအနား ဆက်လုပ်တယ်။

will you marry me… မေးတယ်။

of course I will… ဖြေတယ်။

ပြီး နမ်းကြတယ်။ ပြန်ထွက်လာခဲ့ကြတယ်။ အချိန်နောက်ကျနေပြီ။ ဆိုင်ကို အချိန်မီ အရောက်ပြန်ကြရမယ်။ ရေခဲသေတ္တာထဲက





အသားကင်တွေကို ထုတ်၊ အိမ်တံခါးပိတ်၊ ခြံတံခါးပိတ်၊ gary ကလဲ ကားမှာပြီး သူ့ codillac နဲ့မောင်းထွက်ခဲ့တယ်။ kyra ကလဲ ဘာမပြော ညာမပြောနဲ့ codillac ကားတံခါးက code နံပတ်ကို သူ့ဘာသာသူ နှိပ်ပြီး ဖွင့်တက်လာတယ်။ gary ဘာအံ့သြစရာ လိုတော့သလဲ။ kyra ဆိုတာလဲ carolyn ပဲ ဥစ္စာ။

gary ကလည်း carolyn ရဲ့ယောကျ်ားပဲ။ အမြန်လဲ မောင်းတတ်ပါတယ်။ မိနစ်၂၀ တည်းနဲ့ ဆိုင်ကို ပြန်ရောက်လာကြတယ်။ ဆိုင်ထဲ မဝင်ရသေးဘူး။ kyra က အမိန့်ပေးတယ်။ အမိန့်အတိုင်း တံခါးဝမှာ အများမြင်ရအောင် နမ်းပြလိုက်ရသေးတယ်။ လက်ခုပ်တွေ တီးကြတယ်။ gary က အသားကင်အိတ်တွေကို kyra အဖေ့လက် အပ်လိုက်တယ်။ kyra က သူ့အမ၊ သူ့အမေနဲ့ ထွက်လာကြတဲ့ အမျိုးတွေကို စိန်၂ လုံးတွဲ လက်စွပ်ဝတ်ထားရက် ကြွားပြနေတယ်။ လက်ခုပ်သံတွေကတော့ မစဲပါဘူး။

ရောက်နှင့် သောက်နှင့်နေကြတဲ့ ကျိုးတို့ကျဲတဲ ပရိသတ် ၁၀ ယောက်လောက်ကလဲ congratulate လုပ်တဲ့အနေနဲ့ အော်ဟစ် ဆုတောင်းပြီး ခွက်တွေ မြှောက်ကြတယ်။ တယောက်က သီချင်းဆို ဂုဏ်ပြုတယ်။ တချို့က စည်းချက်နဲ့ လက်ခုပ်လိုက်တီးတယ်။ သည် အချိန်မှာ kyra ရဲ့အဖေက ပရိသတ်အလယ် လာရပ်ပြီး… ဘာ ကျေညာတယ် မှတ်သလဲ။

သူ့သမီးအငယ်မ kyra…သည်ကနေ့ စေ့စပ်ကြောင်းလမ်းတဲ့ အထိမ်းအမှတ် celebration လုပ်တဲ့အနေနဲ့ အခု ရောက်နေကြတဲ့ ပရိသတ်ရဲ့ ကုန်ကျထားတဲ့ စပွဲစရိတ်ကို သတို့သားလောင်းက တာဝန် ယူပါရစေတဲ့ ခင်ဗျား… တဲ့။ သဘောတူရင် လက်ခုပ်တီးကြပါ ခင်ဗျား… တဲ့။ ကျေညာတယ်။ ပရိသတ်က ထ hug လုပ်ကြ၊

PDF by www.mmnetlibrary.com



လက်ခုပ် သံပြိုင်တီးကြပြန်တယ်။ gary လဲ လူတိုင်းကို ပြုံးပြီး လိုက်နှုတ်ဆက်ရတော့တာပေါ့။

kyra ကလဲ gary နား ပြန်ပြေးလာပြီး ခြေဖျားထောက် မော့နမ်းတယ်။ ပြီး တိုးတိုးကလေး ပြောတယ်။

"အမေ့ကို ပြောခဲ့ပြီ… သည်ညနေ ငါအလုပ်မဆင်းဘူးလို့… ခု ငါ အပေါ် ပြန်တက်ပြီး ရေချိုးအဝတ်လဲမယ်… ငါတို့ ပြန်ထွက်ကြမယ်… ငါ နင်နဲ့အတူ တချို့နာမည်ကြီးတဲ့ club တွေမှာလည်း ကချင်တယ်… ပြီး မိုးချုပ်ရင် နင့်အိမ် ပြန်အိပ်ကြမယ်…"

"ငါ့ကို ငဲ့ညာတဲ့အနေနဲ့ သည်အိပ်တဲ့ကိစ္စတော့ ဆိုင်းထားပါအုံးလား အချစ်ကလေးရယ်… ငါ လူသတ်မှု မဖြစ်ပါရစေနဲ့…"

"သေချင် သေပလေ့စေ… နင့်ရင်ခွင်ထဲမှာ သေရမှာ… ပြီးတော့ ဟော့ကောင် အူကြောင်ကြောင်မလုပ်နဲ့… နေ့လယ်က ပြတဲ့ မသိမ်းရသေးတဲ့ ပန်းရောင်ခန်းထဲက အိပ်ရာမှာ အိပ်မှာနော်…"

"ဘာကြာတော့မှာ မှတ်လို့ ကလေးရယ်… နင့် cardiologist တွေနဲ့ ချိန်းထားတဲ့ check-up appointment ရက်ကို စောင့်လိုက်ပါအုံးမှပေါ့… ပို စိတ်ချရအောင်လေ…"

"လျှာမရှည်နဲ့ ငါ့သဘော…"

ပို သေချာပါတယ်။ kyra ရဲ့ ရင်ဘတ်ထဲမှာ… carolyn ရဲ့ နှလုံး ရောက်နေပါပြီ။ gary ရဲ့ဘဝမှာတော့… လှလဲ မလှ၊ ချောလဲ မချော၊ မက်မောစရာလဲ မရှိကြပါပဲနဲ့… ချစ်စရာကောင်းတဲ့ ညို့မျက်လုံးနဲ့ 'ငါ့သဘော' ကလေးတွေချည့် တွေ့နေရပါကလားနော်။

✣ ✣ ✣



## ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုး

လက်တွေ့ကတော့ Brad ရဲ့ခေါင်းထဲမှာ မိန်းမ ယူချင်တဲ့ စိတ်ကူးစိတ်ရူးမျိုး အလည်ရောက်မလာတာတောင် အတော်ကြာပါပြီ။ အင်း… အရှက်မရှိ မကွယ်မဝှက်စတမ်း ဖွင့်ဟဝန်ခံမယ်ဆိုရင်တော့ သည် ၂၇ နှစ်ဆိုတဲ့အရွယ် လူငယ်တစ်ယောက်အနေနဲ့ အမြီးမပေါက် ဘာမျောက်လဲ မေးရမလို။ မယူချင်ဘဲ ဘယ်နေပါ့မလဲနော်။ ရသာရမယ်ဆိုရင်က ယူချင်တာပေါ့။

အနည်းဆုံး အိမ်ထောင်ဖက်အဖြစ် မမျှော်မှန်း မရည်ရွယ်တဲ့ တိုင်အောင် Girl Friend လို့ခေါ်တဲ့ မိန်းမဖော်ကလေးတစ်ယောက်လောက်တော့ ဆန္ဒဖြေ ရှိထားနှင့်ချင်တာပေါ့။

ဒါပေမယ့်လို့လည်းလေ Brad ရဲ့ လက်ငင်းဘဝ အခြေအနေ ညံ့ဖျင်းနိမ့်ကျလိုက်ပုံက မိန်းမတစ်ယောက်ကို သူလိုငါလို ဘုရားကျောင်းမှာလက်ထပ်ပြီး အိမ်ခန်းနဲ့လိပ်စာနဲ့ တရားဝင် အတူနေနိုင်ဖို့ မဆိုထားနဲ့ မတော်တဆ ကောင်မချောချောလေးတစ်ယောက် ထီပေါက်သလို ကောက်ရလာခဲ့ရင်တောင်မှ ခေါ်စရာ ပျော်စရာနေရာကလေး တစ်နေရာ ရှာမရနိုင်ဘူးရယ်။ အခု Brad နေနေတယ်ဆိုတဲ့ ဆင်းရဲသားရပ်ကွက် မြို့ပျက် မြို့ဟောင်းဘက်က အိမ်ဆိုတာကလည်း Brad လို

PDF by www.mmnetlibrary.com



လူပျိုလူလွတ် တစ်စက်ရှိတည်းက လုပ်ဖော်ကိုင်ဖက် အလုပ်သမားတွေချည်း လေးယောက် စုငှားနေကြတဲ့ အိမ်လေ။

ပြီးတော့လည်း သိတယ်နော်။ မိန်းမဖော် Girl Friend ဆိုတာကလည်း နှလုံးသည်းခိုက် ချစ်ကြိုက်ရင်းစွဲ ရှိနေကြဦးတော့၊ ဆိုင်သာဆိုင် မပိုင်သေးတဲ့ လမ်းခုလတ်ဘဝ မဟုတ်လား။ တစ်ခါတစ်ရံ အခန့်မသင့်ရင် ငွေရေးကြေးရေး အပေးအကမ်းကလေးက ပြာသာဒ်ထက် မီးလောင်တတ်သေးတာကပဲ။

အဲ··· နားလည်လိုက်လျှော့မှုနဲ့ မငြိုငြင်စတမ်း သူ့ ဘဏ်ကတ်ကလေးတစ်လှည့်၊ ကိုယ့်ဘဏ်ကတ်ကလေးတစ်လှည့် မျှမျှတတ ထုတ်ဆွဲ သုံးရအောင်ကလည်း Bradရဲ့ ဘဏ် Debitကတ်က ပြဿနာ။ များသောအားဖြင့် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး ဆိုရင် လူတောထဲ ထုတ်မသုံးရဲတော့တဲ့အဖြစ်။ ဘဏ်မှာ ငွေလက်ကျန် လုံးဝမရှိတတ်တော့ဘူးလေ။ ထုံးစံအတိုင်း သောကြာနေ့မှာ ဝင်လာတဲ့ လုပ်ခကလေး မဖြစ်စလောက်ကလည်း နှစ်ရက်၊ သုံးရက်ဆို ကုန်ပြီပေါ့။ စိတ်ကျရတယ်။

ပြဿနာအရင်းခံကတော့ အလုပ်ပါပဲ။ အလုပ်သာ ပုံမှန်တစ်ပတ် နာရီလေးဆယ်နှုန်း အပြည့်ရနေလို့ကတော့ Brad မကြောက်ပါဘူး။ မိုးကို ဒူးနဲ့ တက်တိုက်ရဲပါတယ်။ ဒါပေမယ့် ခုဥစ္စာက ပြတ်တောင်းပြတ်တောင်း ဘာသေချာတဲ့အာမခံချက်မှ မရှိဘူး။ မနက်ဖြန် အလုပ်ဆင်းရမယ်၊ မဆင်းရဘူးဆိုတာကိုက သည်ကနေ့ ည ၈ နာရီအထိ မသေချာဘူး။ ညဘက် ၉ နာရီလောက်မှာ တယ်လီဖုန်းဆက် စုံစမ်းကြည့်ပါဦးတဲ့။

မှာထားတယ်၊ အလုပ်ရှိမှ On Callခေါ်မယ်ဆိုတဲ့ သဘော။ မောကြော···။ အလုပ်ရှင်ရဲ့ကိုယ်စားလှယ် Work in Charge ရဲ့





အပြောကတော့ အားရစရာ တစ်ကွက်မှမရှိဘူး။ အလုပ်သမားလျှော့တဲ့ ဦးရေစာရင်းထဲ မပါတာဘဲ ဘုရားသခင် ကျေးဇူးတော်လို့ အောက်မေ့ရမယ်တဲ့။

Brad ရဲ့အမြင်ကတော့ အဲ့သည်လို ပြတ်ပြတ်သားသား အလုပ်သမားဦးရေ လျှော့တဲ့စာရင်းထဲပါ၊ ယာယီအလုပ်ရပ်ဆိုင်း Laid Offအဖြုတ်ခံရတာကမှ တစ်မျိုး ကောင်းဦးမယ် ထင်တယ်။ Social ရုံးမှာ အလုပ်လက်မဲ့ ထောက်ပံ့ကြေး လျှောက်ထားမယ်လေ။ Welfare ထောက်ပံ့ကြေးကမှ အခုရနေတဲ့ မစို့မပို့ထက်တော့ ပိုရနိုင်လိမ့်ဦးမယ် ထင်တယ်။ ဒါပေမယ့် Brad မစွန့်စားရဲပါဘူး။ ရမှာကနောက်၊ တော်မှာနဲ့ နှင်ချခံရမှာက အရင်။ သည်တော့ သေချာတဲ့ နို့ပိန်ကလေးပဲ ကပ်တွယ်နေရဦးမှာပါပဲ။

ကြည့်လေ···။ ပြီးခဲ့တဲ့ အပတ်ကများဆိုရင် နှစ်ရက်နဲ့ နေ့တစ်ဝက်လား အလုပ်ဆင်းလိုက်ရတယ်။ နာရီ ၂၀ တည်း။ ကဲ··· သည်ပုံသာဆိုရင် အခု သောကြာမှာ ဝင်လာမယ့်လုပ်ခ Pay Check ထဲက ကိုယ့်အတွက် အချိုးကျပေးရမယ့် အိမ်လခရဲ့ ၄ ပုံ ၁ ပုံကို နုတ်လိုက်ရင် လက်ထဲ ဘာကျန်တော့မှာလဲ။

ထုံးစံအတိုင်း မပေးမနေရတဲ့ ဆိုင်ရာပိုင်ရာက အခွန်အကောက်တွေ၊ ကျန်းမာရေး အာမခံကြေးတွေနဲ့ ဘာကြေး၊ ညာကြေးတွေ အမြီးကနုတ်၊ ခေါင်းကနုတ် လျှော့က်သာနုတ်လိုက်ရလို့ကတော့ အလွန်ဆုံးကျန်လှ သုံး၊ လေးဆယ်ပေါ့။ သည်ငွေကလေးနဲ့ သည်တစ်ပတ်လုံးလုံး ဘယ်မှာ ဘာသွားစားမလဲ။ ဘာ သွားသုံးမလဲ။

ဒါတောင်နော်၊ လျှပ်စစ်မီတာခတို့၊ ဂက်စ်မီတာခတို့ဆိုတဲ့ Bill ကြွေးတွေက ခဏတဖြုတ်ဆိုင်းထားလို့ ရပေသေးလို့။ ပြီး တော်ပါသေးရဲ့၊ အစောကြီးကတည်းက တန်ရာတန်ရာပဲကောင်းတယ် ဆုံးဖြတ်

PDF by www.mmnetlibrary.com



ကြပြီး အိမ်သုံးတယ်လီဖုန်းတို့၊ TV Cable တို့ မသွယ်ခဲ့ကြပေလို့။ ဒါပေမယ့် ကိုယ့်ဘာသာကို တစ်လက်ကိုင် မရှိမဖြစ် သုံးနေရတဲ့ Cell Phone Bill ကတော့ ပေးရလိမ့်မယ်။

သည်လလာရင် နှစ်လပေါင်းအတွက် ၁၅၀ လောက်များကျမလား မပြောတတ်ဘူး။ သည်လမှ မပေးရင် အဖြတ်ခံရတော့မယ်။ စိတ်ဆင်းရဲရပါတယ်။ သည်အပတ်ထဲ အလုပ်မှလုပ်ရပ့ါမလား။ အလုပ်လုပ်ရချိန်နည်းလို့ Bill ကြွေးတွေ အပြည့်မဆောင်နိုင်ရင် ဘယ့်နှယ့်လုပ်မလဲ။ Brad လည်း စိတ်ပျက်လက်ပျက်နဲ့ ပင့်သက်ပြင်းကြီးချပြီး ဘတ်စ်ကားပေါ်က စိတ်မပါ့တပါ ဆင်းလိုက်တယ်။

ခြေထောက်တွေက သိနေပြီလေ။ ခါတိုင်း ဆင်းနေကျမှတ်တိုင်မှာ ဆင်းလိုက်တယ်။ လျှောက်နေကျဆိုင်တန်း Plaza ဘက်ကို လမ်းဖြတ်ကူးပြီး ဦးတည်လျှောက်လိုက်တယ်။ မရှိတာ ရှိတာ ဘေးချိတ်၊ ရှိသမျှကလေးနဲ့တော့ ပိုက်ဆံနည်းနည်းနဲ့ ဗိုက်ပြည့်အောင်စားထားရလိမ့်မယ်။

ထုံးစံအတိုင်း မနက်စောစာ Breakfastနဲ့ နေ့လယ်စာ Lunch ကို တစ်ခါတည်းပေါင်းစားဖို့ ဈေးသက်သာတဲ့ Burger ဆိုင်ကို ရွေးလိုက်တယ်။ သည်ဆိုင်မှာက အမဲသားတုံးနဲ့ Burger နှစ်လုံးတွဲကို Buy 1 Get 1 Free ဈေးနဲ့ရောင်းတယ်လေ။ ပြီး အာလူးကြော်တစ်ကော်ပွဲကြီးဆိုရင် တစ်ပွဲတည်းနဲ့ကို စူဧကာ ဗိုက်ပြည့်ရော။ နောက် Soda အချိုရည်ကလေးကလည်း သည်ဆိုင်က အကြိမ်ကြိမ် ထပ်ဖြည့် သောက်ခွင့်ပြုတယ်။ ဆိုင်ကို လှမ်းမြင်နေရကာမှ ဗိုက်တောင် ပိုဆာလာသလိုပဲ။ ဟုတ်ပြီ ချီတက်။

သည်မှာ မ Kay နဲ့ တွေ့ရတော့တာပါပဲ။ မ Kay က သူ ဝင်မယ်လို့ ပိုင်းဖြတ်ထားတဲ့ဆိုင်ထဲက ထွက်လာပြီး ဆိုင်ရှေ့ရပ်ထားတဲ့





ကိုယ်ပိုင်ကားတွေရှိရာကို လျှောက်လာနေတယ်။ နွမ်းနွမ်းလျလျ ကပိုကရိုရယ်။

တခြား တွေ့ဖူးနေကျ မိန်းမတွေလို အစာပိတ် သောက်လက်စ အအေးခွက်ကလေးကိုင်ပြီး ရွှင်ရွှင်လန်းလန်း ပြန်ထွက်လာတဲ့ ပုံစံမျိုး မဟုတ်ဘူး။ ဘယ့်နှယ်၊ သည်လိုမနက်ပိုင်းမှာ ဈေးဝယ်ထွက်၊ ရုံးတက်အလုပ်သွားကြရင်း လမ်းကြုံဝင် ဗိုက်ဖြည့်လေ့ရှိတဲ့ မိန်းမပေါင်း မြောက်မြားစွာကို Brad ကြုံဆုံဖူးပါတယ်။ သူ့လို အိပ်ရာထ မျက်နှာသစ်ထားပြီးခါစ မပြင်မဆင် မခြယ်မသမျက်နှာပြောင်ကြီးနဲ့ မဟုတ်ပေါင်။

ဩော်… အတော် ဗရုတ်ကျချင်တဲ့ ခြေထောက်။ ဘယ်လျှောက်နေပြန်တာတုံး။ Brad လျှောက်ရင်း၊ လျှောက်ရင်းနဲ့ မ Kay ဦးတည်ရာ မ Kay ရဲ့ ကားနားကို ရောက်လာတယ်။ မ Kay ရဲ့ ကားမှန်လည်း အစက မသိပါဘူး။ မ Kay က ရပ်ထားတဲ့ ကားတံခါးလက်ကိုင်မှာ သော့ထိုးဖွင့်နေတော့မှ Brad ကလည်း မမျှော်လင့်ဘဲနဲ့ မ Kay ရဲ့ ကားညာဘက်ဘေးမှာ မ Kay နဲ့ မျက်နှာချင်းဆိုင် ရောက်ရက်သား ဖြစ်နေတယ်။

အမှန်ပြောရရင် တမင်တကာကြည့်ဖို့ စိတ်ကူး မရှိပေမယ့် လည်း သည်တစ်ခါတော့ သူစိမ်းမိန်းမတစ်ယောက်ကို (သို့မဟုတ်) မ Kay ရဲ့ မျက်နှာကလေးကို Brad မျက်တောင်မခတ် စိုက်ကြည့်လိုက်မိတယ်။ မ Kay ကလည်း ကားတံခါးဖွင့် ငုံ့ဝင်မယ်လုပ်ရင်း Brad ကို မျက်ခုံးကလေးတစ်ဝက်ပင့် ပြန်ဝံ့ကြည့်လိုက်လေရဲ့။

ဟ… ဘယ်လို အကြည့်လဲဟ။ ပြုံးသယောင်ယောင် ညို့သလိုလိုနဲ့။ Brad ကျောက်ခဲအသည်းနဲ့ အိပ်ပျော်နေတဲ့ကျားတောင် ရင်ထဲ တလှုပ်လှုပ်ခုန်သွားသလိုပဲ။ ရုပ်ကလည်း ဘယ်လို သတ်မှတ်ရမလဲ။ လှတစ်ပတ်နွမ်း ဆိုရမလား။ မျက်လုံးတွေက ငွေမိုးညိုညို

PDF by www.mmnetlibrary.com



ငိုထားခါစလို။ မျက်တောင်ရှည်ကလေးတွေကလည်း မကော့ပြန်ဘဲ ငိုက်တွဲလို့။

တစ်ပတ်လျှိုလိုလို ကပိုကရို ဖွေထိပ်တက် ထုံးဖွဲ့ရစ်ပတ်ထားတဲ့ ဆံပင်တွေကလည်း နက်မှောင်မှောင်။ ပြီး အသားရောင်ကလည်း အထက်မြောက်ပိုင်းသူတွေလို အဖြူဖွေးဖွေးမှာ ပန်းသွေးပြေးနေတာမျိုး မဟုတ်ချေဘူး။ ပျားရည်နဲ့နွားနို့ ဆတူရောမွှေထားတဲ့ အရောင်မျိုး။ Brad တွေ့ဖူးပါတယ်။ အသားအရေ ကြည့်ရတာကလည်း ညက်ညော ချောမွေ့နေသလိုမျိုးဆိုတော့ Brad တွက်လိုက်ပါတယ်။ ဧကန္တ တောင်ပိုင်းပင်လယ်ထဲက ကျွန်းတစ်ကျွန်းသူပဲ ဖြစ်ရမယ်ပေါ့။

Brad လည်း သမ္မာနုတ်သူမှ မဟုတ်ပဲ။ စကားပြောခွင့် မကြုံကြိုက်လိုက်ရလို့သာ လက်တင်သံ၊ စပိန်သံ ဝဲ၊ မဝဲ မသိလိုက်ရတာလေ။ ဒါပေမယ့် ရုပ်အရကတော့ သေချာပါတယ်။ Hispanicy Hispanic ပါပဲ။ Pueto Rico သူ၊ Venezuela သူ ဖြစ်ကောင်းဖြစ်နိုင်တယ်။ သိတယ်နော်။ အမေရိကန်သူ အဖြူအမည်းမကလေးတွေ ငေးကြည့်ရလောက်အောင် လှကြပါပေ့ဆိုတာ ပူတိုရီကိုသူ၊ ဗင်နီဇွဲလားသူကလေးတွေ အိပ်ရာထ ရေမချိုးရသေးသလောက်ပဲရှိတယ်လို့ ကာလသားတွေ ပြောအနှုတ် ပြုကြတယ် မဟုတ်လား။ ခုလည်း ဘာထူးသေးလဲ။ မ Kay ရဲ့ ခခြယ်မသ အိပ်ရာထစမျက်နှာက Brad ကို ညှို့ငင်ဆွဲဆောင်ဖမ်းစားလိုက်ပြီလေ။

ပင့်ကူအိမ်မှာငြိနေတဲ့ ယင်လို Brad လည်း ရုန်းတော့ ရုန်းထွက်ချင်တာပါပဲ။ ဒါပေမယ့် ငြိနေတယ်။ အနားက တစ်ဖဝါးမှ မခွာနိုင်မခွာရက်ဖြစ်နေတယ်။ အများရဲ့အမြင်မှာကတော့ မ Kay က သူ့ကားထဲရောက်နေပြီး ဖြစ်တဲ့အတွက် ကားစက်နှိုးပြီး မောင်းထွက်သွားနှင့်လို့ရအောင် ရပ်ရှောင်ပြီး လမ်းပေးထားတဲ့အနေနဲ့ မ Kay ရဲ့ကား နံဘေးမှာပဲ





ဟန်ဆောင်ပန်ဆောင် သူ ရပ်နေလိုက်တယ်။ မ Kay ကားခေါင်းရှေ့က ကန့်လန့်ဖြတ်ပြီး စားသောက်ဆိုင်ထဲ မဝင်နှင့်သေးဘူးလေ။ အမှန်ကတော့ ငြိနေတာပါပဲ။

ကားအထွက်မှာ ကားထဲက မ Kay ကို ဘေးကြည့်၊ နောက်ကြည့် တစ်ကျော့ပြန် ထပ်ကြည့်လိုက်ချင်သေးတာလည်း ပါတာပေါ့။ ချစ်ရမယ့်သူကို ဘက်ပေါင်းစုံ ရှုထောင့်မျိုးစုံက ဓာတ်ပုံရိုက် ငေးစိုက်ကြည့်နေချင်သလိုပေါ့နော်။ အတော်ပါပဲ။ ယဉ်ကျေးမှုအရကလည်း အမျိုးသမီးကို ပထမဦးစားပေး လမ်းဖွင့်ပေးရမယ် မဟုတ်လား။

ဒါပေမယ့် သည်မိန်းမ ဘာဖြစ်လို့ ကြာနေတာပါလိမ့်။ ကားထဲမှာ ဘာလုပ်နေလို့ပါလိမ့်။ မနက်စောစော နေလည်းမရှိန်သေးတဲ့ ခုလိုအချိန်မှာ မလိုအပ်ဘဲ ဖြန့်ပြီး ကာထားတဲ့ ကားရှေ့မှန်ရဲ့ အတွင်းဘက်က နေကာမြက်ဖျာ ယင်းလိပ်ကိုလည်း အခုထက်ထိ ဖယ်မပစ်သေးပါလား။ ပြီး ကားကိုလည်း စက်မနှိုးသေးဘူး။ ကားထဲမှာ ဘာတွေများ သည်လောက်တောင် ရှုပ်နေလို့ ခါခက် ရှင်းလင်းနေရတယ် မသိပါဘူး။ ကားကလေးကတော့ ချမ်းခိုက်ခိုက်တုန်သလို မေးရိုက်လှုပ်ခါနေတာပါပဲ။

ခက်တာက အထဲမှာ ဘာတွေဖြစ်နေတယ် မသိရဘူး။ အစေ့ပိတ်တင်ထားတဲ့ ကားပြတင်းမှန်တွေအားလုံးက လုံခြုံရေးရောင်ပြန်ဖလင်တွေ အပြည့်ကပ်ထားတာရယ်၊ ပြီးတော့လည်း ရောင်ပြန်က အဆင့် ၃ အမှောင်ဆုံးအမျိုးအစား။ အပြင်ကနေ အထဲကို ကြည့်ချင်လို့ကတော့ ကိုယ့်ပုံရိပ်ကလွဲပြီး ဘာကိုမှမမြင်ရနိုင်ဘူး။

ပြီး ရှေ့မှန်ရဲ့အတွင်းဘက်က မြက်ဖျာယင်းလိပ်ကလည်း ငွေသားရောင် ရောင်ပြန်ပဲ။ ရှေ့မှန် တစ်ဖက်စွန်းမှာ မီးခြစ်ဆံတစ်ချောင်းစာလောက်ဟနေတဲ့ နေရာလွတ်ကလေးတစ်နေရာတော့

PDF by www.mmnetlibrary.com



တွေ့ရပါရဲ့။ ဒါပေမယ့် မှန်နားဆီကို မျက်နှာ အပ်ပြီး ချောင်းကြည့်နိုင်ပါမှ မြင်ကောင်းမြင်ရမှာလေ။ ဘယ်သူက အမိုက်ခံ၊ အထင်မှားခံပြီး ချောင်းကြည့်ရဲမှာလဲ။ မတော် ကားထဲက မိန်းမက မြင်သွားပြီး ဟွန်း နှိပ်ထည့်လိုက်ရင် အရှက်တကွဲ အကျိုးနည်းရမယ့်အဖြစ်။

ပြီး ကားထဲမှာ သည်လောက်ကြာနေပုံထောက်တော့ အဝတ်လဲ၊ အလှပြင်နေတာလားမှ မသိ။ မတော်တရော် မူးယစ်ဆေး သုံးစွဲနေတာမျိုး ဆိုရင်လည်း ဘယ့်နှယ်လုပ်မလဲ။ အဲဒါက သူ့ကိစ္စ၊ သူ့လွတ်လပ်ခွင့်လေ။ ကြည့်မိတဲ့ ကိုယ့်မှာသာ တရားခံဖြစ်မှန်း မသိဖြစ်ရမှာ။ မကြည့်ရဲပါဘူး။ ခိုးကြောင်ခိုးဝှက် ချောင်းကြည့်တာမျိုးလည်း Brad ဝါသနာ မပါလှပါဘူး။

ဒါပေမယ့် ဘယ်လို ပြောရမလဲတော့ မသိဘူး။ သည်မိန်းမကို အနည်းဆုံး တစ်ကျော့လောက်တော့ Brad ထပ်ကြည့်လိုက်၊ မြင်လိုက်ချင်သေးတယ်။ နောက်ဆုံး အခွင့်အရေးတစ်ရပ်အနေနဲ့ ဦးနှောက်ဖန်သားပြင်မှာ ပုံရိပ် ရိုက်ယူထားလိုက်ချင်သေးတယ် ဆိုပါတော့။ ဘာ့အတွက်ရယ်လို့တော့ ရည်ရွယ်ချက် ကြီးကြီးမားမား မရှိတန်ရာပါဘူး အောက်မေ့တာပဲ။

ခက်တာက လျှပ်တစ်ပြက်ကလေး ဆုံလိုက်ရတာလေ။ သည်တဒင်္ဂအခိုက်အတန့်မျှနဲ့တော့ စွဲလမ်းတယ် မသမုတ်နိုင်ပါဘူးနော်။ ဒါပေမယ့် ထူးခြားချက်တစ်ရပ်တော့ ရှိလေရဲ့။ Brad ရဲ့ဘဝမှာ အရင်က မြင်နေကျ၊ တွေ့နေကျမိန်းမတွေနဲ့ မတူတာကတော့ အမှန်ပဲ။ ဘာခြားနားနေတယ်တော့ ရိုက်စစ်လည်း Brad မပြောတတ်ဘူး။

ကြည့်လေ၊ သူ့ကို အရင်မောင်းထွက်ခွင့်ပေးတဲ့အနေနဲ့ ခဏရပ်စောင့်ပေးနေတာတောင် ခုထက်ထိ ကားစက်ကို မနှိုးသေးဘူး။ မျက်နှာရှေ့တည့်တည့်က မြက်ဖျာယင်းလိပ်ကိုလည်း မြင်ကွင်းရှင်း





သွားအောင် ဖယ်ရမယ့်ကိစ္စ ဖယ်မပစ်သေးဘူး။ သည်လောက်ကြာနေရအောင် ကားထဲမှာ သူ ဘာလုပ်နေတာလဲ။ ကားထဲကနေပြီးတော့များ သူ့ကို အကဲခတ်ကြည့်နေလေရော့သလား မသိ။ Brad ရဲ့စိတ်က မရိုးသားတော့ ကိုယ့်စိတ်နဲ့ နှိုင်းပြီး ကိုယ့်ကိုယ်ကို ကြံဖန် အထင်ကြီးပစ်လိုက်မိပြန်တယ်။

ဟမ်း… သည်လို အပေါက်မျိုးတော့ ဘယ်ချိုးလို့ရလိမ့်မလဲ၊ ကိုယ့်သိက္ခာ အကျခံလို့။ Brad သူ့ကားခေါင်းရှေ့ကပဲ မမှုလေဟန်နဲ့ ဣန္ဒြေရရ ဖြတ်လျှောက်ပြီး စားသောက်ဆိုင်ထဲ ဝင်ပစ်လိုက်တယ်။ နောက် မ Kay ရှိရာကို လုံးဝပြန်လှည့်မကြည့်ဖြစ်အောင်လည်း စိတ်ကို အမိန့်ထုတ်ချုပ်ချယ်ထားလိုက်တယ်။ သိတယ်နော်။ ဆိုင်ထဲကို ရောက်တော့ ဟန်ဆောင်လုပ်ထားတဲ့ မာန်ရုပ် အရေခွံ ကျွတ်သွားပြီ။ ဘဝမှန် ပြန်ရောက်သွားပြီ ဆိုပါတော့။

သည်တော့ ထုံးစံအတိုင်း ဈေးအသက်သာဆုံးနဲ့ ဆင်းရဲသားအလုပ်ကြမ်းသမားစာအဖြစ် သီးသန့် စီမံထားတဲ့ အမဲသားတုံး Angus ဘန်းမုန့်ညှပ် Burger အမြွှာတစ်ပွဲနဲ့ အာလူးကြော်အလိမ်ပွဲကြီးတစ်ပွဲကို မှာလိုက်၊ ငွေရှင်းလိုက်တယ်။ ဆိုဒါ အချိုရည်ကတော့ သည်ဆိုင်မှာက ကြိုက်သလောက် ပြန်ဖြည့် သောက်နိုင်တယ်။ ပိုက်ဆံ ထပ်ပေးစရာ မလိုဘူး။ ကိုယ့်အလှည့်ရောက်လို့ ကိုယ်မှာတဲ့မုန့်တွေ ရောက်လာတော့ လင်ပန်းထဲ ကောက်ထည့်ယူလာပြီး မ Kay ကားကို လှမ်းမြင်နေရတဲ့ အခြမ်းက စားပွဲခုံမှာ ထိုင်လိုက် တယ်။

ဟိုက် မ Kay ရဲ့ကားက ဝမ်းသာစရာ ထွက်မသွားသေးပါလား။ ဘာရမလဲ၊ လူကို မမြင်ရဘူးနော်။ ကားကိုပဲ မဲကြည့်နေမှာပေါ့။ ကားကတော့ တစ်လက်၊ နှစ်လက်ပြောင်း ကားအဟောင်းဝယ်ထားပုံရတာပဲ။ အရောင်အဆင်းကအစ ရုပ်က အတော်ကျနေပါပြီ။ Brad ရဲ့

PDF by www.mmnetlibrary.com



အယူအဆကတော့ ကားဝယ်မစီးနိုင်သေးလည်း နေလေရော့။ သည်လို ကားဟောင်း၊ သည်လောက်မသန့်တဲ့ကားမျိုးတော့ ဘယ်တော့မှ ဝယ်မစီးဘူးလို့ ဆုံးဖြတ်ထားတယ်။

အမျိုးအစားကတော့ အမေရိကန်ကား Chevy Cavalier ပါပဲ။ Model ကတော့ ၉၅-၉၆ လောက် ဖြစ်မှာပေါ့။ တံခါးနှစ်ပေါက်။ Saloon အနီရောင်။ ညာဘက်နောက်ပိုင်း ဘီးဖုံးရွှံ့ကာမှာလည်း တိုက်ထားတာ ထင်ရဲ့၊ နည်းနည်းချိုင့်ဝင်နေပြီး ပွန်းရာခြစ်ရာ ဒဏ်ရာတွေနဲ့။

ပြီး ရှေ့မှန်ပေါ်မှာ ရေသုတ်တံတွေလည်း မပါဘူး။ ဒါကတော့ သည်မှာက သဲကန္တာရ မိုးနည်း[illegible]ဒေသမို့၊ ဒါမှမဟုတ် ဖြုတ်အခိုးခံရမှာစိုးလို့ထင်ပါရဲ့။ မတပ်ဘဲ [illegible]သိမ်းထားသလားမှ မသိ။ Brad သိပ်နားလည်လှလို့တော့ မဟုတ်ပါဘူး။ ဒါပေမယ့် အတူနေ ကားရူးတွေ ပြောနေလေ့ရှိတဲ့ ကားအကြောင်း သောင်းပြောင်းထွေလာ ဗဟုသုတတွေအရတော့ သည်ကားရဲ့အခြေအနေမျိုးက ဘာတန်မှာလဲ။

လွန်ရောကျွံရောတန်လှ တစ်ထောင်လောက်ပေါ့။ ရပ်ကွက်တွေထဲမှာ ပိုင်ရှင်ကလည်း သုံးနေဆဲ၊ ရောင်းရန် For Sale လို့လည်း နောက်မှန်မှာ ဆိုင်းဘုတ်ရေးထားတတ်တဲ့ ကားမျိုးတွေနဲ့သာ တွေ့ရင် သည် မKay ရဲ့ကား အခြေအနေက ရာဂဏန်းနဲ့တောင် ရနိုင်မယ်ထင်တယ်။ မKay ကို အထင်သေးလို့တော့ မဟုတ်ပါဘူး။ သည်ကားကလည်း မKay ရဲ့ လက်ထဲမှာကို ဘယ်လောက်ထိ ကြာနေမှန်းမှ မသိပဲ။

ဒါပေမယ့် ကားထဲက မိန်းမက ကားပိုင်ရှင်ဆိုတာကတော့ သေချာပါတယ်။ ဘာပြုလို့လဲဆိုတော့ ကားထဲမှာလည်း သူချည်းပဲလေ။ ပြီးတော့ ကားသော့ကလည်း သူ့လက်ထဲမှာ။ ပြီး စောစောက သူ





ဝင်ထိုင်လိုက်တဲ့ဘက်ကလည်း ယာဉ်မောင်းထိုင်ခုံ။ နောက် သည်မိန်းမ ဟန်ပန်ပုံစံ ကြည့်ရတာကလည်း ကိုယ်တိုင်မောင်းမယ့်ပုံပါပဲ။

အဲ… တစ်ကွက်တော့ စဉ်းစားစရာ ကျန်သေးရဲ့။ သည်နေရာမှာ အချိန်းအချက်နဲ့ရပ်ထားပြီး သူ့ယောကျ်ားဖော်၊ သို့မဟုတ် တစ်စုံတစ်ယောက်ကို လာစောင့်နေတာများလားမှ မသိ။

ဒါပေမယ့် ဒါလည်း မဖြစ်နိုင်ပါဘူး။ သည်မိန်းမ ပုံပန်းကြည့်ရတာ အဲလိုမျိုး ယောကျ်ားဖော်တစ်ယောက်ကို ချိန်းစောင့်နေတဲ့ပုံ မပေါက်ပါဘူး။ ကြည့်ပါလား ရုပ်က မဖီးမလိမ်း မခြယ်မသ၊ လန်းလန်းဆန်းဆန်း တက်တက်ကြွကြွလည်းမရှိ။ အပြင်ကလာမယ့်လူကို လှမ်းမြင်နေရအောင် မျက်နှာရှေ့က နေကာယင်းလိပ်ကိုလည်း မရုပ်သိမ်း။ တစ်ခါတစ်ရံဖြစ်ဖြစ် ကားအပြင်ပြန်ထွက်ပြီး ရှေ့နောက်ဝဲယာလည်း မျှော်မကြည့်။ ပြီးတော့ ဝတ်ထားတဲ့အင်္ကျီကလည်း မဟောင်းနွမ်း မတွန့်ကြေဘူး ဆိုဦးတော့၊ သစ်သစ်လွင်လွင် ကောင်းကောင်းမွန်မွန်မဟုတ်။

မတတ်နိုင်ပါဘူး။ သည်ခေတ်ကြီးမှာ တစ်စုံတစ်ယောက်ကို စောင့်နေရတာမျိုး ဆိုရင်လည်း ဘာခဲယဉ်းတာမှတ်လို့။ လက်ပတ်နာရီကိုကြည့်ပြီး ခါးကြားက Cell Phone နဲ့ Text Message နှိပ်လိုက်ရုံပေါ့။ သည်အရွယ် လူတိုင်းလိုလိုမှာ Cell Phone ရှိတတ်ကြတာပဲ။ သူ့ဘောင်းဘီခါးပတ်မှာ ညှပ်ထားတာ တွေ့လိုက်ပါတယ်။ သည်လောက်ထိ အကြာကြီးစောင့်မနေရပါဘူး။ ပြီး စောင့်နေတယ်ဆိုလည်း မျက်နှာရှေ့က နေကာယင်းလိပ်ကို ဘာလို့ မဖယ်ပစ်ရသေးတာလဲ။ ဘာကြောင့် ဘာရည်ရွယ်ချက်နဲ့ ဆက်ကာမြဲ ကာထားရတာတုံး။ နေရောင်ထိုးလို့ ကာထားရတယ်ဆိုရအောင်ကလည်း နေကဖြင့် ခုမှ သူ့ ကားရဲ့နောက်ဘက်က တိုက်ကြိုတိုက်ကြားမှာ မေးတင်စ ရှိသေးတယ်။ အဓိပ္ပာယ် မရှိဘူး။

PDF by www.mmnetlibrary.com



ဒါဖြင့် ဘာလဲ။ ခုထက်ထိ ဘာဖြစ်လို့ ရပ်နေရတာလဲ။ ခုထက်ထိ ဘာပြုလို့ မောင်းထွက်မသွားရသေးတာလဲ။

ကြာလှပြီနော်။ ဆိုင်ထဲမှာ Brad တစ်နာရီကျော်ကြာ အချိန်ဆွဲပြီး ထိုင်စားနေတာတောင် စားပွဲပေါ်မှာ ပြောင်တလင်းခါနေပြီ။ ခွက်ခွက်တွေ၊ စက္ကူအိတ်တွေကိုလည်း အမှိုက်ပုံးထဲ သွားထည့်ပစ်လိုက်ပြီးပြီ။ Brad နောက် အတော်ကြီးကြာမှ ဝင်လာစားကြတဲ့သူတွေတောင် တချို့ စားပြီးကြလို့ ပြန်ထွက်သွားကုန်ကြပြီ။

ဆိုင်ကတော့ အားနာစရာ၊ မျက်နှာပူစရာ မလိုပါဘူး။ ကိုယ်လည်း ပိုက်ဆံပေးပြီး လာဝယ်စားတဲ့သူပဲ။ ကိုယ့်နေပိုင်ခွင့်လည်း ရှိတယ်။ ဆိုင်ကကျယ်တော့ နေရာလွတ်တွေလည်း ရှိသေးတယ်။ ကိုယ်လို အလုပ်ရှိပုံမရ၊ အားနေနေတဲ့သူတွေ၊ တချို့ဆိုရင် သူများဖတ်ပြီးလို့ ချန်ထားပစ်ခဲ့တဲ့ သတင်းစာတွေ ကောက်ဖတ်၊ တချို့ဆိုရင် ဝေါဟာရပဟေဠိ Crossword စာအုပ်လိုက် ရှေ့ချပြီး တစ်ရွက်ပြီးတစ်ရွက်၊ တစ်ကွက်ပြီးတစ်ကွက် ထိုင်ဖြည့်နေကြတာပဲ။ ဆိုင်ကလည်း သူ့ဆိုင်အမြဲလူစည်နေတယ်ဆိုပြီး သဘောတောင်ကျနေလိမ့်ဦးမယ်။

သိတယ်နော်။ တော်တော်ကြာ နေကလေးမြင့်လာရင် အပြင်ဘက်မှာက ပူတော့မယ်လေ။ သစ်ပင်ရိပ်ကလည်း ရှားမှရှား။ ဆိုင်ထဲမှာကတော့ လေအေးစက်ဖွင့်ရက် မဟုတ်လား။ ပြီး အချိုရည်ဆိုင်တွေကလည်း ရေအသေသောက်၊ အပေါ့အပါးသွားဖို့ Restroom တွေကလည်း သန့်သန့်ရှင်းရှင်း ကျယ်ကျယ်ဝန်းဝန်း။ သည်တော့ ဘာပူစရာလိုသလဲ။ မ Kay ရဲ့ကားနဲ့ပြိုင်ပြီး နေရာကမရွေ့စတမ်း Brad ကျောကလေးဆန့် ထိုင်ကြည့်နေလိုက်တယ်။

ဒါပေမယ့် Brad ရဲ့ ခေါင်းထဲမှာကတော့ မေးခွန်းတွေ၊ မေးခွန်းတွေ တစ်ခုပြီးတစ်ခု ဆင့်ဆင့်ပေါ်လာတယ်။ သူ ဘယ်သူလဲ။





သူ ဘာလုပ်နေတာလဲ။ သူ ဘာဖြစ်လို့ သည်နေရာမှာ အကြာကြီး ရပ်နေရတာလဲ။ သူ ဘာပြုလို့ အိမ်မပြန်တာလဲ။

သူ့ အသက်အရွယ်က သုံးဆယ်ဝန်းကျင်လောက်တော့ ရှိပြီဆိုတော့ သူ့မှာ လင်ယောကျ်ား၊ (သို့မဟုတ်)ယောကျ်ားဖော်ကော မရှိဘူးလား။ မိဘ၊ သားသမီး စသည့် မိသားစုကော မရှိဘူးလား။ အတူမနေကြဘူးလား။ သူ ဘာအလုပ်လုပ်သလဲ။ ဘယ်မှာ၊ ဘယ်အချိန်လုပ်သလဲ။ သည်နေ့ကော သူ အလုပ်မသွားဘူးလား။ သူလည်း ကိုယ့်လိုပဲ အလုပ်မရှိဘူးလား။ သူ ဘာလုပ်ကိုင် စားသောက်ပြီး သူ့ဘဝကို သူ ဘယ်လိုရပ်တည်နေသလဲ။

ခုလို အလဟဿ အချိန်ကုန်ခံနေနိုင်ရအောင် သူ ဘယ်က ဘာဝင်ငွေတွေများရနေလို့၊ ရထားလို့လဲ။ သူ ဘယ်တော့မှ အိမ်ပြန်မှာလဲ။ သူ့အိမ်ကကော ဘယ်မှာလဲ။ သူ သည်လိုပဲ နေကုန်အောင် နေနေတော့မှာလား။ သူ မစားမသောက်တော့ဘူးလား။ သူ မအိပ်တော့ဘူးလား။ သူ ရေချိုးသန့်စင် အလှပြင်၊ အဝတ်လဲ စသည်ကော မလုပ်တော့ဘူးလား။ ယုတ်စွအဆုံး ခန္ဓာကိုယ်ရဲ့ဓမ္မတာ ဆီးဝမ်း စသည်ကော မစွန့်တော့ဘူးလား။ လား… လား… လား…။

ကင်းခြေများလောက် မေးခွန်းတွေသာ မရေမတွက်နိုင် ဖြစ်လာပြီး အဖြေကတော့ တစ်ခုမှထွက်မလာပါဘူး။ Brad လည်း ဗိုက်ပြည့်လာလို့ အိပ်ငိုက်ချင်လာတာနဲ့ လက်လျှော့လိုက်ချင်စိတ် ပေါက်လာပါတယ်။

သည်လောက် ရပ်ရည်ကလေး သနားကမား လှကြွင်းလှကျန် ကလေးတွေ ရှိနေပါသေးရက်ကယ်နဲ့ သည်လောက် အတွေးရခက် ပဟေဠိဆန်လှတဲ့မိန်းမ၊ မပတ်သက် စိတ်မဝင်စားတာဘဲ ကောင်းပါတယ်လေလို့ လက်လျှော့ လက်နက်ချပြီး အိမ်မှာပဲ ပြန်နားဖို့ Brad

PDF by www.mmnetlibrary.com



ထိုင်နေရာက ထလိုက်တယ်။ ပြီး Restroom ခဏဝင်မယ်။ ကိုယ်အလေးချိန်လျှော့မယ်။ ပြီးရင် နောက်ဆုံးနှုတ်ဆက်တဲ့အနေနဲ့ ဝင်လာခဲ့တဲ့လမ်း အတိုင်း မKay ရဲ့ကားဘေးကပဲဖြတ်ပြီး ဘတ်စ်ကား မှတ်တိုင်ရှိရာ ပြန်မယ်ပေါ့။

သိတယ်နော်။ မိန်းမများ တရားဝင်မယူရ၊ မချစ်ရ၊ မပေါင်းရသေးဘူး။ မျက်စိကျတယ်၊ စိတ်ဝင်စားတယ် ဆိုတဲ့ ပထမဆုံးအဆင့်လောက် ရောက်ရုံရှိသေးတယ်၊ ဦးနှောက်တွေ ခြောက်ခန်းပြီး ခေါင်းပါအဆန်ချောင်ကုန်အောင် လုပ်ပစ်လိုက်တတ်တာလေ။ အို… ဘုရားသခင် ကြောက်လှပါပြီ။ ကယ်တော်မူပါ။

တော်ပြီ။ ရပ်တန်းက ရပ်။ Brad ထိုင်ရာက ထလိုက်တယ်။

ရော်… သူနဲ့ မKay နဲ့က စိတ်ချင်းစိတ်ချင်းများ ဆက်နေလေရော့သလားမသိ။ လောကကြီးမှာ တစ်ယောက်နဲ့တစ်ယောက် မမြင်ရ၊ အသံမကြားရဘဲနဲ့ စိတ်စိတ်ချင်း ဆက်သွယ်နားလည်နိုင်တယ်၊ သိနိုင်တယ်ဆိုတဲ့ Telepathy ရှိတယ်ဆိုတာကို Brad လက်ခံယုံကြည်ရတော့မယ် ထင်ရဲ့။

ကြည့်နော်၊ တိုက်ဆိုင်လိုက်ပုံက အံ့သြစရာကောင်းပါဘိ။ ဆိုင်ထဲမှာ Brad လည်း လက်လျှော့ပြီး ပြန်မယ်လို့ ထိုင်ရာက ထလိုက်ရောတစ်ပြိုင်တည်းမှာပဲ လှမ်းတိုင်ပင်ညှိနှိုင်းထားတဲ့အတိုင်း မKay ကလည်း သူ့ကားထဲကနေ တံခါးဖွင့်ပြီး ရုတ်တရက် ထွက်လာပါလေရော။

ကဲ… သည့်ထက် ထူးထူးခြားခြား တိုက်ဆိုင်တာ ဘာရှိဦးမှာလဲ။ ဒါပေမယ့် Brad မှာ ပြဿနာက ပြန်ထိုင်လို့ကလည်း ကြည့်မကောင်း၊ မသင့်တော်။ သည်တော့ ချော်လဲရောထိုင် ဆိုသလို မူလကကြံစည်ထားတဲ့အတိုင်းပဲ Restroom တွေရှိရာ အိမ်သာဘက် ဆက်ခြေဦးတည်လိုက်ပေတော့ပေါ့။





ဟောဗျာ၊ ဖြစ်ချင်တော့ မKay ကလည်း ဆိုင်ထဲ ခပ်တည်တည်ပြန်ဝင်လာပြီး Restroom တွေရှိရာ ရောက်လာပြန်တာပါပဲ။ တမင်တကာကို မျက်နှာချင်းဆိုင် မတွေ့ဖြစ် တွေ့ဖြစ်အောင် မြားနတ်မောင်ကကြံဆောင် ဖန်တီးလိုက်တာနဲ့ တူမနေပေဘူးလား။ မိန်းမနဲ့ ယောကျ်ားနံရံသာခြားပြီး ဝင်ပေါက်ချင်းခွဲထားပေမယ့် အိမ်သာတွေကိုလာရာလမ်းကတော့ သည်တစ်လျှောက်တည်းပဲလေ။ ဘယ်ရှောင်တိမ်းလို့လွတ်တော့မှာတုံး။

သည်တစ်ခါတော့ အလွတ်မခံ နှုတ်ဆက်တဲ့ အနေနဲ့ Brad က ယဉ်ကျေးစွာ ပြုံးပြလိုက်ပါတယ်။ မKay ကိုပဲ သူ့ရှေ့ကနေ အရင်လျှောက်ဖို့ ဦးစားပေးတဲ့အနေနဲ့ Brad က သူ့ပုံမှန်ခြေလှမ်းတွေကို စိပ်လိုက်ပါတယ်။

မKay ကလည်း မြင်ဖူးပါတယ်၊ မှတ်မိပါတယ်ဆိုတဲ့ အသိအမှတ်ပြုအကြည့်မျိုးနဲ့ မKay ရဲ့ဝသီအတိုင်း မျက်ခုံးကလေးတစ်ဝက်ပင့် ပြန်ဝံ့ကြည့်လိုက်ပါတယ်။ ပြီး နှုတ်ကလည်း ညင်ညင်သာသာ Thanks ပါတဲ့။

ဟုတ်လိုက်သမှ ဟုတ်လိုက်လေကွယ်။ Brad အကဲခတ်မမှား၊ နိမိတ်ဖတ် မမှားခဲ့ပါဘူး။ သမုဒ္ဒရာထဲက Islander ကျွန်းတစ်ကျွန်းသူ ဖြစ်ရမယ်လို့ သူ တွက်ခဲ့တယ် မဟုတ်လား။ ခု ကြည့်လေ၊ Thanks တဲ့။ မမီဘူး။ နည်းနည်းဝဲတယ်။ အဲ… ပြန်ထွက်အလာမှာကျတော့ မေးခွန်းတွေ တစ်ထမ်းကြီးနဲ့ မေးလိုက်မဟဲ့လို့ ပြင်နေတဲ့ Brad က တစ်ခွန်းမှ မမေးရသေးဘူး။ မKay ရဲ့ ကိုယ်ရေးကိုယ်တာမို့ မေးသင့်၊ မမေးသင့် ချင့်ချိန်နေတုန်းရှိသေးတယ်၊ ကပျာကသီ အမီထွက်လိုက်လာတဲ့ မKay က တကတဲ အာသွက်လျှာသွက်နဲ့ ကောက်ကာငင်ကာ စမေးချလိုက်လေရဲ့။

PDF by www.mmnetlibrary.com



"စောစောကတွေ့တာ ဟုတ်။ အဲသည်ကတည်းက ရှင် ဆိုင်ထဲဝင်သွားတာ ခုမှ စားပြီးတယ်ဟုတ်"

Brad ကြောင်အအနဲ့ ဘာဖြေရမလဲ၊ ခေါင်းပဲညိတ်ပြလိုက် ဖြစ်တယ်။ ပြီးတော့မှ ထုံးတမ်းစဉ်လာအတိုင်း နှုတ်ဆက်တဲ့အနေနဲ့ လက်ကို ခပ်လျော့လျော့ကမ်းပေးရင်း –

"ကျွန်တော် Brad ပါ"

"ကျွန်မ Kay ပါ။ Nice to meet you"

သဘောလောက် ခပ်ဖွဖွ လက်ဆွဲနှုတ်ဆက်လိုက်ကြတယ်။

လက်ဆွဲနှုတ်ဆက်ခွင့် ရပြီဆိုတော့မှ Brad လည်း ရဲစပြုလာ တယ်။ ပြောရဲလာတယ် ဆိုပါတော့။

"ခွင့်ပြုပါ၊ ကျွန်တော် သိချင်နေတာကလေးတွေ တစ်ခွန်း နှစ်ခွန်း မေးပါရစေ"

မKay က နှုတ်ခမ်းစေ့ထားရက်နဲ့ 'အင်းဟင်း' လို့ အသံထွက် ခေါင်းဆတ်ခွင့်ပြုတယ်။ ပြီးတော့ မေးလာမယ့် မေးခွန်းမျိုးကို ကြိုသိ နေရက်နဲ့ မသိဟန်ဆောင်ထားပြီး လည်တိုင်ကြော့ကလေးကို ငဲ့မော့ နားစွင့်တယ်။ မKay လည်း ငယ်တော့တာမှ မဟုတ်ပဲ။ အူ ဘယ်နှခွေ မောင့်ဝမ်းထဲမှာရှိတာလဲဆိုတာ သိတာပေါ့။ သည်စကားမျိုးနဲ့ စလာရင် ဘယ်စကားမျိုးနဲ့ ဆုံးတတ်တယ်ဆိုတဲ့ ယောကျ်ားတွေရဲ့သဘောကို နောကျေနေပါပြီ။ ဒါပေမယ့် မိန်းမတို့ ဓမ္မတာ နားဝင်ချိုမယ့် စကား တွေဆိုတော့လည်း အရသာခံ ကြားချင်ပါသေးတယ်ဆိုတဲ့ သဘော။

မျက်နှာပေါ်က မပြုံးတုံ့ပြုံးတုံ့ အပြုံးမပီမပြင်ကလေးနဲ့ ညှို့ငင်တဲ့အကြည့်ကလည်း လှရက်ပါပဲ။ တစ်ချိန်တည်းမှာ ခြေထောက် တွေကလည်း အလှမ်းမပျက် လျှောက်ရက်ပဲနော်။ ဆိုင်အပြင်ဘက် ပြန်ထွက်မယ့်ပုံရယ်။





Brad လည်း အပြင်ထွက်မယ့်သူဆိုတော့ ပျော်သွားပါတယ်။ အထွက်တံခါးရွက်ကို တွန်းဖွင့်ကိုင်ပေးထားပြီးမှ မKay နောက်က သူ လိုက်ထွက်တယ်။ အပြင်ရောက်တော့မှ မKay ရဲ့ကားရှေ့မှာ ခဏရပ်ပြီး သူ့စကား ပြန်ဆက်တယ်။ ဒါပေမယ့် အိုးမလုံအုံပွင့် ဆိုတာမျိုးများ ဖြစ်နေမလားလို့ စမပြောခင် တစ်ချက် ပြုံးလိုက်မိ သေးတယ်။ မKay ကတော့ လုံးဝ ကြိုတင်မရိပ်မိဟန်နဲ့ပဲ စောင့် နားထောင်နေတယ်။

"စောစောက ဟောသည်နားမှာ Kay ကို မြင်မြင်လိုက်ရချင်း မှာပေါ့နော်၊ ကျွန်တော့်ခေါင်းထဲ အသိသစ်တစ်ခု ဝင်လာတယ်။ ဩော်… တချို့မိန်းမတွေဟာ မျက်နှာမှာ ဘာမိတ်ကပ်မှ မခြယ်သ၊ မပြင်ဆင်ဘဲလည်း ရက်ရက်စက်စက် လှတတ်ကြပါကလားလို့"

သူ့စကားက မပြတ်သေးဘူး။ မKay က ကြည်နူးရွှင်ပျ ခါးကလေးညွတ်ပြီး ဖြတ်အော်တယ်။

"Bingo...Thanks thanks Gracias... စကား တတ်တယ် နော်။ ရှင်ဟာ အလွန်ချိုမြတဲ့သူပဲ"

မကေရဲ့ ကျေးဇူးစကားကြောင့် Brad တောင် မျက်နှာ မထားတတ်ဖြစ်လာတယ်။ ရတ်တရက်လည်း စကားရပ်သွားတာပေါ့။

"Sorry, အနှောင့်အယှက် ဖြစ်သွားတယ်ထင်ပါရဲ့။ Go On မေးမယ့်စကားသာ ဆက်မေးပါ"

"အစကတော့ Kay က လှတာနဲ့ ယောကျ်ားတွေရဲ့ အကျင့် အတိုင်း ကြည့်မိရုံ ကြည့်မိတာပေါ့နော်။ နောက်ပိုင်းကျတော့မှ Kay ပြုမူနေပုံတွေက ပဟေဠိဆန်လာပြီး စိတ်ဝင်စားစရာ ကောင်းလာ တာနဲ့ ထမပြန်ဖြစ်ဖြစ်ကရော၊ ဩော် ဆိုင်ထဲကနေ Kay ကို ခိုးကြည့် နေမိတဲ့အတွက်တော့ ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်"

PDF by www.mmnetlibrary.com



"တောင်းပန်ဖို့ မလိုပါဘူး။ ကျွန်မဖြင့် သတိတောင် မထားမိပါဘူး။ ကျွန်မ အရမ်းအိပ်ချင်တာနဲ့ ကားထဲမှာ အိပ်ပျော်သွားတယ်။ မသိလို့ ပြန်မေးမယ်နော်။ စောစောက ရှင် ပြောလိုက်တဲ့အထဲမှာ ကျွန်မက ပဟေဠိဝှက်တယ်ဆို၊ အဲဒါ 'ဘာလဲ။ ရှင် ဘာကို ဆိုလိုတာလဲ"

"Kay ညက ကောင်းကောင်း မအိပ်ခဲ့ရလို့လား"

"ရှင်ကချည်း မေးနေတာကို၊ ကျွန်မ ပြန်မေးတာကိုတော့ ရှင် မဖြေသေးဘူးနော်"

"ဘာပါလိမ့် Kay မေးတာ"

"ကျွန်မက ပဟေဠိဝှက်တယ်ဆိုတာလေ"

"ဪ... Kay က ပဟေဠိဆန်တယ်လို့ ပြောတာပါ။ ကျွန်တော်က Kay ပြုမူနေပုံတွေကို မြင်ရပြီး အဖြေရှာမရတာလေ။ Kay ဘာပြုလို့ ကိုယ့်ကားပေါ် ကိုယ်ပြန်ရောက်ပြီးမှ အိမ်မပြန်တာလဲလို့"

"ရှင် ကျွန်မကို အခုမှ သိလို့နေမှာပါ။ သည့်ဆိုင်က အလုပ်သမားတွေအားလုံးကတော့ သိကြပါတယ်။ ကျွန်မမှာ ပြန်စရာအိမ်မှ မရှိဘဲ။ သည်ကားက ကျွန်မရဲ့အိမ်ပဲ။ ကျွန်မ သည်ဆိုင်မှာ အလုပ်လုပ်တယ်။ ည ၁၂ နာရီမှာ အလုပ်ဝင်တယ်။ မနက် ၉ နာရီ ပြီးတယ်။ ကားထဲမှာ ပြန်အိပ်တယ်။ အဲဒါက ရှင့်ကို စိတ်ဝင်စားစေတာလား"

"Sorry နော်၊ Kay ရဲ့ ကိုယ်ရေးကိုယ်တာတွေကို မေးမိသလိုဖြစ်သွားလို့"

"ရပါတယ်။ ကျွန်မမှာ လျှို့ဝှက်စရာ မရှိပါဘူး"

စကားဆက်စရာ မရှိတော့ ရပ်သွားကြတယ်။ မ Kay ကလည်း လမ်းခွဲဖို့ ဟန်ပြင်လိုက်တယ်။





"ဒါပဲလား၊ ရှင့်ပဟေဠိက၊ ဒါနဲ့ ရှင့်ကားရော ဘယ်မှာ ရပ်ထားလဲ"

ပြီးပါပြီ။ ယဉ်ကျေးတဲ့ လူတွေအနေနဲ့ကတော့ မ Kay ရဲ့ စကားက သွယ်ဝိုက်တဲ့နည်းနဲ့ နှုတ်ဆက်လိုက်တာပေါ့။ ကိုယ့်ကားရှိရာကိုယ်သွား၊ ပြန်တော့ဆိုတဲ့ အဓိပ္ပာယ်။ Brad လည်း သဘောပေါက်ပါတယ်။ ခုမှ တစ်ကြိမ်တစ်ခါပဲ မြင်ဖူးတွေ့ဖူးကြတဲ့လူချင်း တစ်ယောက်အကြောင်းတစ်ယောက် အသည်းထက် ပိုသိချင်လို့ မကောင်းတတ်သေးဘူးပေါ့နော်။ သည့်ထက် ပိုသိချင်ရင်တော့ ရှေ့ခရီးဆက်ရုံသာ ရှိတော့မပေါ့။

ဒါပေမယ့် မ Kay ကောက်ချက်ချလိုက်တဲ့အတိုင်း Brad စကားကောင်းကောင်း ပြောတတ်ပါတယ်။ Brad ရဲ့ ဘက်ကလည်း ရိုးရိုးသားသား ပြန်ဖွင့်ပြောဖို့သင့်ပြီလေ။

"Kay မြင်သားနဲ့၊ ကျွန်တော်က ဘတ်စ်ကားပေါ်က ဆင်းလာပြီး စျေးသက်သာတဲ့ သည်ဆိုင်မှာ ဝင်စားမယ်လို့ လျှောက်လာရင်းနဲ့ Kay နဲ့ သည်နေရာမှာ တွေ့ကြတာလေ။ ကျွန်တော့်မှာ ကိုယ်ပိုင်ဆိုလို့ အရပ်ကားတောင် မရှိပါဘူး။ ပြီး အခုလောလောဆယ်တော့ Laidoff အလုပ်လက်မဲ့"

မ Kay က စိတ်မကောင်းဟန်နဲ့ ခပ်လျော့လျော့ပြုံးတယ်။ ပြီး Brad ကို နှစ်သိမ့်တဲ့သဘောလည်းဖြစ်၊ ခင်မင်ရင်းနှီးလိုစိတ် ရှိကြောင်း ပြရာလည်းရောက်အောင် မ Kay က စပြီး လက်ကမ်းပေးလိုက်ပါတယ်။

"Bye... see you around. Have a nice day."

လက်ဆွဲ နှုတ်ဆက်လိုက်ကြတယ်။ ဒါပေမယ့် Brad က မ Kay ရဲ့လက်ကို ရုတ်တရက် မလွှတ်ဘဲ သူ့ဘယ်ဘက်လက်နဲ့ပါ ထပ်အုပ်ပြီး တစ်ဆင့်ထပ်ကွန့်လိုက်တယ်။

PDF by www.mmnetlibrary.com



"Can I see you again."

မKay ကလည်း သူ့ ဘယ်ဘက်လက်နဲ့ပါ ထပ်အုပ်ပြီး ပြုံးပြုံးရွှင်ရွှင် ဖြေတယ်။

"Of course"

"Where"

"Right here"

"When"

"Any time"

"Kay, I'm serious..."

"I'm serious too..."

"Then, tomorrow..."

"Ok..."

Brad လက်တွေ ဖြေလွှတ်လိုက်ပြီး လှချင်းလည်း ခွဲလိုက်တယ်။

"Bye..."

"Bye..."

✤ ✤ ✤



## သမီးကလေးတစ်ယောက်နဲ့ အမေ

ကောင်းတော့ ကောင်းပါရဲ့။ ဒါပေမဲ့ လူကြီးတွေကို သက်သက်မဲ့ ဒုက္ခပေးတဲ့ ဥပဒေ။ အသက် ၁၈ နှစ် မပြည့်သေးလို့ ကလေးမို့လို့ဆိုပြီး လုံးဝ မရောင်းပေးတော့ စီးကရက်၊ အရက်လည်း ဝယ်ခိုင်းချင်လို့မရ။ ထီတောင်မှ ထိုးခိုင်းလို့မရ။ တကတဲ သမီးကလေး တစ်ယောက် မွေးထားမိပါတယ်တော်။

ကျောင်းကလည်း မထားလို့မဖြစ်။ အပိုဝင်ငွေကလေး တစ်ဖက်တစ်လမ်းက ရရာရကြောင်း ကျောင်းနားချိန်နဲ့ ကျောင်းအားရက်တွေမှာ အချိန်ပိုင်း အလုပ်ကလေး ဝင်လုပ်ခိုင်းချင်လို့လည်း ဥပဒေကိုကြောက်ပြီး အလုပ်ပေးရဲမယ့်လူ မရှိ။ ခွန်းလည်း မဟုတ်၊ ခက်ရင်းလည်း မဟုတ်၊ လှီးလို့ ဖြတ်လို့လည်း မရတဲ့ စားပွဲတင်ဓားလိုဟာမျိုး။

သမီးကိုရော၊ အစိုးရရဲ့ ဥပဒေကိုရော မျက်စောင်းခဲလိုက်ပြီး တစ်ဖက်လမ်းထိပ်က Corner Store ရှိရာဘက် Sasha ပြန်ထွက်လာခဲ့တယ်။ Bus ကား Schedule အရဆိုရင် သည်မှတ်တိုင်မှာ Sasha တို့လိုက်ရမယ့် # ၂၀၃ ဆိုက်လာဖို့က နောက်ထပ်ဆယ်မိနစ်လောက်လိုပါသေးတယ်။ ဆိုင်ကလည်း လမ်းတစ်ဖက်ကူးရုံးမှာပေမဲ့ လှမ်းမြင်နေရတာပဲ။ ဝေးလှ ခဲတစ်ပစ်စာ ရှိတော့မပေါ့။ ဘီယာသံဘူးကလေး

PDF by www.mmnetlibrary.com



တစ်ဘူးလောက် ပြေးဝယ်လိုက်ရတာ ဘာကြာမှာ မှတ်လို့။ ဒါပေမဲ့ သမီးက စိတ်ပူတယ်။ မှတ်တိုင်မှာ တစ်ယောက်တည်းလည်း မနေရစ်ခဲ့ရဲချင်ဘူး။

စဉ်းစားကြည့်တော့ သည်ကနေ လမ်းထိပ်ကို ပြန်လျှောက်ဦးဟယ်၊ လူကူးမီးစိမ်းရပ်ပြမှ လမ်းဖြတ်ကူးဦးဟယ်နဲ့ အသွားအပြန်။ ပြီးတော့လည်း အမေ သောက်နေကျ ပေါချောင်ကောင်းဆိုတဲ့ ခွေးခေါင်းနီတံဆိပ်ဘီယာက ဝယ်နေကျဆိုင်မှာ မဟုတ်တော့ ဟိုးအတွင်းဘက်ထဲက စင်တွေအထိ လိုက်ရှာချင် ရှာနေရဦးမှာရယ်။

ပြီးတော့လည်း အမေ့လို ဆင်းရဲသား 'ဂျိုး'တွေသာ သောက်တတ်တဲ့ သည်ခွေးခေါင်းနီက အရက်မျိုးစုံရှိတတ်တဲ့ Liquor ဆိုင် မဟုတ်ရင် သာမန်ကုန်စုံဆိုင် အတော်များများက တင်မရောင်းတတ်ကြဘူး။ အမေနဲ့ လိုက်ရနေကျဆိုတော့ သမီး သိတယ်။ ပြီးတော့လည်း တွေ့ဦးတော့၊ ဆိုင်မှာ ဝယ်သူကျနေရင် ပိုက်ဆံပေးဖို့ကိုပဲ တန်းစီစောင့်ဦးဟယ်၊ မှတ်တိုင် ပြန်လျှောက်ရဦးဟယ်နဲ့။ မတော် သည်ကြားထဲ ဘတ်စ်ကားရောက်လာရင် ဒုက္ခ။ စိတ်မောရတယ်။

"အမေ့ မြန်မြန်လုပ်ဗျ။ အပြင်လေတိုက်ထဲမှာ ရပ်နေရတာ အေးတယ်"

သမီး လှမ်းပြောလိုက်တာကို ကြားတယ်ဆိုတဲ့ သဘောနဲ့ ပြန်လှည့်ပြောမနေတော့ဘဲ လက်မြှောက်ပြရုံသာ ပြပြီး Sasha လည်း အောက်ငုံ့ သုတ်သုတ်လျှောက်ပါတယ်။ ဘတ်စ်ကားက သည်လို စနေ၊ တနင်္ဂနွေ မဟုတ်တဲ့ ပုံမှန် Week Days တွေမှာဆိုရင် ၁၅ မိနစ်မှ တစ်စီးနှုန်းလာနေကျဆိုတာ Sasha သိပါတယ်။

ဘတ်စ်ကားမောင်း သမားတွေက စည်းကမ်းမရှိ အချိန်မတိကျ မမောင်းတတ်ကြပါဘူး။ ပေးထားတဲ့ Schedule အတိုင်း





မမောင်းရင် အချိန်နဲ့သွားလာ အလုပ်လုပ်နေကြရတဲ့ ရုံးသမား၊ အလုပ်သမားတွေက တိုင်ကြ၊ အကြောင်း ပြကြတော့မှာပါ။ ပြဿနာတက်ခဲ့ရင် နစ်နာကြေးလျော်ကြေးလည်း ပေးရဦးမယ်။ အလုပ်လည်း ပြုတ်ဦးမယ်။ မလုပ်ရဲပါဘူး။ အချိန်တန်ရင် ရောက်လာပါလိမ့်မယ်။ မီပါတယ်။ မလွှတ်နိုင်ပါဘူး။

ဒါပေမဲ့ အန္တရာယ်က သိတယ်နော်။ မနေ့ကနဲ့ သည်ကနေ့ မနက် နှင်းထပ်မကျတော့ပေမဲ့ သည်ကြားထဲ မိုးမရွာတော့ လမ်းဘေး လူလျှောက် Side Walk တွေပေါ်မှာ ကျထားတဲ့ နှင်းတွေရဲ့ထုက ကြိုးပျောက်ခြေတံရှည် Boot ဖိနပ် ခြေဖမိုးတစ်ခုလုံး မြုပ်လောက်တဲ့အထိ ထူနေသေးတယ်။ အရည်ပျော်ပြီး မြောင်းထဲ စီးဆင်းမသွားကြသေးတဲ့ အပြင် တစ်ရက်နေထွက်လိုက်တဲ့အတွက် အောက်ခြေက ရေခဲပြင်ဖြစ်နေလောက်ပြီ။ ဆောင့်နင်းပြီး သတိထားမလျှောက်လို့ကတော့ ဗိုင်းခနဲ ချော်လဲပြီ ကွဲပြီသာမှတ်။

သည်လိုနဲ့ တစ်ဆောင်းတစ်ဆောင်းမှာ အမေ့လို ပေါင်ချိန်နှစ်ရာ ခန္ဓာကိုယ်ပိုင်ရှင်တွေ တင်ပါးဆုံရိုး ကျိုးကြရပေါင်း၊ ခေါင်းကွဲဆေးရုံရောက်ကြရပေါင်း များကြရလှပြီ။ ပြီးတော့လည်း Sasha က သူများနဲ့တူတာ မဟုတ်ဘူး။ ရိုးရိုးသားသား လဲပြိုရင်တောင်မှ ဘယ်ဆိုင်ရာပိုင်ရာ အိမ်ရှင်ကမှ အရေးလုပ်ကူညီပြီး လျော်ကြေး ဆေးဖိုးဝါးခ တာဝန်မယူမယ့်အပြင် ဘယ်သူကမှ ကရုဏာသက်ကြမှာ မဟုတ်ဘူး။ ပါးစပ်က အနံ့ကလေးတသင်းပျံ့ပျံ့နဲ့ မဟုတ်လား။ Sasha ကိုယ့်အကြောင်း ကိုယ်သိတယ်။ သတိနဲ့သာ လျှောက်။ အလျင်မလိုနဲ့။

Sasha ဘေးမသီရန်မခ မှတ်တိုင်ကို ပြန်ရောက်လာပါတယ်။ တော်ပါသေးရဲ့။ ဘတ်စ်ကားကလည်း လှမ်းမမြင်ရသေးပါဘူး။ မှတ်တိုင်မှာလည်း သူတို့သားအမိ နှစ်ယောက်တည်း။ လူပိုတစ်

PDF by www.mmnetlibrary.com



ယောက်မှ အနားမှာ မရှိဘူးဆိုတော့ Sasha လွတ်လွတ်လပ်လပ် ကြဲလို့ ဖန်လို့ ရသွားတယ်။

သည်တော့ ဝယ်လာတဲ့ ဘီယာဘူးကို ဆွဲလှန်ဖွင့်လိုက်တယ်။ ဝေကျ လျှံထွက်လာတဲ့ ဘီယာမြှုပ်တွေကို နှမြောကြီးစွာနဲ့ ငုံ့စုပ်သောက်လိုက်တယ်။ ပြီး လက်ကျန်ကိုမှ သူ့ လက်ကိုင်အိတ်ထဲမှာ အပိုဆောင်ထားတဲ့ ကော်ဖီဓာတ်ဘူးကိုင်းခွက်ထဲ ပြောင်းလောင်းထည့်တယ်။ အသေအချာ အလုံပြန်ပိတ်။ အိတ်ထဲထည့်သိမ်းတယ်။ သည်လိုမှ ဘတ်စ်ကားပေါ်မှာ အချမ်းပြေ ကော်ဖီပူပူသောက်သလိုလိုနဲ့ ခိုးမော့လို့ ရမှာလေ။

သိတယ်နော်။ ဘတ်စ်ကားတွေရဲ့ စည်းကမ်းကလည်း အဖုံးအပိတ် လုံလုံခြုံခြုံမရှိတဲ့ စားလက်စ သောက်လက်စတွေကို ကားပေါ်ယူလာပြီး ဆက်စားခွင့် မပြုဘူး မဟုတ်လား။ မှတ်တိုင်တိုင်းနားမှာ အမှိုက်ပုံးတွေ ချထားပေးတယ်။ ဘီယာဘူးအခွံကို အမေ သွားထည့်ပစ်ခဲ့တယ်။

အမေကတော့ သည်အရက်စွဲ ရောဂါနဲ့ ပြဿနာပါပဲ။ သူ ရှာလို့ရတဲ့ ပိုက်ဆံကလည်း အနည်းဆုံး သုံးပုံတစ် ဒါပေမဲ့ Sasha ရဲ့ အခြေအနေက မဆိုးပါဘူး။

သူ့ဘေးထိုင်ခုံက Vietnam လိုလို Phillipino လိုလို အဘိုးကြီးက သဘောကောင်းပုံရပါတယ်။ သူ့ကိုယ်ကိုတောင် ကျုံ့ပြီး နေရာလုပ်ပေးသေးတာပဲ။ Sasha ခိုးမော့လို့ အနံ့ထွက်ဦးတော့ စပ်စုမယ့်ပုံ၊ ဂရုစိုက်မယ့်ပုံ မပေါ်လောက်ပါဘူး။

အဲ သမီးကလေးရဲ့ နံဘေးကတော့ ဝဝဖိုင့်ဖိုင့် အဖြူမကြီးရယ်။ သိတယ်နော်။ အသက်အရွယ်နဲ့ အသားအရောင်က နည်းနည်းကြီးကျယ်ချင်တတ်တယ်။ တော်ပါသေးရဲ့။ သမီးနဲ့မို့။ သမီးက ကလေးဆိုတော့





ဘာပဲပြောပြော သူ ဟန်ဆောင်ပန်ဆောင် ချစ်ဟန်ပြု ဦးစားပေးရမယ်လေ။

ပြီးတော့လည်း သိပ်ကြောင့်ကြစရာ မရှိပါဘူး။ ရှေ့ မကြာခင်မှာ Flamingo လမ်းမကို ရောက်ရင် အရှေ့ဘက်ထဲသွားမယ့် Bus # ၄၀၁ကို ပြောင်းစီးရမှာပဲ။ မကြာတော့ပါဘူး။ ကြားမှတ်တိုင်တွေမှာ ဘီးတပ်ကုလားထိုင်သုံး ဒုက္ခိတခရီးသည်တွေသာ အတက်အဆင်းမရှိလို့ကတော့ နောက် ဆယ်မိနစ်လောက်ဆို ရောက်သွားမှာပဲ။ အချိန်ကိုက် ခန့်မှန်းပြီးမှ Sasha အိမ်က ထွက်လာတာပါနော်။

Sasha မှာအချိန်ကို အတိအကျသိနိုင်တဲ့ လက်ပတ်နာရီတို့၊ Cell ဖုန်းတို့တော့ မရှိပါဘူး။ များသောအားဖြင့် ဖုန်းကုမ္ပဏီတွေက အပြိုင်အဆိုင် Cell ဖုန်းတွေ အခမဲ့ပေးပြီး သုံးစွဲသူ Customer သစ်တွေ ခေါ်ယူနေကြပေမဲ့ Sasha မသုံးရဲပါဘူး။ သူ့ဥစ္စာက အနည်းဆုံး တစ်နှစ်၊ နှစ်နှစ်သုံးစွဲပါ့မယ်လို့ ကတိပြု Contract စာချုပ်ပြီး ဆက်သုံးရမှာလေ။

အဝင်အထွက် ဖုန်းပြောတဲ့ နေ့ပိုင်းမိနစ်တွေနဲ့ အဝေးပြောမိနစ်တွေအတွက် ကျသင့်သမျှ ပြောခတွေရယ်၊ အခွန်အကောက်တွေရယ်က လစဉ် Bill ဆောင်ရမှာလေ။ တစ်လအနည်းဆုံး ၅၀/၆၀ အပိုအကုန်မခံနိုင်ပါဘူး။ ဆင်းရဲသားမှာ ဖုန်းဆက်စကားပြောစရာလည်း သိပ်အကြောင်းမရှိပါဘူး။

ပြီးတော့လည်း ထုံးစံအတိုင်း မရှိမဖြစ် တပ်ထားရတဲ့ အိမ်သုံးတစ်လုံး ရှိနေတာပဲ။ ပြီးတော့ နာရီကကော ဘာလုပ်မှာလဲ။ တစ်ဒေါ်လာ နှစ်ဒေါ်လာကနေ ၅/၁၀ ဒေါ်လာတန်အထိ ကြက်သွန်တွေ အာလူးတွေလို ပုံရောင်းနေတဲ့ အချိန်ဂဏန်းပြ Automatic Quartz နာရီတွေမှ ဖောခြင်းသောခြင်း။

PDF by www.mmnetlibrary.com



ကျောင်းဖွင့်စက ဝယ်ပေးထားတာ သမီးရဲ့လက်မှာ တစ်လုံးရှိသားပဲ။ ၆ လ တစ်နှစ် ပစ်စလက်ခတ် ပတ်ပါလေ့တော်။ အချိန်မှန်လိုက်သမှ ဘယ်တော့ကြည့်ကြည့်။ ကွက်တိ။ မိနစ်မလွဲဘူး။

ဟော… တွေးရင်းငေးရင်းနဲ့ ဘတ်စ်ကားက ကြေညာပြီ။ Flamingo လမ်းကို ရောက်တော့မယ်တဲ့။ ဆင်းကြမယ်။ နောက် နည်းနည်း ပြန်လျှောက်ကြမယ်။ လမ်းကူးမယ်။ Flamingo လမ်းဘေး မှတ်တိုင်မှာ #၄၀၁ ကို ရပ်စောင့်ရမယ်။

ဘယ်ရလိမ့်မလဲ။ Sasha ပါတဲ့။ သည်မှတ်တိုင်မှာက ဘတ်စ်ကားအမှတ်တွေ လေးငါးစင်းရပ်တယ်ဆိုတော့ ကံမကောင်းရင် ကိုယ့်ကားကို ခပ်ကြာကြာစောင့်ရမယ်။ ကြာမှာ မကြာမှာ အပထား။ အေးစက်နေလို့ ဘယ်သူမှ ဝင်မထိုင်တဲ့ သံဆန်ခါခုံတန်းမှာ Sasha ကတော့ ကျကျနန ဝင်ထိုင်လိုက်ပြီး သူ့ ကော်ဖီဘူးကို လွတ်လွတ်လပ်လပ် မော့တော့တယ်။ သူများတကာ အမြင့်မှာတော့ ချမ်းရာလွန်းလို့ ပူပူကြီး မော့နေတယ်ပေါ့။

အမှန်တကယ် ချမ်းနေရရှာတာကတော့ သမီးကလေး။ စောင်တွေနဲ့ ထုပ်ထားသလို အနွေးထည်တွေ အထပ်ထပ် ဝတ်ထားပေမဲ့ ဆောင်းလေရဲက ရိုးတွင်းခြင်ဆီခိုက်အောင် အေးတာရယ်။ အပူခါတ်လွှတ်ပေးထားတဲ့ ဘတ်စ်ကားပေါ် မရောက်မချင်းတော့ ခံပေဦးတော့ပေါ့။ ဇက်တွေကို ပု၊ လည်စည်းကို နှစ်ပတ်သုံးပတ်ပတ်ပြီး ပါးစပ်ထိ တက်ဖုံး၊ ခေါင်းစွပ်ကိုလည်း နားရွက်ကိုပါ ဆွဲဖုံး၊ လက်အိတ်စွပ်ထားတဲ့ လက်တွေကိုလည်း အင်္ကျီရင်ဘတ်ထဲ ထည့်ထားကြတာပါပဲ။

သုံးဖက်မှန်လုံကာထားတဲ့ မှတ်တိုင်ထဲမှာလည်း သမီးကလေးရော၊ တချို့ခရီးသည်တွေရော အပြည့်ပါပဲ။ ဒါပေမဲ့ နှင်းတွေစိုရွှဲပြီး အေးစက်နေတဲ့ သံဆန်ခါခုံတန်းပေါ်မှာတော့ Sasha ကလွဲလို့





ဘယ်သူမှ မထိုင်ကြပါဘူး။ Sasha ကတော့ အပြင်ကလည်း ဂျင်းဘောင်းဘီတစ်ထပ်နဲ့ Long Coat ကြီးတစ်ထပ်နဲ့လေ။ အတွင်းကလည်း အနွေးဓာတ်ကလေးနဲ့ မဟုတ်လား။

ဒုက္ခကတော့ ရောက်တယ်။ သည် Flamingo လမ်းမကြီးအတိုင်း အရှေ့ဘက် ငါးမိုင်ခြောက်မိုင်လောက် စီးသွားပြီးလို့ Rainbow လမ်းရောက်ရင် တစ်ခါဆင်း။ ဘတ်စ်ကား နောက်တစ်ဆင့်ပြောင်းစီးရဦးမယ်။ Sasha က ပြောတယ်။ ဒါမှ ချိန်းတဲ့အချိန်နဲ့ အတော်လောက် ကျမှာပဲတဲ့။

ရုံးရောက်ရင် ကိုယ်လိုလူတွေကများတော့ ထုံးစံအတိုင်း စာရင်းသွင်းစက်မှာ တိုကင်နံပါတ်ယူ။ ကိုယ့်နံပါတ်ခေါ်တဲ့အထိ ထိုင်စောင့်ကြရဦးမှာနဲ့ဆို ကိုယ့်သက်ဆိုင်ရာ အမှုတွဲကိုင် အရာရှိနဲ့ ဝင်တွေ့ရဖို့က ကြာဦးမှာပါတဲ့။ အင်းလေ… ဆင်းရဲသားကပဲ လုပ်စာနဲ့ မလောက်ငနိုင်တော့ ခုလောက်တော့ ဒုက္ခခံ စောင့်ကြရမှာပေါ့။ အစိုးရက စစ်ဆေးပေးကမ်း ထောက်ပံ့နေတာပဲ ကျေးဇူးတင်ကြရဦးမယ်။

သိတယ်နော်။ Sasha ရဲ့ ဘဝကို တရားဝင် ရုံးအခေါ်က Single Mom တဲ့။ မုဆိုးမ၊ သို့မဟုတ် တစ်ခုလပ်၊ သို့မဟုတ် လင်မရှိတဲ့ မိခင် ဆိုပါတော့။ သဘောက ကျွေးမွေးထိန်းသိမ်း တာဝန်ယူစောင့်ရှောက်ရမယ့် သားသမီး (တွေ) ရှိတယ်။ ဒါပေမဲ့ တခြားအထောက်အကူရနိုင်တဲ့၊ သို့မဟုတ် ကလေးစရိတ် ပေးနေတဲ့ လင်ယောကျ်ား (ဟောင်း) X လည်း မရှိဘူး။ ပြီး အမေလုပ်တဲ့လူ ကိုယ်တိုင်ကလည်း ကလေးကို ထားရစ်ပြီး အလုပ်မလုပ်နိုင်ဘူး။

လုပ်နိုင်လို့ လုပ်တဲ့တိုင်လည်း ရတဲ့ဝင်ငွေက နည်းတယ်။ အနိမ့်ဆုံး သတ်မှတ်ဝင်ငွေလစာ တစ်ထောင့်ရှစ်ရာ မကျော်ဘူး

PDF by www.mmnetlibrary.com



ဆိုရင် သည် Welfare ရုံးလို့ အလွယ်တကူ ခေါ်နေကြတဲ့ အစိုးရရဲ့ department of Social Services ရုံးက အကူအညီ ပေးတယ်။

လူသုံးကုန်၊ အိမ်သုံးကုန်မပါ။ အရက်နဲ့ ဆေးလိပ်မပါ။ စားသောက်ကုန်ချည်းသာ ဝယ်လို့ရတဲ့ Food Stamps လို့ခေါ်တဲ့ ရိက္ခာထောက်ပံ့ကြေးလည်း ပေးတယ်။ ဥပဒေအရ သင့်လျော်တဲ့ ထောက်ပံ့ကြေးငွေလည်း ပေးတယ်။ လိုအပ်တဲ့ ပြေစာဖြတ်ပိုင်း မိတ္တူတွေပါပူးတွဲပြီး ရုံးက ပို့လိုက်တဲ့ လျှောက်လွှာ ပုံစံတွေကို ဖြည့်ပြန်တင်လိုက်ရင် ရုံးက လူကို ခေါ်တွေ့ စစ်ဆေးမေးမြန်းတယ်။ မှန်ကန်ပြီး ဘောင်ဝင်ရင် ထောက်ပံ့ကြေးပေးတာပဲ။

အထူးသဖြင့် ရင်ခွင်ပိုက် ကလေးမိခင်တွေနဲ့ ကျောင်းသူ၊ ကျောင်းသားတွေရဲ့ မိခင်မျိုးဆိုရင် အထူးထောက်ပံ့ ကြေးတွေလည်း ပေးတတ်တယ်။ ဂရုစိုက်တယ်။ လိုအပ်ရင် တရားရုံး တွေကတစ်ဆင့် ကလေးရဲ့ ဖခင်တွေဆီက ဝင်ငွေပေါ်မှာ မူတည်ပြီး ကလေးစရိတ် တောင်းခံပေးတတ်တယ်။ တရားရုံးတွေရဲ့ အဆုံးအဖြတ်ကို ငြင်းဆန်လို့ မရဘူး။

Sasha ကတော့ ပြတ်တယ်။ မတောင်းဘူး။ မယူဘူး။ လုံးဝ ကင်းကင်းရှင်းရှင်း နေချင်တယ်။ ဒါပေမဲ့ မာနကြီးရအောင် Sasha ရဲ့ ဝင်ငွေက ဘယ်လောက်ရှိလို့လဲ။ နိုင်ငံအစိုးရက ပြဋ္ဌာန်းသတ်မှတ်ထားတဲ့ အနိမ့်ဆုံး တစ်နာရီလုပ်ခ ၆ ဒေါ်လာနဲ့ ဆင့် ၅၀ ကို ကျော်ပြီး ၇ ဒေါ်လာရတယ်။ ဒါတောင် လုပ်သက်တစ်နှစ်ပြည့်ထားလို့ ဆင့် ၅၀ တက်လာတာရယ်။

ဆိုတော့ တွက်ကြည့်လိုက်ပါဦး။ တစ်ပတ်မှာ တနင်္လာကနေ သောကြာအထိ ၅ ရက်လုပ်။ တစ်နေ့လုပ်ချိန် ၈ နာရီနဲ့ မြှောက်။ တစ်ပတ် နာရီ ၄၀။ တစ်နာရီ ၇ ဒေါ်လာနဲ့ ထပ်မြှောက်။ တစ်ပတ်





ဒေါ်လာ ၂၈၀ ရမယ်။ ဒါပေမဲ့ ဝင်ငွေခွန်၊ ကျန်းမာရေးအတွက် အာမခံစုငွေစတဲ့ အကောက်ခွန်တွေက အပတ်စဉ် ဒေါ်လာ ၂၀ လောက် ဖြတ်လိုက်တော့ ၂၆၀ ပဲ ကျန်တယ်။

ဆိုပါတော့ တစ်လဝင်ငွေ တစ်ထောင်ကျော်ရုံကလေးပဲ ရှိတယ်။ သတ်မှတ်စံချိန် တစ်ထောင့်ရှစ်ရာ မရှိဘူး။ ဆိုတော့ ဝင်ငွေနည်းအိမ်ထောင်။ သည်အထဲ အသက် ၁၂ နှစ်ပဲ ရှိသေးတဲ့ ကျောင်းသား တစ်ယောက်က ရှိနေတယ်။ ထောက်ပံ့ကြေး ရပိုင်ခွင့် အပြည့်အဝ ရှိတာပေါ့။

ကုန်ရတဲ့ Sasha တို့ဘက်ကလည်း ကြည့်ဦးလေ။ အိမ်ခန်းလခ၊ လျှပ်စစ်မီတာခ၊ ဂက်စ်မီတာခ၊ အိမ်သုံးတယ်လီဖုန်းနဲ့ သဗ္ဗရန် ပေါင်း လျှောက်ပေါင်းလိုက်တော့ ငါးရာကျော်တယ်။ ဒါတောင် Sasha တို့နေတာက အစိုးရရဲ့ အထောက်အပံ့ခံ ကလျာဏယုဝခရစ်ယာန် အသင်းပိုင်အိမ်ရာမို့။ အိမ်လခ ကျသင့်ငွေရဲ့ ၃၀%ကိုပဲ ပေးရတာလေ။ ကျန် ၇၀ %ကို အစိုးရက ပေးတာ။ ဒါလည်း လျှောက်လွှာတင်ထားပြီး တစ်နှစ်လောက်ကြာမှ ရခဲ့တာပါ။

အခု Welfare ရုံးကလည်း သမီး မွေးပြီးစကတည်းက ပုံမှန် ရာနေကျ ဖြစ်ပါတယ်။ ဒါပေမဲ့ သည်ရုံးက ပို့လိုက်တဲ့ လျှောက်လွှာ ပုံစံတွေမှာ ခြောက်လတစ်ခါ ဖြည့်စွက်တင်ပြပြီး ခုလို လူကိုယ်တိုင်တွေ့ မေးမြန်းအစစ်ဆေးခံရပါတယ်။

အဓိကကတော့ လုပ်ခဝင်ငွေနဲ့ အလုပ် အကိုင် ပြောင်းလဲမှုရှိ မရှိ။ လိပ်စာနဲ့ အိမ်တယ်လီဖုန်းအမှတ် အပြောင်းအလဲ ရှိ မရှိ။ အိမ်နေ လူဦးရေ အတိုးအလျှော့ ရှိ မရှိ။ ပြီး အိမ်လခ ဖြတ်ပိုင်းပြေစာ၊ လစဉ် ဘဏ်စာရင်းရှင်းတမ်း မိတ္တူ၊ အပတ်စဉ် လုပ်ခ ဝင်ငွေချက်လက်မှတ် မိတ္တူစုံနဲ့ မီတာခ ပေါင်းစုံရဲ့ ပြေစာဖြတ်ပိုင်းတွေ ပူးတွဲတင်ပြရတာ

PDF by www.mmnetlibrary.com



ဖြစ်ပါတယ်။ အစိုးရက ထောက်ပံ့နေတဲ့ အခွင့်အရေးတွေ အမှန်တကယ် ဆက်လက်ခံစားခွင့် ရှိ၊ မရှိကို စစ်ဆေးတာပဲ ဖြစ်ပါတယ်။ re-evaluation လို့ ခေါ်ပါတယ်။

သည်ကိစ္စအတွက်ပဲ Sasha တို့သားအမိ အလုပ်ဖျက် ခွင့်တစ်ရက်ယူပြီး ထွက်လာခဲ့ကြတယ်။ သမီးကလေးကလည်း ခုဒီဇင်ဘာဆောင်း ကျောင်းတစ်ပတ် ပိတ်ထားတာပါ။ သိတယ်နော်။ သည်အရွယ် ကလေးငယ်တစ်ယောက်တည်းကို အိမ်ထဲမှာ တံခါးပိတ်သော့ခတ်ထားခဲ့ခွင့် မရှိဘူး မဟုတ်လား။ တစ်စုံတစ်ရာဖြစ်ခဲ့လို့ တစ်စုံတစ်ယောက်က အမှန်အတိုင်းပြောလိုက်ရင် အမေလည်း အရေးယူ အပြစ်ပေးခံရဦးမယ်။

ကလေးလည်း မိဘက တာဝန်ယူ မစောင့်ရှောက်တဲ့ အစွန့်ပစ်ခံကလေးအဖြစ်သတ်မှတ်ပြီး လူမှုဝန်ထမ်းဌာန Child Care Center တွေက အပိုင်သိမ်းပိုက်မွေးစားလိုက်မယ်။ အကြီးအကျယ် ပြဿနာ။ တရားရုံးမှာ ပြန်လျှောက်လဲယူရမယ်။ မလွယ်ဘူး။

"လာ… မနေရစ်ခဲ့ရဘူး။ ငါ သွားရာ လိုက်ခဲ့"

Sasha တို့သားအမိနှစ်ယောက် ရုံးရောက်လာကြတယ်။

ဘတ်စ်ကား သုံးဆင့် စောင့်စီးလာခဲ့ကြတာ စုစုပေါင်း နှစ်နာရီလောက် ကြာတယ်။ ဟော… အခု ရုံးရောက်တော့လည်း ကိုယ်လိုလူတွေက များနေတော့ အလှည့်ရောက်အောင် စောင့်ကြရဦးမှာလေ။ ဒါကတော့ ဆင်းရဲသားဘဝ။ America ရဲ့ ထုံးစံပါပဲ။ စောင့်ပေဦးတော့ အာလူးကြော် တစ်ထုပ်နဲ့။

ဒါပေမဲ့ ဧရာမအဆောက်အအုံကြီးထဲက အနွေးဓာတ်နဲ့ဆိုတော့ မဆိုးပါဘူး။ Sasha လည်း အချိန်တန်တော့ အနံ့ပျောက်ဆေးချိုချဉ်ပြားနှစ်ပြား ပါးစပ်ထဲ ပစ်ထည့်ထားလိုက်တယ်။ အဲ… တစ်နာရီ





မိနစ် လေးဆယ်လောက်ကြာတော့ သမီးရဲ့ လက်ထဲမှာ ကိုင်ထားတဲ့ နံပါတ် B 417 က ရုံးခန်းနဖူးစည်းမှာ ပေါ်လာတယ်။ တစ်ပြိုင်နက်တည်းမှာပဲ Sasha Olson ဆိုတဲ့ နာမည်ခေါ်သံပါ ထွက်လာတယ်။ သားအမိနှစ်ယောက် ပျော်မြူးပြီး ရုံးခန်းအဝင်တံခါးပေါက်မှာ ပြေးရပ်လိုက်ကြတယ်။

✤ ✤ ✤

PDF by www.mmnetlibrary.com

# bob & barbara

လူများ ဟန်ကျချင်တော့ မှတ်ဆိတ်ပျားစွဲ ဆိုသလို... ဝတ္ထုရေးဖို့ ကုန်ကြမ်းက အိမ်နီးချင်းလာဖြစ်တယ်။ ကျုပ်နဲ့ ခြံချင်းကပ်ရက်အိမ်ကလေးမှာ လူတယောက်နဲ့ ဝက်တကောင် ပြောင်းရောက်လာကြတယ်။ လူကတော့ ပုံပန်းကြည့်ရတာ အဖြူ american ပါ။ hispanic ပုံ မပေါက်ပါဘူး။ ၃၀ အရွယ် နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးမှ အလှမထားတာပဲ။ ပြီး အရပ်က တံခါးပေါက် ခေါင်းငုံ့ဝင်ရလောက်အောင် မြင့်လို့သာပေါ့။ မတရား ဝတယ်။ သိတယ်နော်..၊ ကျုပ်ကိုယ်ထက် နှစ်ဆလောက် ဝတယ်ဆိုတော့.. အနည်းဆုံး ပေါင် ၃၆၀ လောက် ကျော်မှာပေါ့။ ရယ်ရတယ်။

သူနဲ့ အတူပါလာတဲ့ သူ့ရဲ့ pet ဝက်ကလည်း သခင်နဲ့အတူ ဘယ်လောက်အပြိုင်စားထားကြတယ် မသိဘူး။ သူတို့အိမ် အဝင်တံခါးပေါက်မှာ ပြိုင်တူ လုဝင်ရင် တစ်နေကြရော။ ပြီး သူ့ဝက်ကလည်း နေ့စဉ် ရေချိုးသန့်စင်ပေးထားလို့ပဲလား၊ ကျုပ်တို့ဒေသရဲ့ ဝင်ရိုးစွန်းရာသီဥတုကြောင့်ပဲလား မသိ၊ alaska ဝက်ဝံလို ဖြူဆွတ်နေတာပဲ။

ကျုပ်တို့ ရှမ်းပြည်တောင်ပိုင်း 'ကလော' နားမှာလည်း 'ဝက်ဖြူရေတောင်' ဆိုတာ ရှိတယ် မဟုတ်လား။ ဝက်ကလည်း အဖြူ၊





သူ့သခင်ကလည်း အဖြူ၊ ဝတာချင်းကလည်း တူကြတော့ လိုက်ဖက်တယ်။

ပြောရအုံးမယ်။ ကျုပ်နေတဲ့ဒေသ မြောက်ဖျား ပြည်နယ်တွေမှာက သန်းကြွယ်သူဌေးပိုင် အိမ်ကြီးရခိုင် mansion တွေသာ မဟုတ်လို့ကတော့ သာမန် အိမ်တိုင်းမှာ လူတကိုယ်စာ ဝင်သာထွက်သာရုံ နှစ်ပေခွဲ၊ သုံးပေကျယ် တံခါးပေါက်ကလေး တပေါက်ပဲ ရှိတတ် ထားတတ်ကြတယ်။ ရာသီဥတု အေးတဲ့ဒဏ်ကြောင့် တံခါးရွက်လဲ တဖက်ဖွင့်ပဲ တပ်လေ့ရှိကြပြီး၊ ပိတ်လိုက်ရင် လေလည်း လုံကြရတယ်။ ဒါကြောင့် သူတို့နှစ်ကောင် ပြိုင်တူ ယှဉ်ဝင်လို့ မရကြဘူး ပြောတာပေါ့။

ကျုပ် အိမ်နီးချင်းရဲ့ အဖြစ်ကလည်း လွယ်တော့ မလွယ်ဘူး။ နော့ သူ့ဥစ္စာက လမ်းလျှောက်ရင် ခြေထောက်မှ ရှေ့တည့်တည့် လှမ်းမလျှောက်နိုင်တော့တာပဲ။ မပျံနိုင်တဲ့ ရေနေငှက် penguin လျှောက်နေရတာပဲ။ သူ့ခါးက သူဝတ်နေရတဲ့ ဘောင်းဘီတွေကိုလည်း ကြည့်အုံးလေ။ ကျောင်းထားခါစ ဘောင်းဘီမမြဲတတ်သေးတဲ့ အရွယ်ဝတ်တွေမှာလို ခါးရှုံ့မျှော့ကြိုးနဲ့ ပခုံးသိုင်းနဲ့ ဆွဲဝတ်နေရတာလေ။ ဆောင်းတွင်းမှာသာ အင်္ကျီ အထပ်ထပ်နဲ့ ဖုံးထားလို့ မမြင်ရတာကို...။ နွေရောက်တော့ ကိုယ်ပေါ်မှာ အတိုင်းသား။ ကျောဘက် Y ကြိုးနဲ့။

ကျုပ် စဉ်းစားကြည့်မိတယ်။ စိတ်ကူးကြည့်တာပေါ့လေ...။ ကျုပ်တို့ရဲ့ အန်ကြီးကွင်းကျယ် ရခိုင်ပုဆိုးတထည်သာ ပေးဝတ်လိုက်ရရင်... ခါးမှာ စည်းစရာ မလို... အံကိုက် ခွခေါင်းအုံးစွပ်လို ဖြစ်သွားမယ်ထင်တယ်။

သိတယ်နော်။ ကျုပ်တို့ ny ပြည်နယ်အနောက်ပိုင်း great lakes ကြီးတွေရဲ့ ဝန်းကျင်က နိုင်ငံကျော်တဲ့ နှင်းသောင်းကျန်းမှု

PDF by www.mmnetlibrary.com



အကြောင်းကို…။ ဆိုးသွမ်းကြမ်းတမ်းသလား မမေးနဲ့။ america နိုင်ငံသားတွေ အချင်းချင်းတောင် လက်ဖျားခါကြရတဲ့ ဒေသ။ တနှစ်မှာ ဆောင်းချည့်ကိုက october ကနေ march လကုန်အထိ ၆ လ။ လက်တွေ့ရာသီပေါ့နော်။

သည် ၆ လမှာလည်း များသောအားဖြင့်က မြေကြီး မမြင်ရ၊ မြက်မမြင်ရ၊ အပင်တွေမှာ အရွက် မမြင်ရ၊ ငှက်မမြင်ရ၊ နှင်းရေခဲပြင်။ မြစ်ပြင်ကိုလည်း ခြေလျင်ဖြတ်လို့ရတဲ့ ကာလ။ ကျလိုက်တဲ့နှင်းဆိုတာကလည်း နှင်းပွင့်နှင်းလွှာ တလှည့်၊ နှမ်းနှင်းမိုး တလှည့်၊ နှင်းမိုးသီးမိုးပေါက်တလှည့်၊ နှင်းမုန်တိုင်းတလှည့်၊ ရေခဲမိုးတလှည့်နဲ့ နှင်းလွတ်တဲ့နေ့ရယ်လို့မှ မရှိတတ်တော့တာပဲ။ ကျုပ်တို့နိုင်ငံမှာ နွေကျောင်းပိတ်ရက်။ သည်မှာက ဆောင်းကျောင်းပိတ်ရက်။

အဲ တခါတရံ ကံအားလျော်စွာ အေးမြတဲ့ နေရောင်ခြည်ကလေးကိုများ မြင်တွေ့လိုက်ရရင် အို့ လူတွေလူတွေ ဆိုတာ အိမ့်ပြင်ထွက် ပျော်ကြရွှင်ကြလို့။ တယောက်ကို တယောက်လည်း beautiful day ချင်း မိုးမွှန်အောင် ရင့်ကြူးနှုတ်ဆက်ကြလို့…။ tv တွေ radio မှာလည်း ၁၅ မိနစ်တခါလောက် ကျေညာသလေ…။ မမြင်လိုက်ရ အရသာမခံလိုက်ရမှာ စိုးလို့…။ နေ့က လှမှလှ။ သာမှသာ ဆိုပဲ။

ကျုပ် မှတ်မိသေးတယ်။ ငယ်ငယ်က ကြားဖူးခဲ့၊ လိုက်ဆိုခဲ့ဖူးတဲ့ သီချင်းကလေး တပိုင်းတစပါ။

you are my sunshine; my only sunshine; you never know dear; how much I love you; please don't take my sunshine away…

ဆိုတယ် မဟုတ်လား။ နေရောင်ကို ချစ်သူနဲ့ ဥဒါဟရဏ်ပြု တင်စားသုံးထားတာပေါ့။





ဘယ်… ကျုပ် ခံစားလို့ ရမလဲ။ ကျုပ်က ဗမာပြည်မှာမှ အပူပိုင်းဖုံဆိုတဲ့ ဝါဝါအကွက်ကလေးထဲက မန္တလေးမှာ မွေးခဲ့တဲ့ အကောင်။ ဖွတ်ကျား…။ ကြားရတာနဲ့ကို စိတ်ကုန်လိုက်တာ။ အမိပွာယ် မသိလို့သာ ငယ်တုန်းက ဆိုခဲ့မိတာ။ သည်လောက် ခြစ်ခြစ်တောက် ကျောကော့အောင် ပူလောင်တဲ့ နေရောင်ကိုများ 'ချစ်သူ' တဲ့။ သီချင်းရေးဆရာ ဦးဏှောက်မှ ကောင်းရဲ့လား အောက်မေ့ခဲ့မိတယ်။

ခုတော့ ကျုပ် နားလည်ပြီ။ သူ့ရဲ့ တင်စားမှု ဥပမာကလေးကိုလည်း ကျုပ် ကြိုက်သွားပြီ။ ခံစားလို့ ရပြီ။ ဒါပေမဲ့ ကျုပ်တို့မှာက ဆောင်းတွင်းဝင်တော့မယ် ဆိုကတည်းက…ရှဉ့်တွေက သစ်ခေါင်းတွေထဲမှာ ရိက္ခာလှောင်သလို ကုန်ခြောက်တွေ၊ စည်သွတ်ဘူးတွေကို စုဆောင်းထားကြရပြီလေ။ လူတွေလည်း ကိုယ့်အိမ်ထဲမှာ ကိုယ်အောင်းနေကြရတော့မယ်။

အဲ… မလွှဲမရှောင်သာ ထွက်ရတော့မယ်ဆိုတော့လည်း တမျိုးပေါ့။ ဝတ်ပေတော့ အနွေးထည် အထပ်ထပ်။ သာမန် ဖလံထည်၊ သိုးမွေး၊ သက္ကလပ်ဆိုတာတွေနဲ့ကတော့ ဘယ်လောက် ထပ်ဝတ်ဝတ် မရတတ်ဘူး။ အရိုးခိုက်တယ်၊ ခွေးတွေ ကြောင်တွေတောင် မေးရိုက်တယ်ဆိုတဲ့ အချမ်းမျိုးပေါ့။

အဲသည်တော့ ဒေသသုံး ကိုယ်ငွေ့ထိန်း thermo ကိုယ်ကပ် အင်္ကျီဘောင်းဘီတွေ အောက်ကခံဝတ်၊ ပြီးတော့ ပုံမှန်အနွေးထည်တွေ ထပ်ဝတ်၊ သူ့အပေါ်ကမှ ငှမ်းကပ်ထည့် သားရေ နှင်းကာခါးရှည် (ခေါင်းစွပ် hood တွဲရက်နဲ့) parka ကြီး ထပ်ဝတ်။ ခေါင်းစွပ်၊ နားရွက်အုပ်၊ လက်အိတ်စွပ်၊ နှင်းကာမျက်မှန်တပ်၊ နှင်းတောတိုး ဖိနပ်ရှည်စီး၊ တကိုယ်လုံးကို မုန့်ဖက်ထုပ် ထုပ်သလို ထုပ်ပြီးမှ အပြင်

PDF by www.mmnetlibrary.com



ထွက်ရတယ်။ ပြောပကော။ မိုးလေဝသဌာနကလည်း tv တွေ radio တွေမှာ အမြဲမပြတ် သတိပေးနေတာပဲ။

temp 0 အောက် minus စပြပြီဆိုကတည်းက ကိုယ်ကို bundle-up ထုပ်ပိုးပြီးမှသာ အိမ်ပြင် ထွက်ကြဖို့၊ ထွက်ရရင်လည်း ၁၅ မိနစ်ထက် ပိုကြာကြာမနေဖို့… နှာဖျား၊ နားရွက်နဲ့ နှုတ်ခမ်းတွေကိုပါ ကြွေမကျအောင် ဖုံးအုပ်ထားဖို့ စသဖြင့်နဲ့ အအေးဒဏ်ကြောင့် ကိုယ်ပေါ်မှာ မီးလောင်ဖုတွေ ဖြစ်လာရင်လည်း ဆေးရုံဆေးခန်း အမြန်ပြေးဖို့ စသဖြင့် စိုးရိမ်တကြီး ကျေညာ သတိပေးနေတာပဲ။

အဲသည်တော့ လူတွေဆိုတာ ဘာနဲ့တူသလဲဆိုတော့ လူမမြင်ရဘူး။ အဝတ်ထုပ် အရုပ်ကြီးတွေ ရုပ်တိုက် လှုပ်ရွေ့နေကြသလိုပဲ။ တပေလောက်အကွာ မျက်နှာချင်းဆိုင် အနားရောက်တောင်မှ ဘယ်သူဘယ်ဝါ မမှတ်မိတတ်ကြဘူး။ ပြီးတော့ အသက်ရှူလိုက်တိုင်း တထောင်းထောင်းထွက်နေတဲ့ နှာခေါင်းငွေ့တွေက မျက်ခုံးမွေးတွေ၊ နှုတ်ခမ်းမွေးတွေ၊ မျက်မှန်တွေပေါ်မှာ နှင်းဖပ်တွေ၊ ရေခဲမှုန်တွေ ဖြစ်ကုန်ရော။ သည်တော့ မှုန်ဝါးဝါးသာ မြင်ရတော့တာကလား။

ဆောင်းတွင်းမှာ အပြင်ထွက် ခြေလျင်လျှောက်ဖို့ဆိုတာ ဘယ်လွယ်မလဲ။ ပေါ့ပါးတဲ့ ကားကလေးတွေဆိုရင် ဘီးချော်ပြီး လမ်းဘေးစကြံပေါ်တက်၊ အိမ်တွေ ဆိုင်တွေ ဝင်တိုက်လိုတိုက်၊ ကားအချင်းချင်းတိုက်လိုတိုက်၊ ချာလပတ်ရမ်းပြီး မှောက်လိုမှောက်နဲ့ ဒုက္ခရောက် သေကျေကုန်ကြရတဲ့ သတင်းက နေ့စဉ်ကြားနေရတတ်တာပဲ။

လူဆိုတာကတော့ မပြောနဲ့။ သဲထဲ ခြေကျွံတာ၊ နွံထဲ ခြေကျွံတာနဲ့ နှင်းမှုန်မွမွ ရေခဲမှုန်ရွရွ တပေနစ်ပေထုထဲ ခြေကျွံတာက လုံးဝမတူဘူး။ ပြန်အနုတ်ရ ခက်တာချင်းက တူတယ်ထားအုံး။ နှင်းက





များသောအားဖြင့် အောက်ခြေမှာ ရေခဲနေပြီ။ ချော်လဲကုန်ကြရော။ နောက်စေ့ ခေါင်းကွဲလို့ သေကြရတဲ့လူ၊ လေဖြတ်ရတဲ့လူတွေဆို တနှစ်တနှစ်မှာ ရာနဲ့ချီ ရှိတတ်တယ်။

ပြီးတော့လည်း လူတိုင်းမှာ ဝတ်ထားရတဲ့ ဖိနပ်နဲ့ အဝတ်တွေရဲ့ အလေးချိန်က ရှိရင်းစွဲ ကိုယ်အလေးချိန်ထက် မနည်းလေးတတ်ကြတာကလား။ ကိုယ့်ကိုယ်ခန္ဓာကိုယ် ထမ်းသယ်သွားနေရသလိုမျိုး။ ဘယ့်နှယ် နှင်းထုတွေထဲမှာ ၁၀ လှမ်း၊ ၁၅ လှမ်း လှမ်းလိုက်ရင်ပဲ အတွင်းထဲမှာက ချွေးတွေ ထွက်ကုန်ပြီ။ အရှယ်ရရင် မောလာပြီ။

ကျုပ်လူ အိမ်နီးချင်းခများလည်း ကျုပ်လိုပဲ အပြင်ဘက် သိပ်မထွက်နိုင်ပါဘူး။ သူက ကျုပ်ထက် ပိုဆိုးအုံးမယ်။ မတော် သူ့ခန္ဓာကိုယ်ကြီးနဲ့များ နှင်းပြင်ထဲ ပစ်လဲလိုက်ရလို့ကတော့၊ ပြန်ထဖို့ ဘယ်လွယ်လိမ့်မလဲ။ စဉ့်အိုးကို ပြန်ထောင်ရသလို နေမှာ။

ခက်တာက သူ့မှာလဲ ကျုပ်လိုပဲ၊ အိမ်ရှင်မ မရှိဘူး။

အရေးထဲ အိမ်ထဲမှာ ဝက်တကောင်ကလဲ ထည့်မွေးထားသေးတယ်။ လူစာရော ဝက်စာရော ဝယ်ဖို့ခြမ်းဖို့အတွက်က အနည်းဆုံး တပတ်တခါတော့ ထွက်ဖို့လိုမှာပေါ့။ ပြီး သူလုပ်နေတဲ့ အလုပ်အတွက်ကရော ဘာအလုပ်မျိုးပဲဖြစ်ဖြစ် လူတကာလို အနည်းဆုံး တပတ်ကို ၅ ရက်တော့ ထွက်ရမှာပေါ့။ သူ ဘာလုပ်တာလဲ။ သူ့အလုပ်က ဘယ်မှာလဲ။ ကျုပ် မသိဘူး။ ဒါပေမယ့် အလုပ်သွား အလုပ်ပြန်အတွက်တော့ လူတကာလို သူ့မှာလဲ သူ့ကိုယ်နဲ့ဆံ့တဲ့ jeep cherokee တစင်းတော့ ရှိတယ်။

အဲ ကားဆိုလို့ ပြောရအုံးမယ်။ သူ့ရဲ့ အခြေအနေအရ သူ့ကားကို သူ့အိမ်နဲ့တွဲရက် ကားရုံထဲမှာ ထည့်ထားရတယ်။

PDF by www.mmnetlibrary.com



သိတယ်နော်။ သည်နိုင်ငံ သည်ဒေသမှာ ကားကို ကားရုံနဲ့ ထည့်ထားနိုင်တယ်၊ ကားရုံတွဲရက်ပါတဲ့ အိမ်ကို ငှားနေနိုင်တယ်ဆိုတာ နည်းတဲ့အဆင့် မဟုတ်ဘူး။ ကားရုံငှားခပါ ပေးရမှာ ဖြစ်တဲ့အတွက်ရယ်၊ တိရစ္ဆာန်တကောင်ပါ အိမ်မှာ ထည့်မွေးမယ့်အတွက်ရယ် အိမ်လခက ကြေးများမယ်။ ပေးနိုင်ဖို့အတွက်ကလည်း ဝင်ငွေကောင်းရမယ်။

ဒါပေမယ့် ကျုပ်လူရဲ့ ကိုယ်ခန္ဓာက သူ ကားထည့်ထားဖို့ ကားရုံပါမှကို ဖြစ်မယ်။ သူများတကာလို ကားကို အိမ်ရှေ့လမ်းဘေး ရပ်ထားလို့ မဖြစ်ဘူး။ ကားက အဖိုးတန်၊ ဇိမ်ခံ၊ အသစ်လို ကောင်းလှလို့ မဟုတ်ဘူး။ သူက သူ့ကိုယ်သူမှ အနိုင်နိုင်လေ။ တခြားကားတွေလို အိမ်ရှေ့ ရပ်ထားလိုက်လို့ တညလောက်များ နှင်းကျများတာနဲ့ ကြုံလိုက်ရင် သူ့အဖို့က ဘယ်လွယ်လိမ့်မလဲ။

တခါတလေ နှင်းက အကျများရင်၊ နှင်းမုန်တိုင်းနဲ့ကြုံရင်… တညဆို ဆိုသလောက် မနက်ရောက်တော့ နှင်းထုအောက်က ကိုယ့်ကားကိုယ် ပြန်တူးဖော်ယူရတတ်တာလေ။ တခါတလေကျတော့ နှင်းဆိုတာကလည်း မိုးလိုပဲပေါ့။ ကျချိန်ကန့်သတ်ချက် ဘယ်ရှိပါ့မလဲ။ မိုးလို ဗွေချင်လဲ ဗွေနေတတ်တာမျိုးပဲ။

မနှစ်က december christmas အကြိုညပြ တနှစ်က november 18 th နဲ့ 11 th january မှာ ကျခဲ့တဲ့ lake effect snow storm ဆိုတာမျိုးတွေနဲ့သာ တိုးလိုက်ရလို့ကတော့ မြေကြီးပေါ် အမြင့် ၉ ပေခွဲတို့ ၁၃ ပေတို့အထိ တက်ခဲ့တာလေ။ ကျုပ်တို့နိုင်ငံ ရေကြီးတတ်တဲ့ ဒေသတွေက အိမ်တိုင် အိမ်ထရံ မှတ်ကြသလိုပေါ့။ ပြီးတော့လဲ ၂၀၀၀ ပြည့်နှစ်ကဆိုရင် နှင်းက ၃၂ နာရီ အဖပ်လိုက် ဆက်တိုက် ကျခဲ့တာ။

တချို့ အိမ်တွေ အောက်ထပ် ပြတင်းပေါက်မှန်တံခါးတွေ ဖွင့်လို့ မရနိုင်တော့တဲ့အထိ အိမ်ကို မြှုပ်ပစ်လိုက်တာ။ တချို့





ကွန်ကရစ်အမိုးပြန့် တိုက်တွေက အမိုးတွေ အလေးဒဏ်မခံနိုင်လို့ ပေါက်ကျ ကျုံကျကုန်ကြတယ်။ လျှပ်စစ်ဓာတ်အားတွေ အကုန်ပြတ်။ အနွေးဓာတ်မရ၊ မီးမရ။ ရေပိုက်တွေထဲက ရေတွေလဲ အကုန်ခဲကုန်လို့ ရေလဲမရ။ အိမ်သာတွေလဲ သုံးမရ။

မြို့တော်ဝန်က မြို့ကို အရေးပေါ် အခြေအနေ ကြေညာပြီး၊ အကူအညီ တောင်းရတဲ့အထိပဲ။ အသက်ကြီးတဲ့ လူအို ဒုက္ခိတတွေ ၂ ယောက်သေတယ်။ သစ်ပင်ပြတ်ကျပြီး အိမ်ပေါ်ပိလို့ဆိုလား၊ ၁၄ ယောက် ဆေးရုံရောက်တယ်။ လေဘေး ရေဘေး လျှင်ဘေးလို နှင်းဘေးဒုက္ခပေါ့။

ကဲ… သည်လိုအချိန်မျိုးမှာ ကျုပ်လူရဲ့ကားသာ လမ်းဘေး ရပ်ထားလို့ကတော့၊ ဘယ့်နှယ်လုပ်ဖော်မလဲ။ ဘယ်သူက လာဖော်ပေးမလဲ။ ကိုယ့်ဒုက္ခနဲ့ကိုယ် ဘယ်သူကမှလဲ လာမကူညီနိုင်ဘူး။ သည်ကာလမျိုးမှာ လူဆိုးသူခိုး မရှိသလို ငွေပေးခိုင်းလို့လဲ လာဖော်ပေးမယ့် အလုပ်သမား လူကောင်းလဲ မရှိဘူး။ မှန်တယ်။ သူ့ ကြိုတင်တွက်ကိန်းနဲ့သူ။ ကားရုံပူးတွဲပါတဲ့ အိမ်ကို ရှာငှားတာ မှန်တယ်။

ဒါတောင်မှ လက်တွေ့ကျတော့ ကျုပ်လူ မသက်သာရှာပါဘူး။ ကားရုံထဲကနေ တာလမ်းမရောက်တဲ့အထိ ကားမောင်းထွက်ဖို့က ဝါးတရိုက်သာသာလောက်တော့ နှင်းရှင်းရအုံးမှာပဲ။

ခက်တာက ရေပိုက်နဲ့ ဖျော်ပစ်လို့ကလဲ မရဘူး။ အောက်ပိုင်း ရေခဲက ကြာတော့ ကျောက်ဖြစ်နေပြီ။ ဆားခဲတွေနဲ့ ပက်ဖြူးပြီး တော်တော်ကြာ စောင့်နေမှ ပျော်မယ်။ ဒါပေမယ့် ပိုက်ဆံတတ်နိုင်ရင် တော့လဲ လူထိုင်ပြီး တက်မောင်းလို့ရတဲ့ နှင်းခုတ်စက်ကလေးတွေ အချိန်မရွေး ဝယ်လို့ရပါတယ်။ စစ်မြေပြင်မှာ ကတုတ်ကျင်းတူးသလို မြောင်းလိုက်တူးပြီး လမ်းလုပ်လို့ ရတာပေါ့။ ဒါပေမယ့် ပြဿနာက

PDF by www.mmnetlibrary.com



အဲသည်စက်ကလေးပေါ် ကျုပ်လူ တက်ထိုင်လို့ မရဘူး။ ကျိုးသွားမှာပေါ့။

အဲ သည်တော့ သူလဲ ဆားတွေနဲ့ ပက်လိုက်၊ ဂေါ်ပြားနဲ့ ကော်ပြီး ဘေးပုံလိုက်နဲ့ တနာရီသာသာလောက်တော့ ချွေးပြိုက်ပြိုက်ကျအောင် လုပ်ရတာပေါ့။ ကျုပ်မနက် အိပ်ရာက ထ၊ မျက်နှာသစ်၊ breakfast စားနေပြီဆိုရင် ကျုပ် ပြတင်းပေါက်က လှမ်းမြင်နေရတာပဲ။

အဲ··· ဆယ်ခါ့ရာမှ တခါ ··· သူ ဂေါ်ထိုးနေတဲ့အခိုက်နဲ့··· ရှေ့ကတ္တရာလမ်းမကို ဆိုင်ရာတွေကကျွဲရိုင်းစက်ကြီးတွေ ကြိုးကြာမြေကော်စက်ကြီးတွေနဲ့ လာရှင်းနေခိုက်··· ကြုံကြိုက်လိုက်ရင်တော့ တချက် လှည့်လုပ်ပေးလိုက်ရင်ပဲ ကျုပ်လူ အများကြီး သက်သာသွားတာပေါ့။ ဒါပေမယ့် ဆိုင်ရာစည်ပင်က ယန္တရားတပ်ဖွဲ့တို့၊ မီးသတ်တပ်ဖွဲ့တို့၊ ပုဂ္ဂလိက စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်တွေဆိုတာက အသွားအလာရှင်းတဲ့ သန့်ကောင်ကျော် လင်းအားကြီးပိုင်းမှ လုပ်ကြတာ။ အေး ကျုပ်လူကလဲ မိုးမလင်းခင် ထလုပ်နေရင်တော့ ကြုံနိုင်တာပေါ့လေ။

ကျုပ်လူကလဲ ဘယ်မှာ ဘာလုပ်တယ်သာ မသိရတာ မဟုတ်ဘူး။ အလုပ်ချိန်တွေကလဲ မမှန်ဘူး။ တခါတလေ ကျုပ်က မီးဖိုခန်းထဲ မရောက်သေးဘူး။ သူ ထွက်တဲ့ ကားသံ ကြားရပြီ။ တခါတလေ ကျုပ်က ထမင်းစားပြီးလို့ tv ထိုင်ကြည့်နေပြီ။ အဲသည်တော့မှ သူ ပြန်လာတဲ့ ကားမီးရောင် ပြတင်းပေါက် လာထင်တာကို မြင်ရတယ်။ သေချာတာကတော့ နေ့တာတိုလို့လား မသိ။ ဆောင်းတွင်းဆိုရင်တော့ ညမှောင်မှ၊ မီးထွန်းချိန်ရောက်မှချည့် သူ အိမ်ပြန်ရောက်တတ်တယ်။

အင်း··· အချိန်ပိုတွေသာ လုပ်နေရလို့ကတော့၊ တပတ်ကို အလုပ်ချိန် အနည်းဆုံး နာရီ ၆၀ ရှိနိုင်တယ်။ သူ့ ဥပဓိရုပ်အရ၊ သူ့ ဝတ်ပုံစားပုံ အရ၊ သူတို့လို ကော်လာဖြူ လူတန်းစား၊ စပွဲထိုင် အလုပ်





သမားတွေ ရကြလေ့ရှိတဲ့ အနည်းဆုံးနှုန်း တနာရီ ၁၄ ဒေါ်လာနဲ့ပဲ တွက်ကြည့်အုံး။ အခွန်အကောက် အမျိုးမျိုး နုတ်ပြီး၊ အာမခံကြေးငွေ၊ ကျန်းမာရေးအာမခံတွေနုတ်ပြီး၊ တပတ်တွက်လုပ်ခ ဝင်ငွေ ၇၀၀ လောက် ရနိုင်တယ်။ တနှစ်ဝင်ငွေ ၃ သောင်း ၇ ထောင် ၈ ရာ ရှိနိုင်တယ်။

ဖြစ်နိုင်တယ်။ သည်ဝင်ငွေမျိုးနဲ့မို့ ကိုယ့်ခြံကိုယ့်ဝင်းနဲ့ ကားရုံ တွဲရက်ပါတဲ့ တထပ်အိမ်ကလေးကို ငှားနေနိုင်တာပေါ့။ ကျုပ်နေတဲ့ အိမ်နဲ့ကတော့ ဘာမှမဆိုင်ဘူး။ ကျုပ်က နှစ်ထပ်အိမ်။ အိပ်ခန်းကလည်း သူ့လို နှစ်ခန်း မဟုတ်ဘူး၊ တခန်းတည်း။ ကျုပ်က အပေါ်ထပ်မှာ နေတယ်။ အောက်ထပ်မှာက အငြိမ်းစား ကျောင်းဆရာ နေတယ်။

သူက သူ့အိမ်နောက်ဖေးမှာ ပါတီတွေဘာတွေ လုပ်ချင်ရင် လုပ်နိုင်တဲ့ မြေပိုကွက်လပ်နဲ့ မြက်ခင်းရှိတယ်။ ပိုင်ရှင်က တလတခါ မြက်ခင်း လာပြင်ပေးတယ်။

ကျုပ် အိမ်နောက်ဖေးမှာက နောက်ထပ် နှစ်ထပ်အိမ်ကလေး တလုံး ရှိတယ်။ တယောက်တည်းသမား လူငှားတွေချည့်ပဲ။ ဒါပေမယ့် ရပ်ကွက်က သန့်တော့၊ လူတွေကလဲ သန့်ကြပါတယ်။ ကျုပ်ကိုလဲ အဖိုးအိုတစ်ယောက်တည်း စာရေးဆရာဆိုလို့ ငှားတာရယ်။

ကျုပ်တွက်ရင် လွဲခဲပါတယ်။ ကျုပ်လူရဲ့ အိမ်လခက ၁၂၀၀ တဲ့။ နောက်တော့ သိရတယ်။ လျှပ်စစ်မီတာခတွေ၊ gas မီတာခတွေ၊ ရေမီတာခတွေ၊ အမှိုက်သိမ်းခတွေနဲ့ သူသုံးတဲ့ အိမ်တယ်လီဖုံးခ၊ cell ဖုံးခတွေ သပွရန်ပေါင်း လျှောက်ပေါင်းလိုက်ရင် ၁၇၀၀ လောက်တော့ ရှိမှာပေါ့။ ဘယ် ကျုပ်ရဲ့ အိမ်လခက ၇၀၀ ရယ်။

ဒါတောင်နော်··· ကျုပ် တွက်တဲ့အထဲမှာ သူ့ကိုယ်ပိုင် အသုံးစရိတ်တွေ၊ လူနဲ့ဝက်ရဲ့ စားစရိတ်နဲ့ သန့်ရှင်းရေးစရိတ်တွေ မပါသေးဘူး။ ကျုပ် အဖိုးအိုရဲ့ အသုံးစရိတ်က ဘာရှိမှာလဲ။

PDF by www.mmnetlibrary.com



သည်အထဲ သက်ကြီးလျှော့ဈေး senior discount တွေက ရသေးတယ်။ အများကြီး ကွာတယ်။ စားကြတာချင်းကလဲ အများကြီး ကွာလိမ့်မယ်။ ကြည့်သာ ကြည့်တော့လေ။ ကျုပ်လူကသာ အဲသည်လို မတန်တဆ ဝနေတာ မဟုတ်ဘူး။ သူ့ဝက်ကလဲ နွေရာသီရောက်လို့ နောက်ဖေးမြက်ခင်းမှာ ထွက်ဆော့ကြမှ သိရတယ်။ ဗိုက်က မြေကြီး ရှပ်တိုက်နေပြီ။

ဝက်ဆိုတဲ့ သတ္တဝါရဲ့ စရိုက်သဘာဝလဲ ကြားဖူးတယ် မဟုတ်လား။ စားခွက်ထဲမှာသာ အစာရှိနေလို့ကတော့ မနားပဲ မအိပ်ပဲ အစားနဲ့ ပါးစပ် မပြတ်တမ်း စားနေဝါးနေတတ်တဲ့ အမျိုးလေ…။

ကျုပ်တို့ တိုင်းပြည်မှာတော့ သည်လို တနိုင်တပိုင် ဝက်မွေးတဲ့ လူတချို့ကို တွေ့ဖူးပါရဲ့။ အရပ်ထဲက အိမ်နီးနားချင်းတွေကို သောက်ရေ အိုးပောင်းတွေ တအိမ်တအိုး လိုက်ပို့ထားပြီး၊ ထမင်းရည်တို့ ထမင်းကျန် ဟင်းကျန်တို့ ဟင်းသီးဟင်းရွက် အမှိုက်တို့ကို စုထည့်ထားပေးဖို့ တောင်းတာပဲ။

ပြီးတော့ နီးရာဈေးတွေထဲသွား အမှိုက်ပုံမှာ ပစ်ထားသမျှ ဟင်းသီးဟင်းရွက်တွေထဲက ကောင်းတာကလေးတွေ ရွေးယူ။ အဲဒါတွေ အားလုံးကို ရောမွှေ။ ဖွဲနုကလေး နည်းနည်းထပ်ဖြူးပြီး သစ်သားဇလား ခွက်ထဲ ညနေတိုင်း ထည့်ကျွေးကြတာပဲ။ တနပ်ပဲ။ သူ့လို တကူးတက ဝက်ကို အစာမှာ ဝယ်ကျွေးတာမျိုး မတွေ့ဖူး မကြားဖူးပေါင်။ အစာ ရောင်းတဲ့ ကုမ္ပဏီကလဲ အချိန်မှန်တယ်။

ကျုပ်တို့ဆီက နို့ကုလားတွေ နွားနို့ထည့်တဲ့ အလုံပိတ် ပုံးကြီးတွေနဲ့ ညနေ ၄ နာရီလောက်ဆို ရောက်လာပြီ။ ပြောင်လက် သန့်ရှင်းနေတဲ့ သွပ်ပုံးကြီး ၂ လုံး သူ့တံခါးဝ လာချပြီး ပုံးဟောင်းတွေ သိမ်းသွားတာပဲ။





သည်နိုင်ငံမှာက ကျုပ်တို့ဆီမှာလို အပုပ်အသိုး အကျန် အကြွင်းတွေ ကျွေးလို့ကတော့၊ ပြီး မဝတဝကျွေးလို့ကတော့၊ ပြီး အိမ် ထဲမှာလဲ သန့်သန့်ရှင်းရှင်း မထားလို့ကတော့၊ ပြီး တိမွေးကုဆရာဝန်နဲ့ ဆေးခန်းနဲ့ ပုံမှန်ဆေးစစ်လား ကာကွယ်ဆေးထိုးလား မလုပ်လို့ ကတော့… ဆေးစစ်ကြောင်းလက်မှတ် မပြနိုင်လို့ကတော့ အိမ်ရှင်ကလဲ လက်မခံဘူး။ ဆိုင်ရာတွေကလဲ တရားစွဲမယ်။ တိရစ္ဆာန်လဲ စောင့် ရှောက်ရေးဌာနက သိမ်းမယ်။ လူလဲ အချုပ်ခန်းထဲ ရောက်နိုင်တယ်။

သည်မှာက ASPCAဆိုတဲ့ အမေရိကန် တိရစ္ဆာန် ညှဉ်းပန်းမှု ကာကွယ်ရေးလဲ ရှိသလို တိရစ္ဆာန်ထိန်းသိမ်းရေး animal control တို့၊ တိရစ္ဆာန်ကယ်ဆယ်ရေး animal rescue တို့ဆိုတဲ့ မူခင်းရဲတပ်ဖွဲ့ တွေလဲ ရှိတယ်။ ချစ်တယ်ဆိုပြီး ခွေးတို့ ကြောင်တို့ မွေးရတာတောင် မလွယ်ဘူး။ သူတို့ ရဲတပ်ဖွဲ့တွေကလဲ မူခင်းရဲတို့လို လက်နက်ကိုင်တွေ၊ ရဲကားတွေနဲ့ပဲ။ ကောင်းကောင်းဖမ်းတာ အရေးယူတာပေါ့။

ဗုဒ္ဓဘာသာ လာအိုဘုန်းကြီးကျောင်းမှာ ဘေးမဲ့လာလွှတ်တဲ့ ကြောင်မကြီးနဲ့ သားပေါက် ၄ ကောင်ကို သနားပြီး လက်ခံကျွေးမွေး ထားလိုက်တာ… နောင်အတော်ကြာတော့ အကောင် ၄၀ လောက် ဖြစ်လာသတဲ့။ ဘုန်းကြီးကတော့ ကျုပ်တို့ ပြည်တွင်းမှာ မွေးသလို ကျွေးပဲ ထားလိုက်တာပေါ့။ အဲဒါကို တစုံတယောက်က လှမ်းတိုင် လိုက်တာ ဘုန်းကြီး အရေးယူခံရတယ်။ ကြောင်တွေလဲ သိမ်းသွား တယ်။ ရုံးကလဲ ဘုန်းကြီးကို ဒဏ်ရိုက်တယ်။ ပတ်ဝန်းကျင်ကို ရောဂါ ပြန့်ပွားစေတယ်… တဲ့။ တကောင်ကို ဒဏ်ငွေ နှစ်ရာတဲ့။ ဗုဒ္ဓဘာသာဝင် ဒကာ၊ ဒကာမတွေက ဝိုင်းဆောင်လိုက်ရတာပေါ့။

ဒါပေမယ့် ကျုပ်ရဲ့ အိမ်နီးနားချင်း ပြိတ္တာကောင်လေးကတော့ အဲလိုမျိုး မဟုတ်ပါဘူး။ သူက သူ့ ဝက်ကို ညီအကိုလို သဘော

PDF by www.mmnetlibrary.com



ထားတာပဲ။ ပြီးတော့ တတ်နိုင်တယ်။ အိမ်ထဲမှာ သူက တခန်း၊ သူ့ဝက်က တခန်း နေနေကြတာပဲ။ ညစဉ်ညတိုင်းလိုလိုလဲ သူတို့ ညီအကို ကျူပ် စာရေးရင်း လှမ်းမြင်နေရတဲ့ အိမ်ရှေ့ခန်းထဲမှာ ဘောလုံး ကစား တတ်ကြတယ်။

ဘောလုံးကတော့ tennis ကစားတဲ့ ဘောလုံးအရွယ်ပဲ။ တနာရီလောက်ကြာ ကစားကြပြီးမှ ရေချိုးကြ၊ ထမင်းစားကြ ထင်ပါရဲ့။ ပြီး မီးမှိတ်အိပ်ကြတာပဲ။ လူကတော့ စားပြီး အိပ်မှာပေါ့။ ဝက် ကတော့ သိတယ် မဟုတ်လား။ တညလုံး တအွတ်အွတ် တရှူးရှူးနဲ့ စားနေသံ ကြားရတာပဲ။

ကြည့်ရတာတော့ နေ့ဘက် တနေကုန် ကျူပ်လူ အလုပ် သွားနေတုန်း အစာမကျွေးပဲ တံခါးပိတ်ထားခဲ့တယ်ထင်တယ်။ အစာပုံး တွေလဲ အပြင်ထုတ်ထားခဲ့ပြီလေ။ ပြီး သူပြန်လာမှ သူ့အတွက် စားစရာ လုပ်မယ်။ ဝက်စာခွက် ဆေးမယ်ပေါ့။ ကြာတော့လဲ သခင်ပြန်လာ မှ··· ကစားရမယ်၊ ရေချိုး သန့်ရှင်းရမယ်၊ စားရမယ် ဆိုတဲ့ နေ့စဉ် အချိန်ဇယားကို သူ့ဝက် ကောင်းကောင်းသိပြီပေါ့။

အဲ··· နှင်းပျောက်တဲ့ ရာသီ ရောက်ပြီဆိုရင်တော့ သူ့ နောက်ဖေးဘက်က မြက်ခင်းပြင်မှာ ကြီးလတ်ငယ် ဘောလုံး ၃ လုံး လိမ့်နေကြတာ ကျူပ်မြင်ရပြီ။ ၂ ပေလောက်ကျယ်ပြီး၊ ၁ ပေလောက် မြင့်တဲ့ ဂိုးတိုင်ပေါက်ကလေးတွေ တဖက်တချက်နေရာချလို့။ လူကတော့ ခြေထောက်နဲ့ တို့ပြီး ကန်တာပေါ့။ ဝက်ကတော့ နှုတ်သီးနဲ့ ထိုးလိုက် ကလော်လိုက်ပေါ့။ သူ့ဖက်ကိုယ့်ဘက် ဂိုးပေါက်ထဲဝင်အောင် လုသွင်း ကြတာပဲ။

ဘယ်လို ဘယ်လောက်ထိ လေ့ကျင့်ထားတယ်တော့ မသိဘူး။ ဝက်ကလဲ လည်လှပြီ။ ရယ်ရတာက သူ နှုတ်သီးနဲ့ ထိုးလိုက်လို့





ဂိုးပေါက်ထဲ ဘောလုံးဝင်သွားပြီဆိုရင် ဘောလုံးကို လှည့်မကြည့် တော့ပဲ ကွင်းလယ်ပြန်သွားသဗျ။ ပြီး ပျော်တဲ့ပုံနဲ့ မြက်ခင်းပေါ် လှဲချပြီး လူးတော့တာပဲ။ အာဂကောင်။ သူ နိုင်ပြီပေါ့လေ။ အဲသည်အခါကျရင် ကျူပ်လူက ဘာလဲ မသိဘူး။ သူ ဘောင်းဘီခါးရှုံ့အိတ်ထဲက အစာတုံး ကလေးတွေ ဝက်ပါးစပ်ထဲ ခွံ့ကျွေးလိုက်တယ်။ ဆုလာဘ် သဘောမျိုး နေမှာပေါ့။

ပြောရအုံးမယ်။ သည်နိုင်ငံမှာက pet show လို့ ဆိုတဲ့ ကြောင်တွေ၊ ခွေးတွေကို အမျိုးအစားအလိုက် အလှပြပွဲတို့၊ အလှပြိုင်ပွဲ တို့လဲ ရှိတယ်။

ရေခဲသေတ္တာကို ဆွဲဖွင့်ပြီး အထဲက စားစရာကို ယူစားတတ် တဲ့ ခွေးသူခိုးတို့၊ ထောင်လှေကားကို တထစ်ချင်းတက်ပြီး ကြိုးတန်း လျှောက်ပြတတ်တဲ့ ကြောင်တို့၊ သစ်ပင်တွေပေါ်က ငှက်သိုက်တွေကို လိုက်ရှာပြီး ဥတွေကို ဖောက်စားတတ်တဲ့ ရှဉ့်ယုတ်မာတို့၊ သစ်ကြားသီး တို့ သစ်အယ်သီးတို့ကို ချီယူလာပြီး ဓာတ်ကြိုးပေါ်ကနေ လမ်းလယ် ကောင်ချ ကားက တက်ကြိတ်သွားမှ လမ်းပေါ်ဆင်း၊ အထဲက အဆံကို စားတတ်တဲ့ ကျီးကန်းလည်တို့လို တိရစ္ဆာန်တွေကို video ရိုက်ထားပြီး ပြတဲ့ pet star နာမည်ပေးထားတဲ့ တိရစ္ဆာန်လိမ္မာ ပြပွဲတွေလဲ ရှိတယ်။

နောက် ဖျံက မတ်တတ်ရပ်ရက် လျှောက်လှမ်းရင်း ပင်ပေါင် ဘောလုံးကို အောက်မကျအောင် နှုတ်သီးနဲ့ ထိန်းသွားတာတို့၊ ဖြူနီဝါပြာ ပလပ်စတစ်ပန်းကန်ပြား ၄ ချပ်ထပ်ထားတဲ့ အထဲက ပရိသတ်ကြိုက်ရာ တချပ်ကို အရောင်ပြောပြယူခိုင်းတာနဲ့ ရွေးယူလာနိုင်တဲ့ ခွေးတို့··· မျိုးတွေကို ပြတဲ့ပြိုင်တဲ့ pet athlete တိရစ္ဆာန်အားကစားပွဲတွေလဲ ရှိတယ်။

ပြီး k9 တို့လို လေ့ကျင့်ထားတဲ့ ရဲခွေးစစ်ခွေးတွေလဲ မဟုတ်ပဲ မြေကြီးထဲအောင်းနေတဲ့ ကြွက်ကို အနံ့ခံပြီး မြေကြီးရက်ထုတ် ဖမ်းနိုင်တဲ့

PDF by www.mmnetlibrary.com



ခွေးတို့လို…အိမ်ထဲဝင်လာပြီး လျှောက်ပျံနေတဲ့ စာကလေးကို ကြမ်းပြင်ပေါ်ကနေ ချိန်ပြီး ခုန်ဖမ်းနိုင်တဲ့ ကြောင်တို့လို အိမ်မွေးတိရစ္ဆာန်တွေကိုလဲ pet cap ဆိုပြီး ပြိုင်ပွဲ ပြပွဲတွေ လုပ်တယ်။

သည်နိုင်ငံမှာက တိရစ္ဆာန် ချစ်တတ်ကြတဲ့ လူတွေကလဲများ၊ မွေးကြတဲ့ လူတွေကလဲ သန်းပေါင်းများစွာရှိကြတော့… ပြည်နယ်တိုင်းမှာ၊ မြို့ကြီးပြကြီးတိုင်းမှာ… သည်လိုပြပွဲပြိုင်ပွဲတွေက ကြံုရင်ကြံုသလို လုပ်နေကြတာပဲ။

ကျုပ်လူကလဲ မဆိုးဘူး။ ကျုပ်တို့ မြို့ကနေ ကားနဲ့ ၉ နာရီလောက် မောင်းရတဲ့ TL ပြည်နယ်က chicago ကို… သူနဲ့ သူ့ဝက်သွားပြိုင်ပွဲဝင်သတဲ့လေ…။ ကျုပ်လူက ဂိုးသွင်းလိုက်တော့၊ ကျုပ်လူက မြေလူးပြီး၊ ဝက်က လှည့်မကြည့်ဘူး… တဲ့။ အဲ… ဝက်က ဂိုးပြန်သွင်းလိုက်တော့ ဝက်က မြေလူးသတဲ့။ ဒါဘာဆန်းသလဲ မပြောနဲ့။ ပရိသတ်က အဲဒါကို သိပ်သဘောကျကြပြီး… နောက်ဆုံး ပရိသတ်က မဲပေးလိုက်ကြတာပဲ။ ဒါနဲ့ ကျုပ်လူ ညီအကိုလဲ ပထမဆုတဲ့။ ဒေါ်လာနှစ်သောင်းခွဲ ရလာကြတယ်။

မသိပါဘူး။ နောက်တပတ် တနင်္ဂနွေကျတော့ အိမ်နီးနားချင်းတွေကို ဖိတ်ပြီး သူ့ အိမ်နောက်ဖေးက မြက်ခင်းမှာ ဧည့်ခံတယ်။ ကြီးကြီးကျယ်ကျယ် ကျွေးတာမွေးတာ မဟုတ်ပါဘူး။ beer နဲ့ အသားစုံ barbecue ပါပဲ။ အရပ်နဲ့လဲ မိတ်ဆက် ကြွားတာပေါ့လေ။ သူ့နာမည်က bob တဲ့။ သူ့ ဝက်မကြီးရဲ့ နာမည်ကတော့ barbara တဲ့။

❖ ❖ ❖

PDF by www.mmnetlibrary.com

မောင်သာနိုး

အသည်းညွန့်မှာ ကွန့်မြူးသည့်

လိပ်ပြာ

နှင့်

ဝတ္ထုတို (၃) ပုဒ်

သည်စာအုပ်ထဲမှာပါတဲ့ ဝတ္ထုမျိုး ကျွန်တော်တစ်ခါမှ မရေးခဲ့ဖူးပါဘူး။
ဗမာဝတ္ထုစာပေသမိုင်းမှာလဲ .... ဦးပုည အစ၊ သိန်းဖေမြင့် အလယ်၊
သည်ကနေ့ ကလောင်ငယ်တွေအဆုံး ....
ဘယ်ခေတ်ကာလ ဘယ်ဝတ္ထုရေးဆရာမှ ရေးခဲ့ကြတာ မတွေ့မိဖူးပါဘူး။
ဆိုလိုတာက ... ဗမာ့ရေမြေ လောကသဘာဝကိုလဲ
နောက်ခံမပြု၊ ဗမာ့ဇာတ်ရုပ်ဇာတ်ဆောင်တွေရဲ့ ပြောဆိုလှုပ်ရှား
လှုသဘာဝတွေလဲ မပါဝင်၊ ဗမာ့လူနေမှု ဓလေ့စရိုက်တွေနဲ့ လုံးဝသန့်ကျင်ခြားနားတဲ့ ....
အရေးအဖွဲ့မျိုးကို ပြောတာပါ။

မောင်သာနိုး

အသည်းညွန့်မှာ ကွန့်မြူးသည့်

လိပ်ပြာ

နှင့်

ဝတ္ထုတို (၃) ပုဒ်